ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday 18 March 2018 ၄၂၃၂


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆစ်ဒနီမြို့သို့ ရောက်ရှိ

## သြစတြေးလျဓနသဟာယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်အတူ လက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်

ဆစ်ဒနီ မတ် ၁၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးတက်ရောက်ရန်နှင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် မတ် ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ သြစတြေးလျဓနသဟာယနိုင်ငံသို့ ထွက်ခွာကြပြီး ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သြစတြေးလျဓနသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ New Colombo Plan afternoon tea အခမ်းအနားသို့ တက်ရောက်စဉ်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးငွေအောင်နှင့်ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆစ်ဒနီမြို့သို့ရောက်ရှိ**

ထို့နောက်တစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာရာ မတ် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သြစတြေးလျဓနသဟာယနိုင်ငံ ဆစ်ဒနီမြို့ Kingsford အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား သြစတြေးလျဓနသဟာယနိုင်ငံ ပစိဖိတ်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး The Hon Concetta Fierravanti Wells၊ သြစတြေးလျဓနသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျဓနသဟာယနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့


ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းမှုအခမ်းအနား နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် တက်ရောက်


စာ » ၅


ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေ၊ ဂီတ၊ ရုပ်ရှင်အဖွဲ့အစည်းများ၏ ကိစ္စရပ်များကို ပိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိ


စာ » ၃


ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောခရိုင်ရှိ အိုးထိန်း၊ ခုံတိုင်၊ ငန်းချောင်းနှင့် ကြိမ်ချောင်းကျေးရွာများ ကွင်းဆင်းသတင်းရယူ


စာ » ၁၁



KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017

# နော်ဝေနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် တူရကီနိုင်ငံ သံအမတ်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နော်ဝေနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး H. E. Ms. Marianne Hagen **(ယာပုံ)**နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E.MR Keren Divanliglu နှင့် အဖွဲ့တို့အား ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Ms. Marianne Hagenနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီမည့် ကိစ္စများ၊ မိုးကာလနီးပြီဖြစ်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ် စသည့် ထိခိုက်လွယ်အုပ်စုများအတွက် အခက်အခဲကြုံနိုင်သည့်အခြေအနေများ၊ ပြန်လည်လက်ခံရေးလုပ်ငန်း စတင်နိုင်ရေးနှင့် ယင်းလုပ်ငန်းစဉ်တွင် နိုင်ငံတကာ အသိုက်အဝန်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ လုံခြုံရေးနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ကာလသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ရေးကိစ္စ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေး ကော်မတီအနေဖြင့် လွတ်လပ်စွာ သွားလာခွင့်အတွက် နိုင်ငံတွင်းနေထိုင်ကြောင်း အထောက်အထားကတ် (National Verification Card) လုပ်ငန်းဦးစားပေး ဆောင်ရွက်နေမှု၊ NV Card ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ပြည်သူများ သိရှိစေရန် အသိပေးဆောင်ရွက်နေမှုများ၊ လုံခြုံရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများ၊ ကယ်ဆယ်ရေးစခန်း ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စခန်းတာဝန်ခံများ၊ ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများ၊ မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်နေရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ UNHCR နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းမှုအခြေအနေများ၊ UEHRD ပြည်ထောင်စုစီမံကိန်းနှင့် လုပ်ငန်းခွဲ ၁၀ ဖွဲ့ ဖွဲ့စည်းလျက် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ရေရှည်ဖွံ့ဖြိုးရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မိုးကာလ မရောက်မီ ပြန်လည်လက်ခံရေး အတွက် အကောင်းဆုံးကြိုးစား ဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E.MR Keren Divanliglu နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ကိစ္စနှင့် ပြန်လည်လက်ခံရေး ကိစ္စရပ်များတွင် နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



MYANMAR Digital News
Presented by MPE
www.mdn.gov.mm

# ရသေ့တောင်မြို့နယ်၌ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရမည်

**စစ်တွေ မတ် ၁၇**

ရသေ့တောင်မြို့နယ်ကို မတ် ၃၁ ရက်မှစတင်ပြီး မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

"ကျွန်တော်တို့ ရသေ့တောင်မြို့ကို မတ် ၃၁ ရက်မှာ လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးပါမယ်၊ အရင်တုန်းကတော့ မီးစက်နဲ့ပဲ ပေးနေရပါတယ်၊ အဲဒီမှာ ကျွန်တော်တို့ဌာနက လေးနာရီနဲ့ မီးလင်းရေးကော်မတီက တစ်နာရီ စုစုပေါင်း ငါးနာရီ ပေးခဲ့တယ်ဗျ၊ အခုက မဟာဓာတ်အားလိုင်းကနေ ၂၄ နာရီ လျှပ်စစ်မီး ရတော့မှာ ဖြစ်ပါတယ်၊ နောက်ပြီးတော့ ကျေးရွာတွေကိုလည်း မဟာဓာတ်အားလိုင်းက လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ဖို့အတွက် 66/11KV 5MVA မဟာဓာတ်အားလိုင်းခွဲ စက်ရုံတစ်ခုကို ရသေ့တောင်မြို့မှာ တည်ဆောက်ထားပြီး ဖြစ်ပါတယ်၊ ဒါကြောင့် ရသေ့တောင်မြို့ပေါ်နဲ့ အနီးအနားရှိ ကျေးရွာ ၂၆ ရွာကိုလည်း ဧပြီလအတွင်းမှာ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီး ရရှိအောင် ဖြန့်ဖြူးပေးသွားနိုင်မှာ ဖြစ်ပါတယ်"ဟု ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

ရသေ့တောင်မြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီး ရရှိရေးအတွက် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ကျေးရွာ ၁၇ ရွာနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကျေးရွာ ကိုးရွာ ကျေးရွာစုစုပေါင်း ၂၆ ရွာကို ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ နှစ်ကုန်အထိ ကျေးရွာပေါင်း ၁၆၈၉ ရွာကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

ကြေးမုံ

## သဘာဝဘေးနှင့် ပြည်သူလူထု ကျန်းမာရေး

သဘာဝဘေးအန္တရာယ်သည် ရာသီကာလအပေါ် မူတည်၍ အချိန်အခါမရွေး အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်တတ်သည်။ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး စသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုးရှိတတ်ရာ ၎င်းတို့ ဖြစ်ပေါ်ခဲ့ပါက ပြည်သူလူထု ကြုံတွေ့ခံစားရနိုင်သည့် ပြဿနာတို့ကို ကြိုတင်မြော်တွေး၍ အရေးပေါ်စီမံဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်တို့မှာ မိုးသက်မုန်တိုင်းရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်နေသည့် မိုးလေအန္တရာယ်တို့နှင့် ပြီးခဲ့သည့်ကာလမှ ယနေ့အထိ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးအန္တရာယ်တို့ဖြစ်ပြီး ယင်းတို့မှာ ပြည်သူလူထုအတွက် သတိပြုရမည့်အခြေအနေများ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ဟူသည်မှာ မမျှော်မှန်းနိုင်သည့် မလွန်ဆန်နိုင်သော သဘောတရားဖြစ်ပြီး ဖြစ်ပေါ်လာလျှင် အသက်စည်းစိမ်ဥစ္စာနှင့် ပြည်သူလူထုကျန်းမာရေးကို ထိခိုက်မှုအနည်းအများဆိုသလို ဖြစ်တတ်ပါသည်။

ထို့ကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီက ငလျင်ဘေးအန္တရာယ်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေးမှုကို မတ်လ ၁၅ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့ပြီး ငလျင်လှုပ်မှုကြောင့် ပြည်သူလူထု စိုးရိမ်ကြောင့်ကြမှု မဖြစ်စေရေး၊ ငလျင်ဘေးအန္တရာယ်ကျရောက်လာပါက ကျန်းမာရေးလုပ်ငန်းဆောင်တာများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားမှု၊ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင် တည်ဆောက်မှုလုပ်ငန်းများတွင် ဆက်စပ်နှီးနွှယ်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ငလျင်နှင့်ပတ်သက်၍ လူသိများထင်ရှားသော စစ်ကိုင်းငလျင်ပြတ်ရွေ့သည် လူဦးရေ ထူထပ်ပြီး လူနေအဆောက်အအုံများစွာရှိသော ရန်ကုန်၊ ပဲခူး၊ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းစသည့် မြို့ကြီးများအောက်တွင် တည်ရှိသည်။ ထို့ကြောင့် ငလျင်ဘေးအန္တရာယ် မဖြစ်မီ အဆိုပါမြို့ကြီးများနှင့် မြို့နေပြည်သူလူထု ဘေးအန္တရာယ် လျော့ပါးသက်သာစေရေးအတွက် ယခုကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ကြိုဆိုရမည်ဖြစ်ပြီး သက်ဆိုင်သည့်ဘက်မှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

အဆိုပါမြို့ကြီးများတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးအဖွဲ့များနှင့် လျင်မြန်တုံ့ပြန် ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းများ ဖွဲ့စည်း၍ အသင့်အနေအထား ပြင်ဆင်ထားရှိရန်၊ နှီးနွှယ်ဌာနဆိုင်ရာများနှင့် အရင်းအမြစ်များကို မျှဝေအသုံးပြုရန်၊ အရေးပေါ်လူနာများ လွှဲပြောင်းပို့ဆောင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ "လူနာတင်ယာဉ်ကွန်ရက်" တစ်ခု ထူထောင်သွားရန်၊ "ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့" တစ်ခုကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းရန်နှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် လိုအပ်ချက်များဖြည့်ဆည်း၍ ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ရန်ကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ထိုကဲ့သို့ သဘာဝဘေးအရေးပေါ်ကိစ္စများအား တုံ့ပြန်ဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းသည် ပြည်သူလူထုအကျိုးစီးပွားကို ဦးစားပေးအလေးထားခြင်းဖြစ်သလို မွန်မြတ်သော လူမှုပရဟိတလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ရာလည်း ရောက်ပါသည်။ ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်သာမက အခြားသော အရေးပေါ်အခြေအနေများနှင့် ကြုံကြိုက်လာသောအခါတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်နေသော ပြည်သူလူထုမှ ၂၄ နာရီ ဆက်သွယ်နိုင်ရန် အရေးပေါ်တယ်လီဖုန်းနံပါတ်တစ်ခုကို ထားရှိပေးခြင်းမှာ ကောင်းမွန်ပေသည်။

သို့ဖြစ်ရာ ဤသို့ဆောင်ရွက်ပေးမှုများသည် ငွေကြေးကြွယ်ဝခြင်းကြောင့် မဟုတ်သော်လည်း မေတ္တာ၊ ကရုဏာအရင်းခံသော မွန်မြတ်သော စေတနာဖြင့် ပြည်သူလူထုဘေးဒုက္ခကျရောက်ချိန်တွင် အလျင်အမြန် ကယ်တင် ကူညီစောင့်ရှောက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း။ ။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily




**ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Intercontinental Hotel သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် International Convention Centre သို့ရောက်ရှိပြီး ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် New Colombo Plan afternoon tea အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Counter – Terrorism Conference ပိတ်ပွဲအခမ်းအနားနှင့် Ceremony of MOU on Counter – Terrorism လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi နှင့် ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး The Hon Julie Bishop တို့က Memorandum of Understanding on Counter – Terrorism ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသ စံတော်ချိန် ည ၇ နာရီတွင် ဩစတြေးလျနေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရ အဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့ Kingsford အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

# ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေ၊ ဂီတ၊ ရုပ်ရှင် အဖွဲ့အစည်းများ၏ ကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိ

**ရန်ကုန် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ အလုပ်အမှုဆောင်အဖွဲ့ အသစ်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြီးခဲ့သည့်နှစ်က ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို တစ်နိုင်ငံလုံးလှည့်လည်ကျင်းပရာ ဂီတအစည်းအရုံးဝင်များက ကူညီပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေ၊ ဂီတ၊ ရုပ်ရှင် စသည့်အဖွဲ့အစည်းများ၏ ကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်း၊ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်သည်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ကိုင်ရာတွင် အထောက်အကူပြုမည့် အကြောင်းအရာများကို ဆွေးနွေးကြစေလိုပါကြောင်း၊ လုပ်ကိုင်ဆောင်ရွက်ပေးရန် ရှိသည်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးရာတွင် တိတိကျကျ ပွင့်ပွင့်လင်းလင်းပြောဆိုနိုင်



ပါကြောင်း၊ မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် သဘောထားပြီး ရင်းနှီးပွင့်လင်းစွာ ထောက်ပြဝေဖန်အကြံပြုနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အထွေထွေ အတွင်းရေးမှူး ဦးဇော်ထူးအောင်က အနုပညာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်ကိစ္စများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်ထူးက တေးဂီတ အနုပညာများ အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများနှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ)၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဌာနတိုးတက်ကောင်းမွန်ရေးအတွက် ခေတ်မီနည်းပညာရပ်များနှင့် ပိုပြီးစိတ်ဝင်စားဖွယ်ကောင်းသည့် အစီအစဉ်များ တင်ဆက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန်နှင့် မိမိတို့၏ အတွေ့အကြုံများ၊ အမြင်များ၊ စိတ်ကူးစိတ်သန်းများနှင့် အကြံဉာဏ်များပေးပြီး လုပ်ငန်းအခက်အခဲများကိုလည်း တင်ပြဆွေးနွေးကြစေလိုကြောင်း၊ တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ယခင်တွေ့ဆုံပွဲမှ ဆွေးနွေးတင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ဆလိုဗက်ကီးယားနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပေးရန် ပြည်သူများ တောင်းဆို

**ဘရာတစ်ဆလီးဗား မတ် ၁၇**

ဆလိုဗက်ကီးယားနိုင်ငံတွင် သတင်းထောက်တစ်ဦးနှင့် ၎င်း၏ချစ်သူတို့လုပ်ကြံသတ်ဖြတ်ခြင်းခံရပြီးနောက် အစိုးရအဖွဲ့အား ဆန့်ကျင်ကာ ရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးရန် တောင်းဆိုကြသည့် ပြည်သူ ၅၀၀၀၀ ကျော်သည် ဆလိုဗက်ကီးယားနိုင်ငံတစ်ဝန်းရှိ လမ်းမများပေါ်သို့ ထွက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

လွန်ခဲ့သောလအတွင်းက အသက် (၂၇) နှစ်အရွယ် သတင်းထောက် ဂျန်ကူဆီယက်နှင့် ၎င်း၏ချစ်သူ မာတီနာ ကူနီရိုဗာ တို့အား ၎င်းတို့နေအိမ်တွင် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ သတင်းထောက် ဂျန်ကူဆီယက်သည် ဆလိုဗက်ကီးယားအစိုးရအဖွဲ့နှင့် အီတလီမာဖီးယားဂိုဏ်းတို့အကြား ပူးပေါင်းလိမ်လည်ရန် လျှို့ဝှက်ကြံစည်ထားမှုများကို စုံစမ်းထောက်လှမ်းကာ သတင်းရယူရန် ကြိုးစားခဲ့သည်။

ဝန်ကြီးချုပ် ရောဘတ် ဖီကိုသည် ပြည်သူများ ဆန္ဒထုတ်ဖော်မှုများ စတင်လုပ်ဆောင်ခဲ့ခြင်းကြောင့် မတ် ၁၅ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ သို့သော် ပြည်သူများက နိုင်ငံအတွင်း ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးရန် ဆက်လက်တောင်းဆိုလျက်ရှိသည်။

ရွေးကောက်ပွဲပြီးနောက် ထွက်ပေါ်လာမည့် ဝန်ကြီးချုပ်အသစ်သည်လည်း ယခင်ဝန်ကြီးချုပ်များကဲ့သို့ ကြိုးဆွဲရာကရမည်သာဖြစ်ကြောင်းနှင့် အစိုးရအဖွဲ့တစ်ခုလုံးအား ပြန်လည်စိစစ်ခန့်အပ်သွားရန် လိုအပ်သည်ဟု ဆန္ဒထုတ်ဖော်သူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ခြင်းဖြင့်သာ ပြည်သူများအလိုရှိသည့် နိုင်ငံရေးအပြောင်းအလဲကို ရရှိနိုင်မည်သာဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူ အမျိုးသမီးတစ်ဦးက ဆိုသည်။

၁၉၈၉ ခုနှစ်မှစပြီး ဆလိုဗက်ကီးယားနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ဆန္ဒထုတ်ဖော်မှုများအနက် ယခုဆန္ဒထုတ်ဖော်မှုသည် အကြီးမားဆုံးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**






# မေ ၁၂ ရက်တွင် အီဂျစ်လေကြောင်းမှ လေယာဉ်များ ကိုင်ရို - မော်စကိုတိုက်ရိုက်ပျံသန်းမှု ပြန်လည်ပြုလုပ်မည်

**ကိုင်ရို မတ် ၁၇**

အီဂျစ်နိုင်ငံမှ ဦးဆောင်လေကြောင်းကုမ္ပဏီဖြစ်သည့် အီဂျစ်အဲလေကြောင်းမှ လေယာဉ်များသည် မေ ၁၂ ရက်တွင် အီဂျစ်နိုင်ငံမြို့တော်ကိုင်ရိုမှ ရုရှားနိုင်ငံမြို့တော် မော်စကိုသို့ တိုက်ရိုက်ပျံသန်းမှုများပြန်လည်ပြုလုပ်မည်ဟု အဆိုပါလေကြောင်းလိုင်းမှ မတ် ၁၆ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ကိုင်ရို-မော်စကို တိုက်ရိုက်လေကြောင်းပျံသန်းမှုကို နှစ်နှစ်ကျော်အကြာ ရပ်ဆိုင်းခဲ့ပြီးနောက် ယင်းသို့ လေကြောင်း ပျံသန်းမှုများ ပြန်လည်ပြုလုပ်မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

အီဂျစ်လေကြောင်းမှ ကိုင်ရို-မော်စကိုတိုက်ရိုက်လေကြောင်း ပျံသန်းမှုများကို ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ပျံသန်းသွားမည်ဖြစ်သည်။ ပျံသန်းမည့်ရက်များမှာ တနင်္လာ၊ အင်္ဂါနှင့် ကြာသပတေးနေ့များဖြစ်ကြောင်း အီဂျစ်အဲလေကြောင်းလိုင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည့် ဆော့ဖ်ဝက်မူဆလမ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

မြို့တော်မော်စကိုနှင့် မြို့တော်ကိုင်ရိုအကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုများကို ဧပြီ ၁၁ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း ရုရှားအေရိုဖလုတ်လေကြောင်းလိုင်းက ကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး တစ်ရက်ခန့်အကြာတွင် အီဂျစ်အဲလေကြောင်းလိုင်းက အထက်ပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်က အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့လေဆိပ်မှ ရုရှားနိုင်ငံ စိန့်ပီတာစဘက်မြို့သို့ ဦးတည်ပျံသန်းသည့် ရုရှားလေကြောင်းလိုင်းမှ အဲဘတ်စ် အေ-၃၂၁ အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်း ဆိုင်းနိုင်းကျွန်းဆွယ်ပေါ်တွင် ပျက်ကျခဲ့ပြီးနောက် ရုရှားနှင့် အီဂျစ်နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှုများ ရပ်ဆိုင်းထားခဲ့သည်။ အဆိုပါ လေယာဉ်ပျက်ကျမှုတွင် လေယာဉ်ပေါ်ပါ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၂၂၄ ဦးစလုံး သေဆုံးခဲ့ရသည်။

အဆိုပါလေယာဉ်ပျက်ကျစဉ်ကပင် ရုရှားနိုင်ငံက ၎င်းပိုင်လေကြောင်းလိုင်းမှ လေယာဉ်သည် အကြမ်းဖက်သမားများ၏ ဗုံးထောင် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် အီဂျစ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိစဉ်အတွင်း ရုရှားနိုင်ငံအနေဖြင့် အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုနှင့် မော်စကိုမြို့အကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုများ ပြန်လည်စတင်ရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။ ရုရှားဖယ်ဒရယ်လုံခြုံရေး အဖွဲ့အစည်းများ၏ ညွှန်ပြချက်များအရ ရုရှားနိုင်ငံအနေဖြင့် အီဂျစ်နိုင်ငံနှင့် လေကြောင်းပျံသန်းမှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ပြီဟု အစီရင်ခံခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်မြောက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ သေဆုံးသူ ၁၀ ဦးထိ ရှိလာ

**မနီလာ မတ် ၁၇**

လူခြောက်ဦးလိုက်ပါနိုင်သည့် လေယာဉ်ငယ်တစ်စင်းသည် မတ် ၁၇ ရက်တွင် နိုင်ငံမြောက်ပိုင်းရှိ လူနေအိမ်တစ်အိမ်အတွင်းသို့ ပျက်ကျခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

အင်ဂျင်နှစ်လုံးတပ် ပိုက်ပါပီအေ-၂၃ အမျိုးအစား လူခြောက်ဦးလိုက်ပါစီးနင်းနိုင်သည့် လေယာဉ်ငယ်တွင် စီးနင်းလိုက်ပါလာသူငါးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းလေယာဉ်ပျက်ကျမှုကြောင့် အခြားသေဆုံးရသူ ငါးဦးရှိပြီး ၎င်းတို့အထဲတွင် သုံးဦးမှာ နေအိမ်အတွင်း၌ ရှိနေသည့် ကလေးငယ်သုံးဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသွားသူ ၁၀ ဦးစလုံး၏ ရုပ်အလောင်းများကို အပျက်အစီးများကြားမှ ပြန်ထုတ်ယူခဲ့ပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါလေယာဉ်၏ တောင်ပံတစ်ဖက်သည် အမြင့်ပေ ၄၀ ရှိ ဓာတ်အားတိုင်တစ်ခုနှင့် တိုက်မိသွားပြီးမှ လေယာဉ်ပျက်ကျကာ နေအိမ်တစ်ခုအတွင်းသို့ ထိုးစင်းကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏အဓိကကျွန်းမကြီးဖြစ်သည့် လူဇုံကျွန်းမြောက်ပိုင်းရှိ လိုကော့စ်နော်တေးပြည်နယ် လောင်အက်မြို့သို့ စင်းလုံးငှားခရီးစဉ်အဖြစ် ပျံသန်းလာသည့် အဆိုပါလေယာဉ်သည် မတ် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မတော်တဆမှု ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ဖိလစ်ပိုင်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့(စီအေအေပီ)က ပြောကြားသည်။

**ဆင်ဟွာ**



# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုအခမ်းအနား နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် တက်ရောက်

**ရန်ကုန် မတ် ၁၇**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဆောင်ရွက်သော ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် နည်းပညာများ တိုးတက်ခေတ်မီလာသည်နှင့်အညီ တစ်ဖက်ကလည်း လူ့အဖွဲ့အစည်း၏ လူမှုအသွင်သဏ္ဌာန်ပြောင်းလဲခြင်း အကျိုးရလဒ်များကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ အလွယ်တကူ ပြုမူလာကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လူငယ်လူရွယ်များအနေဖြင့်လည်း ခေတ်မီနည်းပညာများ အသုံးပြုနိုင်ခြင်းနှင့်အတူ မလိုလားအပ်သည့်ဆိုးကျိုးများကိုလည်း ကူးစက်စေနိုင်ပါကြောင်း၊ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ မောင်းနှင်အားဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို ဦးဆောင်သွားမည့်သူများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စွမ်းအားစုဖြစ်သည့် လူငယ်များကို စနစ်တကျပြုစုပျိုးထောင်သွားရန် အင်မတန်မှ အရေးကြီးပါကြောင်း၊



ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအခမ်းအနားကို နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ INGOs, NGOs များနှင့်အတူ ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိရေး၊ အမျိုးသမီးများ ၎င်းတို့၏အခွင့်အရေးများ သိရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရေးလမ်းညွှန်များ ထုတ်ပြန်ခြင်းတို့ကို ခေတ်ကာလနှင့်အတူ လိုက်လျောညီထွေဖြစ်စေရေးအတွက် ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံကွန်ဗင်းရှင်းနှင့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံဖြစ်ပါကြောင်း၊ အမျိုးသမီးများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အားကိုးအားထားပြုရသော လူသားစွမ်းအားစုများဖြစ်ပြီး လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတိုင်းအတွက် အင်မတန်မှ အရေးကြီးပါကြောင်း၊ နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းအားပေး ဆောင်ရွက်နေသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတွင် ဆေးရုံ၊ လမ်းဘေးများတွင် စွန့်ပစ်ခံကလေးငယ်များ များပြားလာသည်ကို တွေ့ရှိရပြီး ပရဟိတဂေဟာများတွင်လည်း စောင့်ရှောက်ထားရှိသော မွေးကင်းစကလေးငယ်များ များပြားလာပါကြောင်း၊ ရပ်ကွက်၊ မြို့နယ်များတွင်လည်း မွေးကင်းစကလေးငယ်စွန့်ပစ်ခြင်းများ မကြာခဏ ကြားသိနေရပါကြောင်း၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းများသည် အမှန်တကယ် လိုအပ်နေသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ စွန့်ပစ်ခံမွေးကင်းစကလေးငယ်များကို စနစ်တကျ ပြုစုစောင့်ရှောက်ရေးသည် နိုင်ငံတော်အတွက် လိုအပ်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ စွန့်ပစ်ခံရသော ရင်ခွင်ပိုက်ကလေးငယ်များကို မိဘရင်ခွင်တွင် စောင့်ရှောက်ခံရသကဲ့သို့ စောင့်ရှောက်မှုရရှိရန်နှင့် နောက်ထပ် ရင်ခွင်မဲ့ စွန့်ပစ်ခံကလေးငယ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ကာကွယ်တားဆီးရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုကြပြီး အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့မှ လူငယ်မောင်မယ်များက ယိမ်းအက၊ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး Mrs. Wang Xuehong က မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်နှင့် ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးလှုပ်ရှားမှုအတွက် ရန်ပုံငွေ ပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် တက်ရောက်လာကြသူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကာ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအဖြစ် အမှတ်တရလက်မှတ်ရေးထိုးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြသီတာက အရေးပေါ်သားဆက်ခြားနည်းကို ဟောပြောပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ "သန့်ရှင်းသောလက် ဆေးတစ်ခွက်"ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာဟောပြောကာ တေးသံရှင်များနှင့် ပရဟိတအဖွဲ့များက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုနှင့် သက်ဆိုင်သည့် တေးသီချင်းများ၊ ပညာပေးပြဇာတ်၊ တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# ရန်ကုန် လမ်းလျှောက်သကြၤန်နှင့် စတုဒိသာမဏ္ဍပ်များ ပန်းခြံ လေးနေရာတွင် ကျင်းပသွားမည်

**ရန်ကုန် မတ် ၁၇**

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် ယခင်နှစ်များနှင့်မတူဘဲ လမ်းလျှောက်သင်္ကြန် ကျင်းပသွားမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်တွင် စတုဒိသာမဏ္ဍပ်များ ပါဝင်မည်ဖြစ်ကာ ရန်ကုန်မြို့ရှိ စည်ကားသည့် ပန်းခြံနေရာ လေးနေရာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် စတင်ကျင်းပမည့် ရန်ကုန်လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာကျွေးမွေးမည့် နေရာများမှာ မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီး မြေပဒေသာကျွန်း၊ ကန်တော်မင်ပန်းခြံနှင့် သခင်မြပန်းခြံတို့ဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ ရန်ကုန်သင်္ကြန်မှာ မဏ္ဍပ်တွေနည်းတာရယ်၊ မစည်ဘူးလို့ ထင်တာရယ်ကြောင့် မန္တလေးသွားလည်ဖြစ်တယ်၊ မန္တလေးက လမ်းလျှောက်သင်္ကြန်က ပျော်ဖို့ကောင်းတယ်၊ ဒီနှစ်တော့ ဒီမှာလည်း မဏ္ဍပ်တွေ ပြန်လုပ်ခွင့်ပေးမယ်၊ လမ်းလျှောက်သင်္ကြန်လည်း လုပ်မယ်ဆိုတော့ ရန်ကုန်မှာပဲနေဖြစ်မယ်၊ ပိတ်ရက်ကလည်း ငါးရက်တည်းရှိတော့တာဆိုတော့ ခရီးထွက်ရတာ အဆင်မပြေတော့ဘူး၊ သင်္ကြန်ပြီးတာနဲ့ ရုံးပြန်တက်ရမှာကြောင့် မသွားဖြစ်တော့တာ"ဟု ရန်ကုန်မြို့ခံ ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ကိုကျော်မင်းသူက ပြောသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် ရန်ကုန်မြို့တော်အတွင်း အချက်အချာကျသည့် နေရာများအပါအဝင် ဖျော်ဖြေရေးသီးသန့်မဏ္ဍပ်များ၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်တွဲဖက်ထားသော မဏ္ဍပ်စုစုပေါင်း ၁၀၀ နီးပါး ခွင့်ပြုပေးသွားမည်ဖြစ်ပြီး တက္ကသိုလ်ရိပ်သာလမ်း (ပြည်လမ်းမှ အင်းလျားလမ်းကြားနှင့် ကမ္ဘာအေးစေတီလမ်းမှ ဆရာစံလမ်းကြား)အပါအဝင် ရန်ကုန်မြို့တွင်း နေရာအနှံ့ ပါဝင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယခုနှစ်တွင် စီးပွားဖြစ်မဏ္ဍပ်များ ပြန်လည်ခွင့်ပြုလာသော်လည်း ယခင်က စည်ကားခဲ့သည့် အင်းလျားလမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်းနှင့် ကန်တော်ကြီး ကန်ပတ်လမ်းတို့တွင် မဏ္ဍပ်များ ခွင့်ပြုပေးထားခြင်းမရှိကြောင်း သိရသည်။ အထူးသဖြင့် ယခုနှစ်တွင် စတင်ကျင်းပမည့် လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များက အများပြည်သူအတွက် ဆွဲဆောင်ရာဖြစ်လာနိုင်သည်ဟု ရန်ကုန်မြို့ခံများက မျှော်လင့်ကြသည်။

ယခင်နှစ် သင်္ကြန်ပွဲတော်တွင် ရန်ကုန်လမ်းလျှောက်သင်္ကြန်ကို လူငယ်လူရွယ်များ၊ တက်ကြွလှုပ်ရှားသူများ စုပေါင်းကာ ကျင်းပခဲ့ဖူးပြီး ယခုနှစ်တွင်မူ လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များအဖြစ် ပန်းခြံနေရာလေးခုတွင် သတ်သတ်မှတ်မှတ် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**၀၀၁**

# ဝေလေလေ-ဘစ်ကွိုင် (Bitcoin)

■ ခင်မောင်ညို(ဘောဂဗေဒ)

(၁)

Bitcoin ဆိုတာ ဘာလဲလို့ သိပြီးသူတွေအတွက် ရေးတာဆိုတော့ ဘာလဲလို့ အဓိပ္ပာယ်ဖွင့်မနေတော့ပါဘူး။

မသိသေးသူတွေအတွက် အနည်းငယ်မိတ်ဆက်ပေးရရင် ဘစ်ကွိုင်ဆိုတာ ဒစ်ဂျစ်တယ်စနစ်နဲ့ လုပ်ထားတဲ့ ငွေကြေးပါ။ ငွေကြေးဆိုပေမယ့် ဘယ်ဗဟိုဘဏ်ရဲ့ ထိန်းချုပ်မှုအောက်မှာမှ မရှိဘူး။ ကြားခံမပါဘဲ၊ ကိုယ့်အချင်းချင်း အပေးအယူလုပ်နိုင်တယ်။ မှန်၊ မမှန်ကိုလည်း စစ်ဆေးနိုင်တယ်။ တခြားငွေကြေးတွေ၊ ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေနဲ့ လဲလှယ်နိုင်တယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ ဘစ်ကွိုင်နဲ့ပေးတာကို လက်ခံတဲ့ လုပ်ငန်းတွေ တစ်သိန်းလောက်ရှိတယ်။ ၂၀၁၇ ခုနှစ်မှာ ဘစ်ကွိုင်အသုံးပြုနေသူတွေ ၃ သန်းကနေ ၆ သန်းလောက်အထိ ရှိနိုင်တယ်လို့ ခန့်မှန်းချက်တွေရှိတယ်။ ဘစ်ကွိုင်ကို BT တို့ XBT တို့ ဆိုတဲ့ သင်္ကေတတွေနဲ့ သုံးစွဲသတ်မှတ်ပြီး တစ်ယူနစ်ရဲ့ တစ်ထောင်ပုံတစ်ပုံကနေ တစ်သန်းအထိ ပုံပြီး အရောင်းအဝယ် အပေးအယူလုပ်လို့လည်း ရတယ်။

တစ်ရက်က နေပြည်တော်ကအပြန် လေဆိပ်မှာ မိတ်ဆွေဟောင်းတွေဆုံကြတော့ အဲဒီ ဘစ်ကွိုင်အကြောင်း ရောက်သွားတယ်။ ဒီအကြောင်းကို ဘာမျှ ခုအချိန်အထိ မရေးသေးပါဘူး။ ကိုယ်မလေ့လာရသေးတဲ့ အကြောင်းအရာဖြစ်နေလို့ပါ။ ဒါပေမယ့် သတင်းစာထဲမှာ ဘစ်ကွိုင်ဝယ်ယူမြှုပ်နှံကြတာတွေ မြန်မာပြည်မှာရှိလာနေလို့ သတိထားကြဖို့ အကြံပြုတဲ့ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရတယ်။ ကိုယ့်အနီးအနားမှာက ဘဏ်ငွေစာရင်းရှိတဲ့သူတောင် သိပ်ရှိတာ မဟုတ်တော့ ဘစ်ကွိုင်တို့ ဘယ်လောက်ခရီးပေါက်နေမှန်း မသိဘူး။

အကြမ်းဖျဉ်းအားဖြင့် ငွေကြေး (ဘစ်ကွိုင် အပါအဝင်)ကို ရည်ရွယ်ချက် သုံးမျိုးနဲ့ သုံးတတ်ကြတယ်။ အပေးအယူလုပ်ဖို့ရယ်၊ ရင်းနှီးမြှုပ်နှံဖို့ရယ်၊ ဈေးကစားဖို့ရယ်ပေါ့။ ဘစ်ကွိုင်ကိုသုံးပြီး ကိုယ့်အချင်းချင်း အပေးအယူလုပ်ရင်၊ စာရင်းကမပေါ်ဘူး။ (အခွန်ရှောင်တဲ့နည်းပေါ့)။ နောက်ဆုံး အသားတင်ပေးစရာ၊ ချေစရာကိုပဲ ငွေသားတစ်မျိုးမျိုးနဲ့ ရှင်းပေါ့။ တချို့က ရွှေတို့ ဒေါ်လာတို့လို ရင်းနှီးမြှုပ်နှံတဲ့အနေနဲ့ ကိုင်ထားချင်ကြတာ။ နောက်တစ်မျိုးက ဈေးအကျ စောင့်ဝယ်၊ ဈေးတက်ရင် ပြန်ရောင်း၊ တတ်နိုင်ရင် ဈေးတက်အောင် ဒါမှမဟုတ် ကျအောင်လုပ်ပြီး အကျိုးအမြတ်ရှိအောင် လုပ်တဲ့နည်းပေါ့။

၁၉၉၀ ပြည့်လွန်နှစ်တွေတုန်းက ဖိလစ်ပိုင်ကဆိုပြီး နိုင်ငံခြားမှာ စတော့ရှယ်ယာတွေ အရောင်းအဝယ်လုပ်ပေးတဲ့ လုပ်ငန်းတစ်ခု ပေါ်ခဲ့ဖူးတယ်။ နောက်တော့ ထွက်ပြေးသွားတယ်။

ဒီကြားထဲမှာလည်း ခဏခဏ အလိမ်ခံရတဲ့သူတွေရှိတယ်။ အလိမ်ခံရတာကလည်း သိပ်မဆန်းဘူး။ ဇာတ်လမ်းတွေကလည်း အတူတူပဲ။ မသိနားမလည်တဲ့သူတွေ (ကိုယ့်ကိုယ်ကိုယ်တော့ လူလည်လို့ထင်)ရယ်၊ လောဘကြီးတဲ့သူတွေရယ် နှစ်မျိုးပဲ အလိမ်ခံကြရတာပါ။

(၂)

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကြီးအကဲ Christine Laggandက ကမ္ဘာတစ်ဝှမ်းက အာဏာပိုင်တွေဟာ ဘစ်ကွိုင်လို Cryptocurrency တွေရဲ့ စွမ်းအားကို၊ ထိန်းချုပ်ဖို့ ကြိုးစားသင့်တယ်။ မထိန်းချုပ်နိုင်ရင် ငွေကြေးခဝါချမှုတွေနဲ့၊ အကြမ်းဖက်မှုကို ထောက်ပံ့ဖို့အတွက် အသုံးချစရာနည်းလမ်းတစ်ခု ဖြစ်လာနိုင်တယ်လို့ ပြောသွားခဲ့ပါတယ်။ ဘစ်ကွိုင်အတွက် အသုံးပြုတဲ့ Blockchain နည်းပညာကိုပဲ သူ့ကို ပြန်ထိန်းချုပ်ရာမှာ အသုံးပြုနိုင်တယ်လို့ သူက အကြံပြုသွားတာကို တွေ့ရပါတယ်။

ဘစ်ကွိုင်ရဲ့ အားသာချက်က အပေးအယူတွေကို စရိတ်သက်သက်သာသာနဲ့ လုပ်လို့ရတယ်။ အပေးအယူတွေကို အမှန်အကန် ဟုတ်မဟုတ် စိစစ်နိုင်တယ်။ (ဘယ်ဗဟိုအာဏာပိုင်အဖွဲ့အစည်းကမှ ထိန်းချုပ်စရာမလိုဘူး)။ အဲဒီ Distributed Ledger Technology (ဖြန့်ကြက်ထားတဲ့ လယ်ဂျာနည်းပညာလို့ ခေါ်ကြပါစို့) နဲ့ အာဏာပိုင်တွေက ဘဏ္ဍာရေးစနစ်ကို စောင့်ကြည့်ရာမှာ သတင်းအချက်အလက်တွေ အချင်းချင်းမျှဝေရာမှာ အသုံးပြုနိုင်တယ်လို့ သူက ပြောပါတယ်။

ဘဏ်စာရင်းရှိစရာမလိုဘဲ၊ စရိတ်သက်သက်သာသာနဲ့ ငွေကြေးဝန်ဆောင်မှုတွေ ရနိုင်တယ်လို့ မျှော်လင့်ချက်တွေ ပေးထားတဲ့ ဘစ်ကွိုင်နဲ့ပတ်သက်လို့ နောက်ကွယ်မှာ အန္တရာယ်တွေ ရှိနေတယ်လို့ သူက သတိပေးထားပါတယ်။

ဘစ်ကွိုင်ဘက်က ထောက်ခံသူတွေကတော့ လွယ်ကူသက်သာတာကို အကြောင်းပြကြတယ်။ ဘောဂဗေဒပညာရှင်တွေကတော့ အခု ဒစ်ဂျစ်တယ်ငွေကြေး (Digital Currency) ဟာ ဈေးကစားရင်းနဲ့ ပူဖောင်းပေါက်သလို ပေါက်သွားနိုင်တယ်လို့ ထောက်ပြကြတယ်။

**ဘစ်ကွိုင်ဘက်က ထောက်ခံသူတွေကတော့ လွယ်ကူသက်သာတာကို အကြောင်းပြကြတယ်။ ဘောဂဗေဒပညာရှင်တွေကတော့ အခု ဒစ်ဂျစ်တယ် ငွေကြေး (Digital Currency)ဟာ ဈေးကစားရင်းနဲ့ ပူဖောင်း ပေါက်သလို ပေါက်သွားနိုင်တယ်လို့ ထောက်ပြကြတယ်။**

ဘစ်ကွိုင်ဝယ်တဲ့သူတွေက တက်ဈေးတွေ မျှော်လင့်ပြီး ဝယ်ကြတယ်။ အရေအတွက် ကန့်သက်ထုတ်ဝေတာကို သဘောကျကြတယ်။ အတက်၊ အကျကြမ်းတာကို သတိမထားမိကြဘူး။

ရင်းနှီးမြှုပ်နှံတဲ့သူတွေ ဈေးကစားမယ့်သူတွေ သဘောကျကြတာက ဘစ်ကွိုင်တစ်ယူနစ်ကို မနှစ်ကထက် ၉ ဆဈေးတက်ပြီး ဒေါ်လာ ၂ သောင်းအထိ ဈေးပေါက်သွားတာကိုး။ ဒါပေမယ့် ခရစ္စမတ်နောက်ပိုင်းမှာ တစ်ဝက်လောက်ဈေးထိုးကျသွားတာ အခုဆို ဒေါ်လာ ၉၃၀၀ လောက်ပဲရှိတယ်။

ဒစ်ဂျစ်တယ်ငွေကြေးဟာ ငွေကြေးလို့ အမည်ခံထားပေမယ့် တကယ့်ငွေကြေးတစ်ရပ်လိုတော့ တာဝန်မထမ်းဆောင်နိုင်သေးပါဘူး။

(၃)

အခုဆိုရင် တရုတ်၊ ရုရှနဲ့ တောင်ကိုးရီးယားတို့ဟာ ဘစ်ကွိုင်ကို ထိန်းချုပ်ဖို့ ကြိုးစားလာကြတာကြောင့် ဘစ်ကွိုင်ရဲ့ဈေးနှုန်းကို ကျဆင်းစေပါတယ်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း မကြာမီမှာ မြင်တွေ့ရဖွယ်ရှိပါတယ်။

တလောကပဲ ရာဇဝတ်မှုမကင်းတာတွေ လုပ်နေတဲ့ Alphabay ဆိုတဲ့ အရောင်းအဝယ်ဝက်ဘ်ဆိုဒ်ကို ပိတ်ပစ်ခဲ့ကြပါတယ်။ အဲဒီ အင်တာနက်ဝက်ဘ်ဆိုဒ်မှာက ဒစ်ဂျစ်တယ်ငွေကြေးနဲ့ ဒေါ်လာသန်း ၁၀၀၀ ဖိုးလောက် အရောင်းအဝယ် အပေးအယူလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တုန်းက ဘစ်ကွိုင် တစ်ယူနစ်ကို ၉၉၇ ဒေါ်လာ ဈေးပေါက်ခဲ့ပါတယ်။

ဈေးနှုန်းဆိုတော့ ရောင်းလိုအားနဲ့ ဝယ်လိုအားအပေါ်မှာ မူတည်တာမှန်ပေမယ့် ဘစ်ကွိုင်နဲ့ပတ်သက်လို့ ချဲ့ကားပြောဆိုတာတွေက အများကြီးရှိနေတယ်။ ချမ်းသာချင်တဲ့သူတွေက အသည်းအသန်လိုက်ဝယ်ကြရင်း တခြားလူတွေပါ ဝေလေလေ လုပ်ကုန်ကြတယ်။ တခြားပိုင်ဆိုင်မှုတွေထက် ဈေးတက်တဲ့နှုန်း တအားမြန်တယ်။ ဘယ်လောက်အထိ ထိုးတက်သွားနိုင်တယ်ဆိုတာ ဘယ်သူမျှ မသိကြဘူး။ ခုထိက ဘစ်ကွိုင် ၁၆ ဒသမ ၅ သန်း ထုတ်ထားတယ်။ လွန်ရော ကျွံရော ၂၁ သန်းလောက်အထိပဲ ထုတ်နိုင်မယ်လို့ တွက်ဆထားတာကြောင့်လည်း မရလိုက်ရ မရှိအောင် အသည်းအသန် လိုက်ဝယ်ကြတာပေါ့။ ရှားလေ ဈေးတက်နိုင်လေလို့ တွက်ကြတာကိုး။

အခုလိုအဖြစ်မျိုးကို ၁၉၉၀ ပြည့်လွန်နှစ်တွေက ကြုံတွေ့ခဲ့ရတဲ့ အင်တာနက်ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေ ထိုးတက်ရာက ပူဖောင်းပေါက်သလို ပေါက်သွားတဲ့ အဖြစ်မျိုးနဲ့လည်း နှိုင်းယှဉ်ပြောဆိုနေကြတာ တွေ့ရပါတယ်။

ဘစ်ကွိုင်ဟာ ဈေးထိုးတက်သွားပြီဆိုရင်၊ မကြာမီ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းလောက်အထိ ပြန်ပြီး ထိုးကျတာကို တွေ့ရတယ်။

အခုဆိုရင်လည်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကြီးအကဲက ဝေဖန်ခဲ့ပြီးတဲ့နောက် တစ်ယူနစ်ကို ဒေါ်လာ ၉၀၀၀ လောက်အထိ (မူလက ၉၃၀၀ လောက်) ကျဆင်းသွားတာကို တွေ့ရတယ်။

ဂူဂဲလ်ကလည်း ဖေ့ဘွတ်မှာ ဘစ်ကွိုင်ကြော်ငြာတွေ ပိတ်မယ်လို့ဆိုပေမယ့် အသုံးပြုသူတွေက လက်တစ်လုံးခြားလှည့်ပြီး အို(O)ရဲ့ နေရာမှာ (၀)သုညကို ထည့်လို့ ကြော်ငြာကြပြန်တယ်။

ကြာသပတေးနေ့ နံနက် ၇ နာရီအချိန်မှာ ဘစ်ကွိုင်ဟာ ဒေါ်လာ ၈၈၅၀ အထိ ၃ ဒသမ ၆ ရာခိုင်နှုန်း ဈေးထပ်ကျသွားတာကို တွေ့ရတယ်။

စဉ်းစားချင့်ချိန်နိုင်ကြဖို့ပါ။ ။

## ယခုနှစ်နွေရာသီတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၃၆ ရွာအတွက် ရေဂါလန် ၆ သန်းနီးပါး ဖြန့်ဝေပေးနိုင်ရန် လျာထား

**စစ်တွေ မတ် ၁၇**

ယခုနှစ်နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်သော ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၃၆ ရွာအတွက် ရေဂါလန် ၆ သန်းနီးပါး ကျေးရွာအရောက် ရေဖြန့်ဝေပေးနိုင်ရန် ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လျာထားပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ်နွေရာသီမှာ ရခိုင်ပြည်နယ်က မြို့နယ် ၁၇ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၃၆ ရွာမှာ ရေရှားပါးပြတ်လပ်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်၊ အဲဒီအတွက် ရေဂါလန် ၆ သန်းနီးပါး ဖြန့်ဝေပေးနိုင်ဖို့လျာထားပါတယ်"ဟု ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က ပြောသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာများသို့သွားရောက်ပြီး ရေရှားပါးပြတ်လပ်မှုနှင့် တွေ့ကြုံပါက ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များ ပေးထားပြီးဖြစ်ကြောင်းနှင့် ယခုအချိန်ထိ ဆက်သွယ်မှုမရှိသေးကြောင်း သိရသည်။

"အခုအချိန်အထိတော့ ကျေးရွာတွေက ဆက်သွယ်လာတာ မရှိသေးပါဘူး၊ မနှစ်ကလည်း ရေရှားပါးတာ ကြုံတွေ့ဖူးတဲ့အတွက် ရွာတွေကလည်း သိပါတယ်၊ တကယ်ပြတ်လပ်နေပြီ၊ အခက်အခဲဖြစ်နေပြီဆိုရင်တော့ သူတို့ဆက်သွယ်လာပါတယ်၊ ဆက်သွယ်လာတာနဲ့ ရေတွေကို ကျေးရွာအရောက် ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးနေထက်ရှိန်က ပြောသည်။

ထို့ပြင် ၎င်းက မြို့နယ်တိုင်းမှာ ရေသန့်စင်တဲ့ စက်တွေရှိပါတယ်။ နွေရာသီ ရေရှားပါးလာတဲ့အခါမှာ ကန်ရေတွေနောက်လာပြီ၊ သုံးလို့မရတော့ဘူးဆိုရင် အဲ့ဒီစက်တွေသုံးပြီးတော့ သောက်သုံးရေဖြစ်အောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ အဲဒီအပြင် ရေသန့်စင်ပေးနိုင်တဲ့ ကားလည်းရှိပါတယ်၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် အဲဒီကားနဲ့ လိုအပ်တဲ့နေရာတွေမှာ သွားလုပ်ပေးဖို့ အဆင်သင့်ပြင်ထားပါတယ်။

"ရေကို ပိုမိုသိုလှောင်နိုင်အောင် လုပ်နေပါတယ်၊ ကျေးလက်ရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ သီးသန့်လုပ်တာ၊ UNICEF နဲ့ ပေါင်းပြီး လုပ်တာတွေရှိပါတယ်၊ JICA အကူအညီနဲ့လည်း ဆောင်ရွက်ဖို့ စီစဉ်နေတာရှိပါတယ်၊ မြို့ရေပေးရေးမှာလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပူးပေါင်း ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက UNICEF နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အိမ်တိုင်ရာရောက်ရေသွယ်စနစ်ကို အကောင်အထည်ဖော်နေကြောင်း သိရသည်။

"UNICEF နဲ့ပေါင်းလုပ်တဲ့အခါမှာ အိမ်တိုင်ရာရောက် ရေသွယ်စနစ်ကို လုပ်နေပါတယ်၊ UNICEF က ရေကန်တွေကို ခြံစည်းရိုးကာပေးတာ၊ ရေသန့်စင်တဲ့စနစ်တွေနဲ့ ပိုက်လိုင်းတွေ၊ Solar Pump တွေ ထောက်ပံ့ပါတယ်၊ ရွာကပါရတာက အမြင့်တင်ရေစင်ဆောက်ပေးရပါတယ်။ စုစုပေါင်း ၆၇ ရွာ UNICEF နဲ့ ပေါင်းလုပ်နေပါတယ်၊ အိမ်တိုင်ရာရောက် ပို့ပေးနိုင်တာကတော့ ၄၃ရွာ ရှိပါတယ်"ဟု ဦးနေထက်ရှိန်က ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၈ ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းသစ် ၁၂၆ ခုကို ငွေကျပ်သန်း ၁၀၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာများအတွက် လက်တူးတွင်း ၅၂ တွင်း၊ ရေကန် ၇၁ ကန်၊ စိမ့်စမ်းရေသွယ်တစ်ခုနှင့် အခြားရေရရှိရေး လုပ်ငန်းနှစ်ခု ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (မွမ်းမံ) ရန်ပုံငွေကျပ် ၂၀၅ သန်းကျော်ဖြင့် လက်တူးတွင်းတူးခြင်း၊ ရေကန်များ အဆင့်မြှင့်တင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းစသည့် လုပ်ငန်း ၅၂ ခု ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ်သန်း၂၄၀ ကျော်ဖြင့် ရေရှိရေးလုပ်ငန်းပေါင်း ၄၄ ခု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်း-ကျော်သူထက်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**



**ဂွမြို့နယ် ကွင်းကြီးတောင်နားကျေးရွာ အလကကျောင်းတွင် ရေတားတမံတည်ဆောက်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။**

# စာကောင်းပေမွန်များပေါ်ထွက်ရန် စာပေဆုများချီးမြှင့်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှု အလွန်အရေးကြီး


**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၂)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၇) ခုနှစ်အတွက် တစ်သက်တာစာပေဆုရ ဆရာကြီး စည်သူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။**

**ရန်ကုန် မတ် ၁၇**

ထွန်းဖောင်ဒေးရှင်း (၂၀၁၇) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ် ရွှေစင်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာတွင် စာပေဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရင်းခံကိစ္စတစ်ခုဖြစ်သည်ဟု မိမိတို့ ခံယူပါကြောင်း၊ မိမိတို့ တိုင်းပြည်တွင် စာဖတ်သူနည်းပါးနေသေးသည်ဟု ပြောလေ့ရှိကြပါကြောင်း၊ လူငယ်များ စာမဖတ်ကြဘူးဟု ပြောကြဆိုကြသည်များ ရှိပါကြောင်း၊ ယင်းမှာ တစ်စိတ်တစ်ဒေသ မှန်သင့်သလောက်မှန်ပါသော်လည်း လုံးလုံးလျားလျားတော့ မဟုတ်ပါကြောင်း၊ မြန်မာပြည်တွင် လူငယ်များရော လူကြီးများပါ စာပေဖတ်ရှုသင့်သလောက် ဖတ်ရှုကြသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာနှင့် နှိုင်းယှဉ်လျှင်၊ အချို့တိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အားနည်းကောင်း နည်းပါးမည်ဖြစ်သော်လည်း စာအုပ်စာပေကို စိတ်ဝင်စားပြီး ဖတ်ရှုမှုတော့ရှိသည်ဟု ပြောလိုပါကြောင်း။

## စာပေကို ချီးမြှင့်

စာကောင်းပေမွန်များပေါ်ထွက်ရန် ယခုကဲ့သို့ စာပေဆုများ ချီးမြှင့်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုမှာ အလွန်အရေးကြီးသည်ဟု မြင်ပါကြောင်း၊ ဆုချီးမြှင့်ခြင်းအားဖြင့် စာပေကို ချီးမြှင့်ရာရောက်သကဲ့သို့ စာရေးသူများကိုလည်း ချီးမြှင့်ရာ ရောက်ပါကြောင်း။


**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ စာပေပညာရှင်ကြီးများ၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ရရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။**

ယနေ့ ဆုရသူများစာရင်းကို ကြည့်မည်ဆိုလျှင် တကယ်စာပေအရ တန်ဖိုးရှိ၍ ဆုချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ စာရေးခြင်း အလုပ် သက်သက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ နည်းနည်းပါးပါး ပါကောင်း ပါမည်ဖြစ်သော်လည်း တော်တော်များများသည် စာကိုရေးချင်၍ ရေးသား နေကြသူများဖြစ်ပါကြောင်း၊ သဘောမှာ စာဖြင့်သက်သက် အသက်မွေးဝမ်း ကျောင်း ပြုနေခြင်း မဟုတ်သည့် စာပေဖန်တီးသူများဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ် မျိုးများလည်း ဒီခေတ်တွင် တော်တော်များများ ပေါ်ပေါက်လာပါကြောင်း။

ကဏ္ဍပေါင်းစုံမှ စာအုပ်အသစ်များ အများကြီးထွက်လာသည့်အတွက် မိမိတို့ မြန်မာစာပေသည် ပိုပြီးကြွယ်ဝပြည့်စုံလာသည်ဟု မြင်ပါကြောင်း၊ ဒီကနေ့တွင် ဖတ်သင့်ဖတ်ထိုက်သောစာအုပ်များ၊ သိသင့်သိထိုက်သည့် စာအုပ် များ၊ ဘာသာရပ်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ တော်တော်စုံစုံလင်လင် ထွက်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့ စာပေဖွံ့ဖြိုးတိုးတက်နေသည့် သဘောဖြစ်ပါကြောင်း၊ ယခုလို ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာပေဆုချီးမြှင့်သည့် ပုဂ္ဂိုလ်များ၏ကဏ္ဍသည် အများကြီးပါဝင်ပါကြောင်း။

## တစုတဝေးတည်း

စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာအုပ်ဈေးကွက်ကို လူအများ စိတ်ဝင် စားရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အဆောက်အအုံတည်ရှိရာ စာအုပ်လမ်းတစ်ခုကိုလည်း စာအုပ်သမားများနှင့် တွဲပြီး ဖွင့်လှစ်ပေးထားပါကြောင်း၊ ထိုစာအုပ်လမ်းမှာ စာအုပ်သမားများ၊ စာအုပ်ဆိုင်နေရာခက်ခဲသူများအတွက် အဆင်ပြေရန်နှင့် စာဖတ်သူ၊ စာပေ ဝါသနာပါသူများ စာအုပ်များစွာကို တစုတဝေးတည်း တွေ့ရရန်အတွက် စီစဉ် ခင်းကျင်း ပေးထားခြင်းဖြစ်ပါကြောင်း။

အဆိုပါ စာအုပ်လမ်းသည် ရန်ကုန်သို့ရောက်လာသည့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်အောင် မိမိတို့ စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း၊ အလားတူ အခြားစာပေနှင့် ပတ်သက် သည့် ပွဲများဖြစ်သည့် ကလေးစာပေပွဲတော်၊ လူငယ်နှင့် ပတ်သက်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကိုလည်း ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် စာတမ်းဖတ်ပွဲများ ကျင်းပပေးလျက်ရှိပါကြောင်း၊ မကြာမီတွင်လည်း တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေများဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းရင်းသားလူမျိုးစုစာပေဆိုင်ရာ စာတမ်းဖတ်ပွဲ၊ စာအုပ်စာပေပြပွဲ၊ ယဉ်ကျေးမှုပစ္စည်းပြပွဲနှင့် အခြားဆက်စပ်အစီအစဉ်များ ကျင်းပရန်ရှိပါကြောင်း။

## ရှင်သန်ဖွံ့ဖြိုးမည်

စာပေစကားဝိုင်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ ရှိပါကြောင်း၊ ၎င်းမှ ဆက်စပ်ပြီး အမြို့မြို့အနယ်နယ်တွင် အသိအမြင်ကြွယ်ဝ သည့် စာဖတ်သည့် ရပ်ရွာ၌ အသိဉာဏ်အရ ဦးဆောင်နိုင်သောသူများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုလို အရည် အသွေးတိုးတက်လာမည်ဆိုလျှင် တစ်ဖက်တွင်လည်း စာပေဆုချီးမြှင့်သည့် နေရာတွင် သူတို့၏အသံများ၊ တင်ပြလာမှုများက မည်သည့်စာအုပ်ကို ချီးမြှင့် သင့်သည်ဆိုသည်ကို ဆုရွေးချယ်ရေးအဖွဲ့များထံ အကြံဉာဏ်ပေးနိုင်သည့် အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာမည်ဖြစ်ပါကြောင်း။

စာရေးသူများကလည်း စာအုပ်စာတမ်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တီထွင်ဖန်တီးရေးသားမည်၊ ဆုချီးမြှင့်သူများကလည်း ဆုချီးမြှင့်ကြမည်၊ ဖတ်ရှု သူများကလည်း စာကို အလေးအနက်ဖတ်ပြီး ဝေဖန်သုံးသပ် အားပေးချီးမြောက် မည် စသည်ဖြင့် တုံ့ပြန်မှုများ ရှိလာမည်ဆိုလျှင် တဖြည်းဖြည်းနှင့် မြန်မာ စာအုပ်လောကသည် ပိုပြီးရှင်သန်ဖွံ့ဖြိုးမည်ဟု ယုံကြည်ပါကြောင်း။

## မုဒိတာပွား

ယနေ့ပွဲတွင် အဓိကပုဂ္ဂိုလ်များမှာ ဆုရရှိသူများဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ် များအားလုံးကို ချီးကျူးပါကြောင်း၊ ဝမ်းသာပါကြောင်း၊ မုဒိတာပွားပါကြောင်း၊ ယနေ့ စာပေဆုချီးမြှင့်ခြင်းသည် စာရေးသူများကို အမြင့်မားဆုံးအားပေးခြင်းဟု မြင်ပါကြောင်း၊ ထို့ကြောင့် ဆက်လက်ပြီး စာပေဆုများချီးမြှင့်ပေးပါ၊ စာရေးသူ များကလည်း ယခုလို အားပေးမှုကို ခံယူပြီးနောက် ဒီထက်မက ပိုမိုကောင်းမွန် ပြည့်စုံသည့်၊ ပြောင်မြောက်သည့်စာပေများ ဖန်တီးပေးကြပါဟု မေတ္တာရပ်ခံ ပါကြောင်း ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီ နာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြား ပြီး ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး(မောင်ခင်မင်- ဓနုဖြူ) က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက် အကျဉ်းကို တင်ပြသည်။

## ဆုများ ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထွန်းဖောင်ဒေးရှင် တစ်သက်တာစာပေဆုရ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စီးပွားရေးဘာသာရပ်ဆုအတွက် "ယနေ့ခေတ်စား ခရီးသွား စီးပွား"စာအုပ်ရေးသားသူ ဆရာသတိုးလွင် (ပထဝီဝင်)နှင့် ကျန်းမာရေးဘာသာရပ် ဆုအတွက် "ဆီးချိုသွေးချိုးရောဂါနှင့် မြန်မာ့ဓလေ့အစားအစာ"စာအုပ် ရေးသားသူ ဒေါက်တာလှကြည်(အာဟာရဆရာဝန်ကြီး)တို့အား ထွန်းဖောင်ဒေး ရှင်းစာပေဆုရွေးချယ်ရေးကော်မတီ နာယက ဦးသိန်းထွန်းက လည်းကောင်း၊ သမိုင်းဘာသာရပ်ဆုအတွက် "ဂျဝါဟာလားနေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း (ခေတ်သစ်အပိုင်း)"စာအုပ်ကို ဘာသာပြန်ဆိုသူ ဆရာဘိုးလှိုင်နှင့် အတ္ထုပ္ပတ္တိဆု အတွက် "အမေနဲ့ ကျွန်တော်"စာအုပ်ရေးသားသူ ပါမောက္ခ ခင်မောင်ဝင်း (အသည်း)ကိုယ်စား ဦးတင်နွယ်တို့အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ) ကလည်း ကောင်း၊ အတ္ထုပ္ပတ္တိ( အင်္ဂလိပ်) ဘာသာရပ်ဆုအတွက် " Reflections of a Director – general (Medical Research)" စာအုပ်ရေးသားသူ ဆရာ ဒေါက်တာ အောင်သန်းဘတူနှင့် ဆရာ ဒေါက်တာအောင်ကြီး၊ ယဉ်ကျေးမှု ဘာသာရပ်ဆုအတွက် "တစ်ကုဋေ့တန်သောပတ်မချက် (မြန်မာ့အနုသုခုမ ဆောင်းပါးများ)" ရေးသားသူ ဆရာသိန်းသန်းဝင်း (မလှိုင်)တို့အား ထွန်းဖောင် ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင် ဒေါက်တာဦးမြင့်က လည်းကောင်း၊ ရှေးဟောင်းကျမ်းဘာသာရပ်ဆုအတွက် "ပြည်သူ့ကြေးမုံနန်းမှုရိပ်မြုံစစ်တမ်း စာရင်းနှင့် မင်းခမ်းစာတမ်း(မိတ်ဆက်၊ နိဒါန်း၊ နိဂုံး၊ ဖြည့်စွက်)" စာအုပ် ရေးသားသူ ဆရာထွန်းရီ (ရှေးဟောင်းသုတေသီ)နှင့် ရည်ညွှန်းကျမ်းဘာသာရပ် ဆုအတွက် "မြန်မာဥပဒေ ဝေါဟာရအဘိဓာန်သစ်" စာအုပ်ရေးသားသူ ဆရာ ဦးသန်းထိုက်တို့အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)က လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ဆုအတွက် "သဘာဝဘေးနှင့် လူဖန်တီးသောဘေးအန္တရာယ်များ" စာအုပ်ရေးသားသူ ဆရာသိပ္ပံစာရေးဆရာ ကိုကိုအောင်နှင့် လူငယ်ဘာသာရပ် ဆုအတွက် "ပျော်ရွှင်ခြင်း" စာအုပ်ရေးသားသူ ဆရာကျော်ကျော်လှိုင်တို့အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဦးတင်ခ (တက္ကသိုလ် တင်ခ)က လည်းကောင်း၊ သမိုင်း(အင်္ဂလိပ်) ဘာသာရပ်ဆုအတွက် " Thaton Chronicle"စာအုပ်ကို ဘာသာပြန်ဆိုသူ ဆရာ ဒေါက်တာစောမရအောင်နှင့် စာပဒေသာဘာသာရပ်ဆုအတွက် "အတိတ်၊ လူ၊ ပုံရိပ်နှင့် စာအုပ်များ" ရေးသားသူ ဆရာသင့်နော်တို့အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီဝင် ဦးအေးလွင်က လည်းကောင်း၊ စာပဒေသာဘာသာရပ်ဆုအတွက် "မန္တလေးသို့ သွားနေသည်နှင့် အခြားအတွေးစာစုများ" စာအုပ်ရေးသားသူ ဆရာမ မနှင်းဖွေးနှင့် ကျန်းမာရေးဘာသာရပ်ဆုအတွက် "ပြည်သူ့အတွက် ကျန်းမာရေးဗဟုသုတ" စာမူရေးသားသူ ဆရာဦးသိန်းဆွေတို့အား ထွန်းဖောင် ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင် က လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ဆုအတွက် "ဒေါက်တာရွှေခဲ" စာမူရေးသားသူ ဆရာချိုးငှက် (သံတွဲ)အား ထွန်းကော်မာရှယ် ဘဏ် အမှုဆောင်ဒါရိုက်တာ ဦးရွှေလှက လည်းကောင်း၊ ရှေးဟောင်းကျမ်း ဘာသာရပ်ဆုအတွက် "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများသမိုင်း"စာမူ ရေးသားသူ ဒေါက်တာစိန်မြင့်အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီဝင် ဒေါက်တာကျော်ဝင်းက လည်းကောင်း၊ ကလေးဘာသာရပ်ဆု အတွက် "အလှကမ္ဘာမြေ (ကလေးကဗျာများ)" စာမူရေးသားသူ ဆရာနန္ဒာ မိုးကြယ်အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါက်တာဒေါ်ခင်အုန်းသန့်က လည်းကောင်း၊ ယဉ်ကျေးမှုဘာသာရပ်ဆုအတွက် "မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ကထီးများ" စာမူရေးသားသူ ဆရာနန္ဒာမင်းလွင်အား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါက်တာဦးစန်းဝင်းက လည်းကောင်း၊ သုတပဒေသာဘာသာရပ်ဆုအတွက် "လူတိုင်း သိရှိနားလည် ထားသင့်သည့် လူ့အခွင့်အရေး" စာမူရေးသားသူ ဒေါက်တာခိုင်ခိုင်ဝင်းအား ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါ်ရင်ရင်လေးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ နာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင်များအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဆုရွေးချယ်ရေး ကော်မတီဝင်များနှင့် စာပေဆုရရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေမွန်များ ထွန်းပေါ်လာစေရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေးတို့ကို ရည်ရွယ်လျက် ထွန်းဖောင်ဒေးရှင်းစာပေဆုများကို ၂၀၀၆ ခုနှစ်မှစတင်၍ လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုကို ၂၀၀၉ ခုနှစ်မှ စတင်၍လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆု နှစ်ဆု၊ စာအုပ်ဆု ၁၃ ဆုနှင့် စာမူဆု ခြောက်ဆုချီးမြှင့်ခဲ့သည်။ ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုတစ်ဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် ရွှေတံဆိပ်၊ စာအုပ်ဆု တစ်ဆု အတွက် ငွေကျပ် ၁၅ သိန်းနှင့် ရွှေတံဆိပ်၊ စာမူဆုတစ်ဆုအတွက် ငွေကျပ် ခုနစ်သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်သည်မှာ ယခုဆိုလျှင် (၁၂)ကြိမ် မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




**ဒုတိယသမ္မတ ဦးမြင့်ဆွေ မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။**

**☆ မြန်မာနိုင်ငံမှ**

Crans Montana Forum ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ သံအမတ်ကြီး Mr.Jeam-Paul Carteron က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် Dakhla မြို့၌ ကျင်းပသည့် Crans Montana Forum သို့ ပထမဆုံးအကြိမ် ပါဝင်တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် နွေးထွေးပျူငှာစွာ ကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ဖိုရမ်စီစဉ်သူများနှင့် မော်ရိုကိုအစိုးရတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ ယခုနှစ်သည် မြန်မာနိုင်ငံနှင့် မော်ရိုကိုနိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၄၀ ပြည့်မြောက်သည့် နှစ်ပတ်လည်ဖြစ်ပါကြောင်း၊ မော်ရိုကိုနိုင်ငံအပါအဝင် အခြားမိတ်ဆွေ အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲလိုသည့်အတွက် ဖိုရမ်သို့ ပါဝင်တက်ရောက်ခြင်းဖြစ်ပါကြောင်း၊ ယခုဖိုရမ်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက ရင်ဆိုင်နေရသော စိန်ခေါ်မှုများအပေါ် အမြင်ချင်းဖလှယ်နိုင်ပြီး အာဖရိကဒေသနှင့် ကမ္ဘာ့နိုင်ငံများအကြား အထူးသဖြင့် အာရှဒေသနှင့် ကုန်သွယ်မှု၊ စီးပွားရေးဆက်ဆံမှုများ ခိုင်မြဲစေရေးအတွက် နည်းလမ်းများကို ရှာဖွေနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့အားလုံးတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောမှုတို့ရှိကြသည့် ကောင်းမွန်သော ကမ္ဘာကြီး၌ နေထိုင်သွားလိုသည့် ဘုံရည်မှန်းချက်တစ်ရပ်ရှိကြပါကြောင်း၊ သို့ရာတွင် ကမ္ဘာကြီးသည် လူသားတို့က ဖန်တီးသည့် လက်နက်ကိုင် ပဋိပက္ခ၊ ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်မှု၊ ရွှေ့ပြောင်းအခြေချမှု၊ ရာသီဥတုပြောင်းလဲမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှု၊ ဆိုက်ဘာလုံခြုံရေးနှင့် ဗျူကလီးယားစစ်ပွဲခြိမ်းခြောက်မှု စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် စုပေါင်းကိုင်တွယ်ဖြေရှင်းရမည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော လမ်းကြောင်းသာလျှင် မိမိတို့မျှော်လင့်ထားသည့် ကမ္ဘာကြီးကို တွေ့မြင်နိုင်ရန် အကောင်းဆုံးနည်းလမ်းပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဖရိကနိုင်ငံများအနေဖြင့် ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေး၊ ကမ္ဘာကြီးကို ကာကွယ်ရေး၊ သာယာဝပြောမှုရှိရေးကို ဖော်ဆောင်ရန်ရည်ရွယ်ပြီး အတည်ပြုပြဋ္ဌာန်းခဲ့သည့် (New Partnership for Africa's Development (NEPAD)) နှင့် အာဖရိက 2063 Agenda တို့ကို ချမှတ်ဆောင်ရွက်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဖရိကနိုင်ငံများနှင့် ခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့ဒေသ၌မူ အာဆီယံအဖွဲ့ဝင်၁၀နိုင်ငံသည် စီးပွားရေးအသိုက်အဝန်းတစ်ခုကို ၂၀၁၅ ခုနှစ်၌ အောင်မြင်စွာထူထောင်နိုင်ခဲ့ပြီး ASEAN Community Vision 2015 ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC)နှင့် Greater Mekong Subregion (GMS) စသည့် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဘက်စုံထောက်ပံ့ပေးမည့် စီးပွားရေးစင်္ကြံများ၌လည်း ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၁ရာစုတွင်အာရှနှင့်အာဖရိကဒေသတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ထွန်းကားရာဒေသကြီးတို့ဖြစ်ပါကြောင်း၊ South-South Cooperation မှ တစ်ဆင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် အလားအလာကောင်းသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များရှိပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၅၅ခုနှစ်တွင် ကျင်းပခဲ့သည့်ဘန်ဒေါင်း(Bandung) ညီလာခံဟု လူသိများသည့် သမိုင်းဝင် အာရှ-အာဖရိကညီလာခံကို စီစဉ်ကျင်းပသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သကဲ့သို့ လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ်ကျော်က အာရှနှင့် အာဖရိကနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ရာတွင် ဦးဆောင်နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ထိုအချိန်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် အာရှနှင့်အာဖရိကဒေသရှိ နိုင်ငံအချို့ကိုလိုနီဘဝမှ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အာဖရိကနိုင်ငံများသည် ကာလကြာရှည်စွာခိုင်မြဲသည့် ဆက်ဆံရေးရှိသည့် နိုင်ငံများဖြစ်သည့် အလျှောက် သွေးစည်းညီညွတ်မှု၊ ခင်မင်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးပိုမိုကောင်းမွန်လာရေးအတွက်လည်းကောင်း၊ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေး နည်းလမ်းများရှာဖွေရန်အတွက် လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ပြောင်းလဲမှုများပြုလုပ်ခဲ့**

မိမိတို့အစိုးရအနေဖြင့် ဆယ်စုနှစ် ခုနစ်ခုခန့် ကြာမြင့်ခဲ့သည့် ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခကို အဆုံးသတ်ပြီး ပြည်သူလူထုကို ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောမှုကိုအာမခံပေးမည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ သိသာထင်ရှားသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် တံခါးဖွင့်ထားပါကြောင်း။

ယနေ့ဖိုရမ်သည် အာဖရိကတိုက်၏ စည်းလုံးညီညွတ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မာစေရုံသာမက အာရှနှင့် အာဖရိကအကြား ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ပညာရေးတွင် နှစ်ဖက်သော ပြည်သူလူထုများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်မှုကို မြှင့်တင်သွားရန်အတွက် အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ဘုံအကျိုးစီးပွား**

ယခုကဲ့သို့ အရေးပါလှသည့် ဖိုရမ်ကို ကျင်းပပေးသည့်အတွက် မော်ရိုကိုနိုင်ငံ၏ ဘုရင်မင်းမြတ်ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ လာမည့်ရက်များအတွင်း မိမိတို့ဘုံအကျိုးစီးပွားအတွက် ကိစ္စရပ်ပေါင်းများစွာ၌ ပူးပေါင်းဆွေးနွေးခြင်းဖြင့် မိမိတို့လိုချင်သည့် အနာဂတ်ကို ပုံသွင်းရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ပိုမိုနားလည်နိုင်အောင် ကူညီပေးနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးမျက်နှာစာသစ်တွင် အာဖရိကမိတ်ဆွေများနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် လမ်းခင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီးပွားရေးကောင်စီအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့်အတူ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**အချက်အချာကျ**

ထို့နောက် ပင်လယ်ရေကြောင်းကုန်သွယ်ရေး၊ ငါးလုပ်ငန်းနှင့် အာဖရိကဒေသ အစာအာဟာရဖူလုံရေးနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးပွဲများသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်တို့ တက်ရောက်ဆွေးနွေးကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မတ် ၁၅ရက် ညပိုင်းတွင် Dakhla ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Lamine Benomar က Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအကြီးအကဲများအား ပြည်နယ်အုပ်ချုပ်ရေးမှူးအိမ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနှင့် မော်ရိုကိုနှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သော ပူးတွဲကြေညာချက်ကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မော်ရိုကို နိုင်ငံသည် မြန်မာနိုင်ငံ၏ (၆၁)နိုင်ငံမြောက်သံတမန်



**မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။**

အဆက်အသွယ်ထူထောင်သော နိုင်ငံဖြစ်သည်။ မော်ရိုကိုနိုင်ငံသည် အာဖရိကအနောက်မြောက် အစွန်ဆုံးတွင် တည်ရှိပြီး မြောက်ဘက်တွင်မြေထဲပင်လယ် အနောက်ဘက်တွင် အတ္တလန်တိတ်သမုဒ္ဒရာတို့ ဝန်းရံထားသည့် ကုန်သွယ်ရေး အချက်အချာကျသည့် နေရာ၌ တည်ရှိသောနိုင်ငံငယ်ဖြစ်ကြောင်း သိရသည်။

**ချစ်ကြည်ရင်းနှီးမှုတိုးပွား**

Crans Montana Forum ကို Swiss Non- Governmental International Organization တစ်ခုအဖြစ် ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး Crans Montana Forumကို ခေါင်းစဉ်များခွဲ၍ ကျင်းပလျက်ရှိရာ Crans Montana Forum on Africa and South-South Cooperationအစည်းအဝေးကို မော်ရိုကိုနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်ကာ နှစ်စဉ်ဆက်တိုက် ကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ်သည် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယခုဖိုရမ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမူဘောင်ကိုအခြေခံပြီး စည်းလုံးညီညွတ်မှုတိုးတက်ကောင်းမွန်စေရေး၊ ဒေသတွင်းစီးပွားရေး၊ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရေးကို ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများ ကျင်းပ

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ မျိုးချစ်လူငယ်၊ မြို့မ၊ ရွှေခရမ်း၊ SAKA၊ VUC နှင့် ၁၄/၁၅ အသင်းတို့ နိုင်ပွဲများရခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် မျိုးချစ်လူငယ်အသင်းက ဂန္ဓမာအသင်းကို ကိုးဂိုး-ဂိုးမရှိ၊ မြို့မအသင်းက Montaung အသင်းကို ၂၀ ဂိုး-သုံးဂိုး၊ ရွှေခရမ်းအသင်းက Sport Idiot အသင်းကို ၁၆ ဂိုး-တစ်ဂိုး၊ SAKA အသင်းက KWC အသင်းကို ငါးဂိုး-လေးဂိုး၊ ၁၄/၁၅ အသင်းက ရွှေသီဟအသင်းကို ကိုးဂိုး-ရှစ်ဂိုး၊ VUC အသင်းက Brotherhood အသင်းကို ၁၈ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို မျိုးချစ်လူငယ်အသင်းမှ ဟိန်းမင်းသွေး၊ မြို့မအသင်းမှ ဇေယျာထွန်း၊ ရွှေခရမ်းအသင်းမှ မင်းချစ်သူ၊ SAKA အသင်းမှ ပြည့်ဖြိုးအောင်၊ ၁၄/၁၅ အသင်းမှ ရဲကိုကို၊ VUC အသင်းမှ ငြိမ်းမင်းစိုးတို့က ရရှိသည်။

**ရဲရင့်ရှိုင်း**

❍ ကျောဖုံးမှ
ကုသရေးဌာနရှိ လူနာများနှင့် မိဘမဲ့ကလေးများအတွက် အလှူငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွယ်မွေမြို့သို့ရောက်ရှိပြီး ဒေသခံ တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နှစ် ၁၀၀ သက်တမ်းရှိ အိမ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လွယ်မွေရွာသစ်နှင့် ပန်ဝိုင်ရွာတို့မှ ဒေသခံ ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဒေသ၏လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

လွယ်မွေမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၅၄၀ မှ ၆၀၀၂ ပေ အထိမြင့်သော တောင်ကုန်းတောင်တန်းပေါ်တွင် တည်ရှိပြီး ကျိုင်းတုံမြို့မှ လွယ်မွေမြို့သို့ မိုင် ၂၀ ခန့်ကွာဝေးကာ လွယ်မွေမြို့၏ ရာသီဥတုသည် တစ်နှစ်ပတ်လုံးတွင် ကိုးလခန့် မြူနှင်းများဖြင့် အေးမြလျက်ရှိပြီး ဥတုသုံးလီတွင် ဆောင်းရာသီကာလ ကြာရှည်သောမြို့ဖြစ်သည်။

ယခုအခါ လွယ်မွေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ် အရှေ့ပိုင်း၏ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာဒေသတစ်ခုအဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လွယ်မွေရွာသစ်မှ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံဓာတ်အားခွဲရုံ တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးမင်းနိုင်က လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ရန် ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ဓာတ်အားလိုင်း တည်ဆောက်လျက်ရှိရာ ကျိုင်းတုံဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးကုသမှုခံယူနေသည့် လူနာများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

**သတင်းစဉ်**

# သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၇**

သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang ၊UREC(Union Resources & Engineering Co.,Ltd.)နှင့် U-Energy Thaketa Power Company (China) မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် UREC (Union Resources & Engineering Co.,Ltd.)တို့ ပူးပေါင်း၍ ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း၊ U-Energy ကုမ္ပဏီက နှစ် ၃၀ ကာလ လုပ်ကိုင်ခွင့်နှင့် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်သွားမည်ဖြစ်ပြီး နှစ် ၃၀ ပြည့်ပြီးနောက် ဓာတ်အားပေးစက်ရုံကို ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ စီမံကိန်းလုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်၍ စီးပွားဖြစ် ဓာတ်အားထုတ်လုပ်ခဲ့ပြီး နိုင်ငံတော် ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားများပို့လွှတ်နေပြီဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများဖြစ်သည့် အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ၊ သီလဝါဓာတ်အားပေးစက်ရုံများမှ ဓာတ်အားစနစ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော်လည်း ပြည်သူများမှ တိုးမြှင့်သုံးစွဲလျက်ရှိသဖြင့် စီမံကိန်းအသစ်များလည်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယခုတည်ဆောက်ပြီးစီးသွားသည့် သာကေတ ၁၀၆ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံအနေဖြင့် တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီသန်းပေါင်း ၈၀၀ ခန့် တိုးတက်ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၄၂၀၀၀ ခန့် လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပိုလျှံလာပါက အခြားဒေသများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang တို့က ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ယင်းနောက် UREC(Union Resources & Engineering Co.,Ltd.)၏ ဥက္ကဋ္ဌ Mr.FengKee က ဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး စက်ရုံတည်ဆောက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ပြသသည်။

ထို့နောက် သာကေတ ၁၀၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် သာကေတ ၁၀၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang နှင့် UREC ၏ ဥက္ကဋ္ဌ Mr. FengKee တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီး **(အပေါ်ဓာတ်ပုံ)** ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက် မောင်းနှင်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးဝါးလက်ကားဈေးများ၌ BPI ဆေးဝါးအတုများ ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန် မတ် ၁၇**

စက်မှုဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ ဆေးဝါးလက်ကားဖြန့်ဖြူးရောင်းချနေသော ရွှေမင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးနှင့် ဗိုလ်ချုပ်ဈေးသစ်ရှိ BPI ဆေးဝါးအရောင်းဆိုင် ၂၅ ဆိုင်အား ရှောင်တခင်ဝင်ရောက်၍ ဆေးဝါးအတု၊ အစစ် ခွဲခြားစစ်ဆေးနိုင်သော Handheld Raman Analyzer အသုံးပြုကာ BPI ဆေးဝါးအတု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သော ဆေးဝါးအရောင်းဆိုင်များတွင် BPI ဆေးဝါးအတုများ မတွေ့ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် BPI ဆေးဝါးများအား စိတ်ချယုံကြည်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# အစိုးရအဖွဲ့ အသစ်တက်လာတဲ့အချိန်မှာ ပြည်သူတွေနဲ့ပတ်သက်ပြီး အခက်အခဲတွေ စိန်ခေါ်မှုတွေ အများကြီးဖြေရှင်းရတယ် စိန်ခေါ်မှုတွေထဲမှာ ရင်ခွင်မဲ့ကလေးများဆိုတဲ့ ပြဿနာကကြီးထွားလာတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်

ဒေါက်တာဝင်းမြတ်အေး

မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးနှင့် စွန့်ပစ်ခံမွေးကင်းစကလေးငယ်များကို စနစ်တကျပြုစုစောင့်ရှောက်ရေးသည် အမှန်တကယ် လိုအပ်နေသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စွန့်ပစ်ခံရသော ရင်ခွင်မဲ့ကလေးငယ်များကို မိဘရင်ခွင်တွင် စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်မှုရရှိရန်နှင့် ရင်ခွင်မဲ့ စွန့်ပစ်ခံကလေးများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးရန်မှာ အလွန်အရေးကြီးလှသည်။

မတ် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအခမ်းအနားကို ကျင်းပရာ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် စပ်လျဉ်းပြီး သဘောထားအမြင်များကို မေးမြန်းတင်ပြလိုက်ရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

ကျွန်တော်တို့အစိုးရအဖွဲ့ အသစ်တက်လာတဲ့အချိန်မှာ ပြည်သူတွေနဲ့ပတ်သက်ပြီး အခက်အခဲတွေ စိန်ခေါ်မှုတွေ အများကြီးဖြေရှင်းရတယ်။ စိန်ခေါ်မှုတွေထဲမှာ ရင်ခွင်မဲ့ကလေးများဆိုတဲ့ ပြဿနာကကြီးထွားလာတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဒါကိုလည်း အစိုးရက ဖြေရှင်းနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရက ပြည်သူကို တိုက်ရိုက်အကျိုးရှိမယ့်ကိစ္စတွေ ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့်ပါ။ ရင်ခွင်မဲ့ကလေးများဖြစ်ပေါ်လာရတဲ့ ကိစ္စကလည်း လူမှုစီးပွားတွေကို အခြေခံနေပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်သူတွေသိအောင်၊ ဒီလိုဖြစ်နေတယ်ဆိုတာကိုလည်း ပြည်သူတွေသိပြီးတော့ မဖြစ်အောင် ကာကွယ်မယ်၊ ဖြစ်ပြီးသားတွေကိုလည်း စောင့်ရှောက်မယ်။ အဲဒီအတွက် ရင်ခွင်မဲ့ကလေးတွေကို စောင့်ရှောက်ဖို့၊ ကာကွယ်ဖို့၊ လျှော့ချဖို့ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီအခမ်းအနားဖြစ်ပေါ်လာတာဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ရင်ခွင်မဲ့ကလေးတွေ လျှော့ချဖို့ ကာကွယ်စောင့်ရှောက်ဖို့ အတွက် အစိုးရမှာလည်း တာဝန်ရှိတယ်။ လူမှုကိစ္စဖြစ်တဲ့အတွက် လူမှုအဖွဲ့အစည်းတွေမှာလည်း တာဝန်ရှိတယ်။ ပြည်သူတစ်ရပ်လုံးလည်းပါဝင်ဖို့ လိုတယ်။ အစိုးရအနေနဲ့ဦးဆောင်မှုမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တိုက်ရိုက်ပတ်သက်နေတယ်။ ရင်ခွင်မဲ့ကလေးငယ်တွေစွန့်ပစ်တာရဲ့ အဓိကဇာတ်ကောင်ကတော့ လူငယ်တွေနဲ့ အမျိုးသမီး ငယ်လေးတွေဖြစ်ကြတယ်။ ဒီနေ့အခမ်းအနားမှာ လူငယ်တွေနဲ့ အမျိုးသမီးငယ်လေးတွေကို အဓိကဖိတ်ကြားထားတယ်၊ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဖို့ပါ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့သိဖို့လည်း မီဒီယာတွေကနေ ဖြန့်တာဖြစ်ပါတယ်။ ပြည်သူတွေအားလုံး ပါဝင်ဖို့လိုပါတယ်။ ရင်ခွင်မဲ့ကလေးငယ်တွေကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စာရင်းကောက်ယူဖို့ အဖွဲ့အစည်းတွေက စပြီးဆောင်ရွက်နေပါတယ်။ ပထမဆုံး ဆေးရုံတွေနဲ့ ပရဟိတ ဂေဟာတွေမှာ စာရင်းဇယားတွေ ကောက်ယူနေပါတယ်။ အဓိက ရန်ကုန်မှာဆိုရင် အမျိုးသမီးဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံ၊ အင်းစိန်ဆေးရုံ၊ ရန်ကင်းကလေးဆေးရုံတွေမှာ ဦးစွာကောက်ယူထားတဲ့ အချက်တွေ ရှိပါတယ်။ အဲဒီမှာ ရင်ခွင်မဲ့ကလေးငယ် ၁၀၀ နီးပါးရှိနေပါတယ်။ ကျန်တဲ့ ပရဟိတ ဂေဟာတွေမှာလည်း ရှိနေတဲ့အတွက် စာရင်းဇယားတွေက ဆောင်ရွက်နေဆဲဖြစ်ပါတယ်။



ဒေါ်ခင်လှမြင့်

**ဒေါ်ခင်လှမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)**

ရန်ကုန်တိုင်းဒေသကြီးမှာလာပြီးတော့ နိုင်ငံတော်အဆင့်လုပ်တဲ့ အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေ၊ ဌာနဆိုင်ရာတွေအားလုံးက ပံ့ပိုးပေးတယ်။ ရင်ခွင်မဲ့ကလေးဆိုတာ မိဘရှိပြီး ရင်ခွင်မဲ့နေတာရှိသလို မိဘကပစ်ထားခဲ့လို့ ရင်ခွင်မဲ့နေတာလည်း ရှိတယ်။ မိဘရှိပြီး ရင်ခွင်မဲ့တယ်ဆိုတာ မိဘက စီးပွားရှာနေတာ၊ အပျော်အပါးမက်နေတာနဲ့ ပစ်ထားတာတွေ ရှိတယ်။ အဲဒီအတွက်လည်း ဒီနေ့ အခမ်းအနားမှာ ပညာပေးတာတွေ လုပ်သွားမယ်။ ဒီနေ့အခမ်းအနားလေးဟာ အမျိုးသမီးတွေ အရွယ်သုံးပါး မရွေး စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မခံရစေဖို့အတွက် အသိပညာပေးနေတဲ့ပွဲပါ။ အမျိုးသမီးတွေလည်း အသိပညာရတယ်၊ အမျိုးသားတွေလည်း အသိပညာ ရပါတယ်။

**ဒေါက်တာဒေါ်သက်သက်ဇင် (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ)**

ဒီနေ့အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကနေ ကြီးမှူးကျင်းပတာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားလည်း ဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့ချုပ်ကလည်း တခြား အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်တာ ဖြစ်ပါတယ်။ ကျွန်မတို့ကလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီရဲ့ အဖွဲ့ဝင်တွေဖြစ်တဲ့အတွက် အမျိုးသမီးများ အကြမ်းဖက်ခံရမှု တားဆီးရေး လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လေး လူငယ်တွေသိရအောင် ပြခန်းတစ်ခန်းယူထားပြီး ပညာပေး ဆောင်ရွက်နေပါတယ်။ ဒီနေ့အခမ်းအနားမှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတဲ့ အဖွဲ့ပေါင်းစုံပါတဲ့အတွက် အမျိုးသမီးတွေ အသိပညာတွေရရှိပြီး ပြဿနာတွေကို ရှောင်ရှားနိုင်မှာဖြစ်တယ်။ ရင်ခွင်မဲ့ကလေးငယ်တွေ များပြားလာတဲ့အကြောင်းအရင်းက အများကြီးပါ။ ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေး အဖွဲ့ကနေ သုတေသနလုပ်ပြီး ရင်ခွင်မဲ့ ကလေးငယ်တွေ ဘာကြောင့်များပြားလာတယ်ဆိုတာ တွေ့ရှိချက်တွေကို ပြခန်းမှာပြသထားပါတယ်။ ရင်ခွင်မဲ့ ကလေးငယ်တွေ ဖြစ်ခဲ့ရတာက အကြမ်းဖက်မှုကအခြေခံတာများတဲ့ အတွက် အကြမ်းဖက်မှုကို တားဆီးနိုင်ဖို့ ကျွန်မတို့ ဘက်က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ဒေါက်တာဒေါ်သက်သက်ဇင်

**ဆရာမ ဒေါ်သင်းသင်းနွယ် [အထက(၁)ဒဂုံ]**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအခမ်းအနားက လူငယ်တွေ အတွက် အလွန်ကောင်းပါတယ်။ သက်ငယ်မုဒိမ်းမှုတွေ အလွန်များလာနေတဲ့အချိန်မှာ ကလေးတွေအားလုံး အတွက် အသိပညာဗဟုသုတရစေတဲ့ အခမ်းအနားဖြစ်ပါတယ်။ အမျိုးသမီးငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေကို ပညာပေးတဲ့ အစီအစဉ်တွေ အများကြီးပါနေတဲ့အတွက် ကောင်းပါတယ်။ ဒီနေ့အခမ်းအနားမှာ အမျိုးသမီးငယ်တွေနဲ့ပတ်သက်ပြီး အသိပညာပေး ပွင့်ပွင့်လင်းလင်းဆွေးနွေးတာတွေ တွေ့ရတယ်။ ကျွန်မတို့ ကျောင်းက ကျောင်းသူ ၅၀ လာရောက်လေ့လာ ကြပါတယ်။



ဆရာမ ဒေါ်သင်းသင်းနွယ်

**ဒေါက်တာမြတ်စန္ဒာသန့် (မြင့်မိုရ်မေတ္တာ-ခိုနားရာ၊ Single Mother Foundation)**

မြန်မာနိုင်ငံမှာ အမျိုးသမီးငယ်တစ်ယောက်က ခင်ပွန်းသည်မရှိဘဲ ကိုယ်ဝန်ရတယ်ဆိုပါတော့၊ ဒီကလေးကို တိတ်တိတ်လေးမွေးပြီး စွန့်ပစ်လိုက်ဖို့ပဲ ကြိုးစားကြတာ။ သူတို့ရဲ့ ရည်ရွယ်ချက်က ဒီကလေးမရှိတော့ရင် ငါ အပျိုပြန်ဖြစ်သွားမယ်လို့ထင်နေတာ၊ အဲဒီအနေအထားကနေ ရင်ခွင်မဲ့ကလေးငယ်တွေ များပြားလာတယ်။ နောက်တစ်ခုက ရင်ခွင်မဲ့ကျောင်းတွေ အလွန်များလာတယ်။ ရင်ခွင်မဲ့ကျောင်းတွေများလာတာက ကလေးများလို့မဟုတ်ဘူး၊ တာဝန်မဲ့တဲ့ မိဘတွေများလာလို့။ ရင်ခွင်မဲ့ကလေး လျှော့ချရေးတင်မကဘူး၊ ရင်ခွင်မဲ့ကျောင်းတွေ လျှော့ချရေးကိုပါ စိစစ်ရတော့မှာ။ မြန်မာနိုင်ငံမှာ ရင်ခွင်မဲ့ကလေးကို မွေးစားခွင့်မပေးဘူး။ အဲဒီအယူအဆကလည်း မှားနေတယ်။ ရင်ခွင်မဲ့ကလေးဖြစ်လာရင် မိသားစုအသစ်ဖန်တီးပေးသင့်တယ်၊ ဒီကလေးအတွက်ပါ။ ရင်ခွင်မဲ့ကလေးလျှော့ချရေးကို မြန်မာနိုင်ငံမှာလုပ်ကို လုပ်ရမယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့ ရင်ခွင်မဲ့ကျောင်းတွေက တကယ်ရင်ခွင်မမဲ့ဘူး။ မိဘမဲ့တွေမဟုတ်ဘူး။ မိဘတာဝန် မဲ့တဲ့သူတွေ။ ကလေးတွေက မိဘတွေရှိတယ်။



ဒေါက်တာမြတ်စန္ဒာသန့်

ရင်ခွင်မဲ့ကလေးတွေ များလာတာက အဓိက စီးပွားရေးအကျပ်အတည်းရယ်၊ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာရယ်၊ အဖေမပေါ်တဲ့ကလေး၊ အဲဒီစကားတွေက မြန်မာ့ထုံးတမ်းစဉ်လာရဲ့စကားတွေ။ ကလေးက အဖေမပေါ်တာ မဟုတ်ဘူး၊ ကလေးက အဖေရှိတယ်။ အဖေက တာဝန်ယူမသွားတာ။ နှိမ့်ချပြီးပြောနေတဲ့ မြန်မာ့ဓလေ့ထုံးတမ်း စဉ်လာစကားတွေကို လုပ်သင့်တာက အတွေးအခေါ် အကြည့်အမြင် အယူအဆတွေ ပြောင်းလဲပစ်ရမှာ။ Single Mother အဖြစ် ရပ်တည်လာမယ့်သူတွေကို ဆွဲထူပေးရမှာကို ဆွဲချနေကြတယ်။ အဖေမပေါ်တဲ့ကလေးဆိုပြီး ဆွဲနှစ်နေကြတယ်ဆိုရင် ဒီမိန်းမသည် ဒီကလေးကို မစွန့်ပစ်ချင်ဘဲနဲ့ စွန့်ပစ်သွားလိမ့်မယ်။ အဲဒါကို ကျွန်မတို့ တားဆီးချင်တယ်။ Single Mother ဆိုတာ တစ်ကမ္ဘာလုံးမှာ ရှိတယ်။ နိုင်ငံတိုင်းမှာ ရှိတယ်။ ကလေးကို မွေးပြီး စွန့်ပစ်တာသည် နို့မတိုက်နိုင်လို့မှမဟုတ်တာ၊ ပြဿနာအရင်းအမြစ်ကို လိုက်ရှာရမှာ။ မိဘမဲ့ဆိုတာ သေသွားလို့မှမဟုတ်တာ။ မိဘတာဝန်မဲ့တာ။ မိဘတာဝန် မမဲ့အောင် ဘယ်လို တွန်းအားပေးရမလဲဆိုတော့ ပြည်သူကပြန်ပြီး တွန်းအားပေးရမယ်။ မလိမ္မာတဲ့ အဖေနဲ့ အမေကြောင့် လောကကြီးထဲရောက်လာတဲ့ ကလေးက အဘိုးအဘွားနဲ့ပတ်ဝန်းကျင်က မကူညီရင် နေစရာမရှိဘူး။

တွေ့ဆုံမေးမြန်း - မင်းသစ်
ဓာတ်ပုံ - ဇော်မင်းလတ်

## ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးတွင် ပါဝင်သည့် ဟံသာဝတီဘူတာ အဆင့်မြှင့်တင်ပြုပြင်မည်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ပါဝင်နေသည့် ကြည့်မြင်တိုင်မြို့နယ်ရှိ ဟံသာဝတီဘူတာအား အဆင့်မြှင့်တင်ပြုပြင်ရန် အစီအစဉ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်က "ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဟံသာဝတီဘူတာရုံမှာ နှစ်အလွန်ကြာမြင့်နေပြီဖြစ်၍ ပျက်စီးယိုယွင်းပြီး အမြင်မတင့်တယ်ဖြစ်နေပါသဖြင့် ဟံသာဝတီဘူတာရုံအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိကို သိရှိလိုပါကြောင်း"မေးခွန်းနှင့်ပတ်သက်ပြီး ဝန်ကြီး ဒေါ်နီလာကျော်က အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဟံသာဝတီဘူတာရုံအား ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံချက်မှာလည်း ပါဝင်တဲ့အတွက် ဟံသာဝတီဘူတာရုံကို အဆင့်မြှင့်တင် ပြုပြင်သွားရန် အစီအစဉ်ရှိပါတယ်။ ယခုအခါ ဟံသာဝတီဘူတာဝင်းမြေနေရာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီးတော့ မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်"ဟု ဝန်ကြီးဒေါ်နီလာကျော်က မတ် ၁၆ ရက်က ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စတင်လိုက်ပြီဖြစ်ပြီး ရန်ကုန်မြို့ပတ်(အနောက်ခြမ်း)၏ အပိုင်း(၁) စီမံကိန်းအနေဖြင့် အင်းစိန်-တညင်းကုန်းလမ်းပိုင်းကို မတ် ၂၀ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ကာ အဆိုပါလမ်းပိုင်း၏ အတွင်းသံလမ်း(လက်ဝဲရစ်)ကို စတင်အဆင့်မြှင့်တင်ပြုပြင်ခြင်းများ ပြုလုပ်မည်ဖြစ်ပြီး စီမံကိန်းကာလကို မေ ၃၁ ရက်တွင် ပြီးစီးရန် လျာထားသည်။ ယင်းစီမံကိန်း ပြီးစီးပါက စီမံကိန်းအပိုင်း(၂) အနေဖြင့် အင်းစိန်-ကြည့်မြင်တိုင် လမ်းပိုင်းကို အဆင့်မြှင့်တင်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက်အပိုင်း(၃)အနေဖြင့် ကြည့်မြင်တိုင်-ရန်ကုန်(ဘုရားလမ်း)ဘူတာအထိ လမ်းပိုင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ ယင်းစီမံကိန်း ပြီးစီးမည့်ကာလကို ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် လျာထားကြောင်း သိရသည်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု(အနောက်ခြမ်း) အပြင် (အရှေ့ခြမ်း)စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်း တစ်ခုလုံး ပြီးစီးပါက မြို့ပတ်ရထား ပြေးဆွဲမှု ကြာမြင့်ချိန်ကို လျှော့ချနိုင်မည် ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းသည် ၄၆ ကီလိုမီတာ ရှည်လျားပြီး မြို့ပတ်ဘူတာစဉ် ၃၈ ဘူတာရှိကာ မြို့ပတ်ရထားခရီးစဉ် မြို့တစ်ပတ်ပြေးဆွဲမှု ကြာမြင့်ချိန်သည် မိနစ် ၁၇၀ ခန့်ရှိကြောင်း သိရသည်။ မြို့ပတ်ရထားမြန်နှုန်းမြှင့် ပြေးဆွဲနိုင်ရေးဆောင်ရွက်နေမှုနှင့်အတူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ဘူတာများ အဆင့်မြှင့်တင်ခြင်း၊ ပလက်ဖောင်းများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆုနှင်းလှဲ့**

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောခရိုင်ရှိ အိုးထိန်း၊ ခုံတိုင်နှင့် ကြိမ်ချောင်းကျေးရွာများ ကွင်းဆင်းသတင်းရယူ

**စစ်တွေ မတ် ၁၇**

ပြည်တွင်း၊ ပြည်ပ သတင်းသမားများပါဝင်သည့် သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့အား မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား စိစစ်လက်ခံရေး၊ နေရာချထားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်ရှိ မြို့တိုင်းရင်းသားများ နေထိုင်ရာ ခုံတိုင်နှင့် မြဝတီကျေးရွာ၊ ဟိန္ဒူဘာသာဝင်များနေထိုင်ရာ အိုးထိန်းကျေးရွာ၊ အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ကြိမ်ချောင်းကျေးရွာတို့၌ UEHRD အစီအစဉ်ဖြင့် နေအိမ်များ တည်ဆောက်ပေးနေမှု၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ လက်ရှိနေထိုင်စားသောက်မှု၊ NV ကတ်ရရှိမှု အပါအဝင် ၎င်းတို့ သိရှိလိုသည်များကို လွတ်လပ်စွာ မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ARSA အကြမ်းဖက်သမားများ၏ တစ်ဖက်နိုင်ငံသို့ဖမ်းဆီးခံရပြီး ပြန်လည်ရောက်ရှိလာသည့် ရဲဘောက်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့ကြသည်။

**သူရဇော်**



မောင်တောခရိုင်အုပ်ချုပ်ရေးရုံး၌ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူးအား သိလိုသည်များ မေးမြန်းကြစဉ်။



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ကြိမ်ချောင်းကျေးရွာ၌ အိမ်ရာအသစ် တည်ဆောက်ပေးနေမှုများ ကွင်းဆင်းသတင်းရယူကြစဉ်။



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းသတင်းရယူကြစဉ်။

# နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး ကြိုးပမ်းနေ

**သတင်းနှင့် ဓာတ်ပုံ**
**ကျော်သူဝင်း၊ အေးမင်းသူ**

**မောင်တော မတ် ၁၇**

မောင်တောကုန်သွယ်ရေးစခန်းသည် အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၏တောင်းဆိုချက်အရ ကျပ်ငွေဖြင့် ပို့ကုန်ပစ္စည်းများ တင်သွင်းခွင့်ပြုထားကာ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

"အရင်က နှစ်နိုင်ငံကုန်သွယ်မှုအဖြစ် ပို့ကုန်၊ သွင်းကုန်ပစ္စည်းတွေကို အမေရိကန်ဒေါ်လာနဲ့ သတ်မှတ်ထားခဲ့ပါတယ်၊ အခုချိန်မှာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တောင်းဆိုမှုအရ လယ်ယာထွက်ကုန်ပစ္စည်းအချို့နဲ့ စက်မှုကုန်ချောပစ္စည်းတွေကို မြန်မာကျပ်ငွေနဲ့ ပို့ကုန်ပစ္စည်းတွေ တင်သွင်းခွင့်ပြုထားပါတယ်၊ လယ်ယာထွက်ပစ္စည်းတွေဖြစ်တဲ့ ချင်းအစို၊ နနွင်းခြောက်၊ လဲမှို(အစေ့ပါ)၊ ဆီးသီးခြောက်၊ မန်ကျည်းသီး(အစေ့ပါ)၊ မန်ကျည်းသီး၊ ပဲမျိုးစုံစတဲ့ ပို့ကုန်ပစ္စည်းတွေကို မြန်မာကျပ်ငွေနဲ့ ဝယ်ယူရောင်းချနိုင်ရေး ဖြေလျှော့ပေးထားပါတယ်၊ စက်မှုကုန်ချောပစ္စည်းတွေဖြစ်တဲ့ ဖိနပ်၊ ဝက်ခြံပျောက်ခရင်မ်၊ သကြားလုံး၊ ဆီးယိုထုပ်၊ သနပ်ခါးခဲ၊ ကွေကာနဲ့ စောင်ပါး စတဲ့ ပို့ကုန်ပစ္စည်းတွေကိုလည်း မြန်မာကျပ်ငွေနဲ့ သတ်မှတ်ပေးထားပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မြန်မာနိုင်ငံက အဓိကတင်ပို့နေတဲ့ ဆန်နဲ့ အခြားကုန်ပစ္စည်းတွေကိုတော့ အမေရိကန်ဒေါ်လာနဲ့ပဲ အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်"ဟု မောင်တောကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးချိုထွေးက ပြောသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များသည် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် ရောင်းချဝယ်ယူရာတွင် ငွေကြေးလဲလှယ်မှုများ အဆင်မပြေသည့်အတွက် တာဝန်ရှိသူများထံ တင်ပြတောင်းဆိုမှုများ ပြုလုပ်ခဲ့ရာ ပို့ကုန်၊ သွင်းကုန်ပစ္စည်းအချို့ကို မြန်မာကျပ်ငွေဖြင့် ရောင်းဝယ်မှုများ ပြုလုပ်နိုင်ရန် တာဝန်ရှိသူများက ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မောင်တောကုန်သွယ်ရေးစခန်း၌ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ် ၁၃ ရက်အထိ မြန်မာနိုင်ငံမှ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းကျော်ရှိခဲ့သောကြောင့် ယခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် တိုးလာကြောင်း သိရသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ မတ် ၁၃ ရက်အထိ လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောစသည့် ပို့ကုန်ပစ္စည်းတို့ကို တင်ပို့နိုင်ခဲ့ပြီး ဧည့်မထဆန်၊ ငါးသလောက်၊ ငါးစုံလေးခြောက်၊ ချင်းအစို၊ ငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ ရေငန်ပုစွန်၊ ငါးနီတူခြောက်၊ ငါးခေါင်းပွ၊ ရေချိုငါး၊ ဆီးသီးခြောက်၊ နနွင်းနှင့် ပဲအမျိုးမျိုး စသည်တို့ကို အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

# အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၇**

၂၀၁၈ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲ အုပ်စုပွဲများကို မတ် ၁၄ ရက်မှစ၍ ကျင်းပလျက်ရှိပြီး မတ် ၁၇ ရက်က ကျင်းပသည့်ပွဲများအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး၊ All Star နှင့် သိမ်ဖြူလူငယ်အသင်းတို့ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

ယနေ့ကျင်းပသည့် ပွဲများအပြီးတွင် အုပ်စုပွဲများအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက တပ်မတော်(လေ) အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(ရေ) အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ သိမ်ဖြူလူငယ်အသင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို သုံးဂိုး-နှစ်ဂိုး၊ All Star အသင်းက တပ်မတော် (လေ) အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ All Star အသင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို ငါးဂိုး-ဂိုးမရှိ၊ သိမ်ဖြူလူငယ်အသင်းက တပ်မတော်(ရေ) အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲကို မတ် ၁၈ ရက်တွင် ရပ်နားမည်ဖြစ်သည်။ မတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ) အသင်း၊ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တပ်မတော် (ရေ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို မတ် ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

# ငွေဆောင်မှ ဂေါ်ရင်ဂျီကျွန်းသို့ ဒုတိယအကြိမ် စက်ဘီးနင်းခရီးကြမ်း သွားရောက်မည်

**ရန်ကုန် မတ် ၁၇**

ဂေါ်ရင်ဂျီကျွန်း ဒေသန္တရခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန် ရည်ရွယ်သည့် (ငွေဆောင်-ဂေါ်ရင်ဂျီ-ကြွေချိုင်ကမ်းခြေ) တောင်တက်စက်ဘီးနင်းခရီးစဉ်ကို ဒုတိယအကြိမ်အဖြစ် စက်ဘီးစီးအဖွဲ့ဝင်များနှင့် တောင်တက်အဖွဲ့ဝင်များ ပါဝင်သော အဖွဲ့ဝင် ၄၅ ဦးသည် မတ် ၂၄ ရက်မှ ၂၇ ရက်ထိ လေးရက်ကြာ သွားရောက်မည်ဟု သိရသည်။

အဖွဲ့ဝင်များသည် စက်ဘီးနင်းခရီးကြမ်းခရီးစဉ်အတွက် ကြိုတင်လေ့ကျင့်မှုများကို မတ် ၁၀ ရက်၊ ၁၁ ရက်နှင့် မတ် ၁၇ နှင့် ၁၈ ရက်တို့တွင် ရန်ကုန်တက္ကသိုလ်မှ ဝါယာလက်အထိ အသွားအပြန် စက်ဘီးနင်းလေ့ကျင့်ခဲ့ကြသည်။ ယင်းနောက် မတ် ၂၄ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ငွေဆောင်သို့ ကားဖြင့် ထွက်ခွာကာ ငွေဆောင်မှ ဂေါ်ရင်ဂျီကျွန်းသို့ စက်ဘီးနင်း ခရီးကြမ်းသွားရောက်ကြမည်ဖြစ်သည်။

"စက်ဘီးစီးပြီး ခရီးသွားတယ်ဆိုတာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်တဲ့ ခရီးသွားခြင်း တစ်မျိုးလို့ ကျွန်တော်မြင်တယ်၊ ပြီးတော့ ဒီခရီးစဉ်ကို ဂေါ်ရင်ဂျီကျွန်း ဒေသခံပြည်သူတွေက ဆောင်ရွက်ပေးဖို့ အကူအညီတောင်းတော့ ကျွန်တော် တို့ထပ်ပြီး စီစဉ်ဖြစ်ကြတယ်၊ ကျွန်တော်တို့ ခရီးစဉ်က ဂေါ်ရင်ဂျီကျွန်းဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် တစ်ထောင့်တစ်နေရာက အားဖြစ်စေမယ်လို့လည်း ယုံကြည်ပါတယ်"ဟု ခရီးစဉ်အတွက် စီစဉ်ပေးသူ ကိုမျိုးညွန့်သန်းက ပြောသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်များသည် ငွေဆောင်မှ ကနစိုးကုန်းရွာ၊ ယင်းမှ ဂေါ်ရင်ဂျီကျွန်း ကြွေချိုင်ရွာထိ စက်ဘီးစီးနင်းသွားမည်ဖြစ်ပြီး ညတွင် သဲသောင်ပြင်၌ တဲများထိုးကာ ညအိပ်ရပ်နားမည် ဖြစ်သည်။ နောက်တစ်နေ့နံနက်တွင် ကမ်းခြေဦးရွာ၊ ငန်းချောင်းရွာထိ စက်ဘီးဖြင့် ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့် စက်လှေဖြင့် ပုဂံကျွန်းသို့ သွားရောက်ကာ ညတွင် တဲများထိုး၍ ညအိပ်ရပ်နားမည် ဖြစ်သည်။ နောက်နေ့တွင် ပုဂံကျွန်းမှ ဘုတ်ပင်ဆိပ်သို့ စက်လှေဖြင့် ထွက်ခွာလာကြပြီး ယင်းမှ လိပ်ချိုင်၊ ပုလင်ချိုင်၊ ကျောက်ခြေထောက်၊ ရေချိုတွင်းများသို့ စက်ဘီးဖြင့် သွားရောက်လေ့လာကြမည်ဖြစ်သည်။ ထို့နောက် မြဝတီစေတီတော်ရှိရာ တောင်ထိပ်သို့ ခြေကျင်တောင်တက်ခရီးကြမ်း သွားရောက်မည်ဖြစ်သည်။ ညနေပိုင်းတွင် ကြွေချိုင်မှ ရန်ကုန်သို့ ကားဖြင့် ထွက်ခွာမည်ဖြစ်သည်။

ခရီးစဉ်အတွင်း အဖွဲ့ဝင်များသည် ငွေဆောင်မှ ဂေါ်ရင်ဂျီကျွန်းသွားရာ ကမ်းခြေလမ်းတစ်လျှောက် သဘာဝအလှအပများ၊ ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို စက်ဘီးစီးရင်း လေ့လာသိရှိခွင့်ရမည်ဖြစ်သည်။ အဆိုပါခရီးစဉ်ကို ဒေသခံများ၏ ကူညီပံ့ပိုးမှုဖြင့် စက်ဘီးစီး အဖွဲ့ဝင်များ၊ တောင်တက်အဖွဲ့ဝင်များ စုပေါင်းကာ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။



**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မျိုးညွန့်သန်း**

# ဧရာဝတီမြစ်တစ်လျှောက်ရှိ မန္တလေးဆိပ်ကမ်းဧရိယာအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်နေရာများ ချထားပေးမည်

**မန္တလေး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဧရာဝတီမြစ်တစ်လျှောက်ရှိ မန္တလေးဆိပ်ကမ်းဧရိယာအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်နေရာများချထားပေးတော့မည်ဖြစ်ကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

ဧရာဝတီမြစ် တစ်လျှောက်ရှိ မန္တလေးဆိပ်ကမ်း၊ ရွှေကြက်ယက်ဆိပ်ကမ်းနှင့် ညောင်ဦးဆိပ်ကမ်းတို့တွင် စုပုံနေရာ၊ ဆိပ်ကမ်းအသုံးပြုရန်နေရာ၊ အဆောက်အအုံနေရာများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်နေရာ ချထားပေးနိုင်ရန် မတ် ၁၅ ရက်မှစ၍ တင်ဒါစတင်ခေါ်ယူလျက်ရှိကြောင်း သိရသည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်နေရာချထားပေးတဲ့အခါ ပွင့်လင်းမြင်သာမှုရှိစွာနဲ့ သတင်းစာထဲထည့်ပြီး ပြည်သူသိအောင်ကြေညာပြီး တင်ဒါခေါ်ယူပါတယ်။ တင်ဒါလာလျှောက်တဲ့သူတွေကို ကျွန်တော်တို့ဌာနက စိစစ်ပြီး တိုင်းဒေသကြီးအစိုးရကို တင်မယ်၊ ပြီးရင်တော့ လုပ်ကိုင်ခွင့်ရတဲ့သူတွေကို အကြောင်းကြားမှာပါ၊ ဒီနှစ်မှာတော့ အရင် နှစ်တွေလို နှစ်ကုန်မှ တင်ဒါကြေးပေးသွင်းရမှာမဟုတ်ဘဲ နှစ်စတာနဲ့ လုပ်ငန်းလုပ်ကိုင်တဲ့သူတွေကလည်း တင်ဒါကြေးကို တစ်ခါတည်း အပြည့်အဝ သွင်းရမယ်"ဟု ၎င်းက ပြောသည်။



လက်ရှိတွင် ဧရာဝတီမြစ်တစ်လျှောက်ရှိ ဆိပ်ကမ်းနေရာများ စနစ်တကျဖြစ်စေရန် ဆိပ်ကမ်းကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေပြီး အသေးစိတ်လုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် ဆိပ်ကမ်းများနေရာ ချထားရေးလုပ်ငန်းကော်မတီ၊ မရမ်းခြံဆိပ်အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် ဆိပ်ကမ်းသာယာလှပရေးလုပ်ငန်းကော်မတီတို့ကို ထပ်မံဖွဲ့စည်း၍ ဆောင်ရွက်နေကြောင်း သိရသည်။

"ဆိပ်ကမ်းနေရာတွေမှာ ကုန်တင်ကုန်ချတဲ့နေရာက တစ်နေရာ၊ သဲလုပ်ငန်းတွေပဲရှိတဲ့နေရာက တစ်နေရာ၊ နိုင်ငံခြားသားခရီးသွားဆိပ်ကမ်းက တစ်နေရာ အဲဒီလို သီးသန့်နေရာတွေ မလုပ်ပေးနိုင်သေးဘူး၊ ဒါပေမဲ့ အခုတော့ အဲဒီလိုနေရာလေးတွေနဲ့ စနစ်တကျဖြစ်အောင် ကော်မတီတွေဖွဲ့ပြီးကြိုးစားဆောင်ရွက်နေပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးဆိပ်ကမ်း၊ ရွှေကြက်ယက်ဆိပ်ကမ်းနှင့် ညောင်ဦးဆိပ်ကမ်းတို့မှ ဆိပ်ကမ်းနေရာအသုံးပြုခွန်၊ စုပုံခွန်၊ အဆောက်အအုံခွန်တို့အတွက် ဘဏ္ဍာနှစ်တစ်နှစ်လျှင် ငွေကျပ်သိန်း ၂၅၀၀ ကျော် ရရှိကြောင်းနှင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြင့်ရရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တရားမဝင် လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၇**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်တွင် တရားမဝင် လိုင်စင်မဲ့ယာဉ်နှစ်စီးအား မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ယာဉ်များကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ စခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော ရွှေဖြူရော်ဘာခြံလမ်းနှင့် သစ်ဆိပ်ပင် ရှောင်ကွင်းလမ်းတို့တွင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် DAIHATSU HIJET PICK UP ယာဉ်တစ်စီးနှင့် NISSAN ELEGRAND STATION WAGON ယာဉ်တစ်စီးတို့ ဖြတ်သန်းမောင်းနှင်လာသည်ကို တွေ့ရှိ၍ တားဆီးစစ်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၅ ဒသမ ၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မတ် ၁၆ ရက်တွင် အဆိုပါ စစ်ဆေးရေးစခန်းများက တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှုတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၁၁၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၅ ဒသမ ၇၄ သန်းခန့်)၊ စုစုပေါင်း တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၆ ဒသမ ၈၅၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၈ စီး၊ သွင်းကုန် ၈၆၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

## မြန်မာ့ရုပ်မြင်သံကြား
## Entertainment Channel

**၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့)**

၀၅:၀၀ အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး
၀၅ :၁၅ ပြည်သူ့နီတိ "ပြောလိုက်ပါ့မယ်"
၀၅ :၃၀ ဆန်းသစ်လှပ မြန်မာ့အက
၀၅ :၄၅ A Day Tour On A Cart (Bagan Trip)
၀၅ :၅၅ Fantastic Orchid Garden From The Flower City
၀၆ :၀၅ The Recycle Art; Tyre
၀၆ :၂၀ School For the Blind (Kyee Myin Dine)
၀၆ :၄၅ ပြည်သူ့နီတိ "ပြောလိုက်ပါ့မယ်"
၀၇ :၀၅ သာယာငြိမ့်အေးမင်္ဂလာတေး
၀၇ :၁၅ မြန်မာ့ရိုးရာကစားနည်းများ (အပိုင်း-၁)
၀၇ :၂၅ Surprise Meals
၀၇ :၄၅ ရင်ထဲစွဲထင် တေးဂန္ထဝင်
၀၈ :၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရန်ငြိုးဖွဲ့အချစ်" (အပိုင်း-၃၉)
၀၈း၃၀ Chef Life; Zin Minn Htun
၀၈ :၄၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၀၉ :၀၀ Cele Chitchat
၁၀ :၀၅ Running Man (Ep-316)
၁၁ :၂၅ Surprise Meals
၁၁ :၄၅ မြန်မာ့ရိုးရာကစားနည်းများ (အပိုင်း-၁)
၁၂ :၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "အညတရမိုးကောင်းကင်"
၁၄ :၂၀ A Day Tour On A Cart (Bagan Trip)
၁၄ :၃၅ Fantastic Orchid Garden From The Flower City
၁၄ :၄၅ The Recycle Art; Tyre
၁၅ :၀၀ School For the Blind (Kyee Myin Dine)
၁၅ :၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၁၅ :၅၀ မြန်မာဗီဒီယိုဇာတ်လမ်း "မစ္စတာဖောရှော"
၁၈ :၀၀ ကာတွန်းအစီအစဉ် "Doraemon (Ep-48)"
၁၈ :၃၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရန်ငြိုးဖွဲ့အချစ်" (အပိုင်း-၄၀)
၁၉ :၀၀ ငြိမ်းချမ်းရေးဂီတပွဲတော် (အပိုင်း-၁)
၂၀ :၃၅ MRTV Entertainment Music
၂၁ :၀၀ Cele Chitchat
၂၂ :၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "အဆိပ်သင့်ပျိုမေ"

**၁၉-၃-၂၀၁၈ (တနင်္လာနေ့)**

၀၀ :၀၅ A Day Tour On A Cart (Bagan Trip)
၀၀ :၂၀ Fantastic Orchid Garden From The Flower City
၀၀ :၃၀ ကာတွန်းအစီအစဉ် "ဝံပုလွေလေးအားမီနဲ့ယူကီ"
၀၂ :၃၀ ဆန်းသစ်လှပ မြန်မာ့အက
၀၂ :၄၀ ပြည်သူ့နီတိ "ပြောလိုက်ပါ့မယ်"
၀၃ :၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "မင်းသားရဲ့မစ္စစ်"
၀၅ :၀၀ အစီအစဉ်ပြီး၏။

# မြန်မာနေရှင်နယ်လိဂ်မှ ဒိုင်များ၏ စွမ်းဆောင်ရည်များ ပြန်လည်သုံးသပ်သည့် အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၇**

MPT Myanmar National League 2018 အမှတ်ပေးဘောလုံးပြိုင်ပွဲ အပါအဝင် မြန်မာနေရှင်နယ်လိဂ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် လိဂ်ပြိုင်ပွဲများအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဒိုင်လူကြီးများ၏ စွမ်းဆောင်ရည်များကို ပြန်လည်သုံးသပ်မှုကို မတ် ၁၆ ရက်က သုဝဏ္ဏကွင်း ပထမထပ်ရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က "ဘောလုံးပွဲကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကျင်းပနိုင်ရန် ပြိုင်ပွဲအဓိကတာဝန်ယူကိုင်တွယ်ဆုံးဖြတ်ရသည့် ဒိုင်လူကြီးများ၏ အရည်အသွေးနှင့် Laws of the Games နှင့်အညီ ကိုင်တွယ်ကြီးကြပ်ဆောင်ရွက်နိုင်မှု အခြေအနေပေါ်တွင် အဓိကကျကြောင်း၊ တစ်ခါတစ်ရံအကြောင်းအမျိုးမျိုးကြောင့် မိမိရှုထောင့်မြင်ကွင်းကနေကြည့်ပြီး စက္ကန့်ပိုင်းအတွင်း ချက်ချင်းဆုံးဖြတ်ဆောင်ရွက်ရတာဖြစ်၍ အနည်းငယ်မှားယွင်းချွတ်ချော်သွားသော ဆုံးဖြတ်ချက်အချို့ ချမှတ်မိနိုင်ကြောင်း၊ မိမိရဲ့Best Performance တွေကို လူတွေက မြင်မှာမဟုတ်တော့ဘဲ မိမိဆုံးဖြတ်ချက်အမှားကိုပဲ ကြီးမားတဲ့ပြစ်မှုတစ်ခုအဖြစ် ဝေဖန်ပြစ်တင်နိုင်ကြောင်း၊ ဆုံးဖြတ်ချက်အမှားကြောင့် အနိုင်ကနေ သရေ၊ အရှုံးဖြစ်သွားဖို့ ဖြစ်လာခဲ့ရင် အဲဒီကလပ်အသင်းအတွက် အလွန်နစ်နာမှုရှိသည်ကို ကိုယ်ချင်းစာနားလည်ပေးတတ်ရန်လိုကြောင်း၊ ယခုနှစ် MNL ပွဲစဉ်အချို့မှာ ဒိုင်လူကြီးအချို့ရဲ့ မမျှော်လင့်သော အားနည်းချက်၊ ဆုံးဖြတ်ချက်အချို့ကြောင့် အသင်းအချို့မှာ အလွန်နစ်နာခဲ့ပြီး ဝေဖန်ပြစ်တင်မှုတွေ၊ မကျေနပ်စာများပေးပို့လာမှုတွေ ခပ်စိပ်စိပ်လေး ဖြစ်ပွားလာခဲ့ကြောင်း၊ လူတိုင်းမှားတတ်သော်လည်း ခဏခဏအမှားမလုပ်မိအောင် အားလုံးစုပေါင်းဆွေးနွေးတိုင်ပင်ပြီး ဘောလုံးပွဲများကို အမှားအယွင်းတစ်စုံတစ်ရာမရှိဘဲ ပိုမိုကြိုးစားဆောင်ရွက်ပေးကြပါ"ဟု ပြောကြားသည်။

ယင်းနောက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကြိုင်က စည်းကမ်းထိန်းသိမ်းရေးကိစ္စများကို တိုက်တွန်းအကြံပြုပြောကြားသည်။

ယင်းနောက် ယခုနှစ် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအတွင်း ဖြစ်ပွားခဲ့သည့် အမှားအယွင်းများကို ဗီဒီယိုဖြင့် ပြသခဲ့သည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကြိုင်၊ အဖွဲ့ဝင်ဦးစိုးမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းချို၊ ဒိုင်လုပ်ငန်းဌာန ဒါရိုက်တာဦးထွန်းလှအောင်နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြိုင်ပွဲကြီးကြပ်သူများ၊ ဒိုင်ကြီးကြပ်သူများ၊ ဒိုင်လူကြီးများ တက်ရောက်ခဲ့ကြသည်။

ဇေယျာ



ယာဉ်မတော်တဆမှုကြောင့် အဖွဲ့သားခုနစ်ဦး သေဆုံးခဲ့ရသည့် မင်းမင်းဦး ဇာတ်အဖွဲ့အတွက် အလှူငွေကျပ်သိန်း ၁၅၀ ကို ယနေ့နံနက်ပိုင်းက အမျိုးသားဇာတ်ရုံတွင် ပြုလုပ်လျက်ရှိသည့် သဘင်ညီလာခံ၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းပိုင်ရှင်များကိုယ်စား ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးဇော်မင်းသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ရန်ကုန်ယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးမင်းဆွေဦး၊ ရှမ်းယူနိုက်တက်အသင်း ဒါရိုက်တာ ဦးရဲမျိုးထွန်းတို့က သွားရောက်ပေးအပ်လှူဒါန်းကြစဉ်။

(ကြေးမုံ)

## မတ် ၁၇ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**အက်ဖ်အေဖလား ကွာတားဖိုင်နယ် ရှုံး/ထွက်**

| | | | |
|---|---|---|---|
| ဆွမ်ဆီး | ၀ | ၃ | စပါး |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၇**

| | | | |
|---|---|---|---|
| ဖရိုင်းဘတ် | ၁ | ၂ | စတုဂတ် |
| အော့စ်ဘတ် | ၁ | ၃ | ဝါဒါဘရီမင် |
| ဂလာဘတ် | ၃ | ၃ | ဟော်ဖန်ဟိမ်း |
| ဟမ်းဘတ် | ၁ | ၂ | ဟာသာဘာလင် |
| ဖရန့်ဖတ် | ၃ | ၀ | မိန့်ဇ် |

**ပရီမီယာလိဂ် ပွဲစဉ် - ၃၁**

| | | | |
|---|---|---|---|
| ဘုန်းမောက် | ၂ | ၁ | ဝက်စ်ဘရွန်း |
| ဟက်ဒါဖီးလ် | ၀ | ၂ | ပဲလေ့စ် |
| စတုတ်စီးတီး | ၁ | ၂ | အဲဗာတန် |

**စပိန်လာလီဂါ ပွဲစဉ် - ၂၉**

| | | | |
|---|---|---|---|
| လီဗန်တေး | ၂ | ၁ | အီဘာ |
| ဒီပို့ဒီပို | ၁ | ၁ | လက်ပါးမက်စ် |

ခိုင်ဝင်း



# ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗီဒီယိုလက်ထောက်ဒိုင်များ ပထမဆုံးအကြိမ်အဖြစ် စတင်အသုံးပြုမည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ယခုနှစ်တွင် ကျင်းပမည့် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဗီဒီယိုလက်ထောက်ဒိုင်များ အသုံးပြုမည့်နည်းပညာကို တရားဝင်အတည်ပြုခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် စတင်အသုံးပြုတော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဗီဒီယိုလက်ထောက်ဒိုင်များကို ဂျာမနီနှင့် အီတလီတို့တွင် အသုံးပြုမှုများရှိနေပြီး ယခုနှစ်တွင် အင်္ဂလန်ပြည်တွင်းဖလားပြိုင်ပွဲတချို့တွင်လည်း စမ်းသပ်အသုံးပြုမှုများရှိခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့မှာ အချိန်နဲ့တစ်ပြေးညီထုတ်လွှင့်ပြသနိုင်ဖို့ လိုအပ်ပါတယ်၊ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်နဲ့အကောင်းဆုံး ဆုံးဖြတ်နိုင်ဖို့လိုအပ်သလို ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာဆို အလွန်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေရှိနေပါတယ်"ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂီယာနီအင်ဖန်တီနိုက ပြောကြားခဲ့သည်။

ဗီဒီယိုလက်ထောက်ဒိုင်များအသုံးပြုမှုကို ၂၀၁၆ ခုနှစ် ကမ္ဘာ့ကလပ်အသင်းဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ပြီး ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်လည်း စမ်းသပ်အသုံးပြုခဲ့ကြောင်းလည်း သိရသည်။

ဗီဒီယိုလက်ထောက်ဒိုင်များအသုံးပြုမှုကို အင်္ဂလန်အနေဖြင့် လာမည့်ပရီမီယာလိဂ်ဘောလုံးရာသီတွင် အသုံးပြုရန်မရှိသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်ကမူ အသုံးပြုရန်အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ၂၀၁၈-၂၀၁၉ ချန်ပီယံလိဂ်ဘောလုံးရာသီတွင်မူ အသုံးပြုလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါဗီဒီယိုလက်ထောက်ဒိုင်များအသုံးပြုမှုကို ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် မတ် ၂၂ ရက်မှ စတင်ကာ အသုံးပြုရန် ဆုံးဖြတ်ခဲ့သော်လည်း စပိန်လာလီဂါပြိုင်ပွဲနှင့် ပြင်သစ်ပထမတန်းပြိုင်ပွဲများတွင်မူ လာမည့် ဘောလုံးရာသီရောက်မှသာ စတင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရုရှားနိုင်ငံ၌ ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ၂၀၀၆ ခုနှစ်က ဂျာမနီတွင် ကျင်းပခဲ့ပြီးနောက်ပိုင်း ယခုတစ်ကြိမ်သည် ဥရောပ၌ ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရုရှားနိုင်ငံရှိ ဘောလုံးကွင်း ၁၂ ကွင်းတွင် အသီးသီး ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်

# မန်စီးတီးမှာ လီဗာပူး၏ချန်ပီယံလိဂ်အိပ်မက်ကို ခြိမ်းခြောက်နိုင်သည့်အသင်းဟု ကလော့ပ်မှတ်ချက်ပြု



မန်စီးတီးဟာ လီဗာပူးရဲ့ ချန်ပီယံလိဂ်အိပ်မက်ကို တကယ်ခြိမ်းခြောက်နိုင်တဲ့ အသင်းဖြစ်သလို ဒီအတွက် မန်စီးတီးအားကစားဒါရိုက်တာ ဘက်ဂီရီစတိန်းလည်း ကျေနပ်ဖို့ခက်ခဲမယ့် မဲခွဲဆုံးဖြတ်မှုဖြစ်မယ်လို့ လီဗာပူးနည်းပြ ကလော့ပ်က မဲခွဲဆုံးဖြတ်မှုအပြီးမှာ ပြောကြားသွားခဲ့ပါတယ်။ မတ် ၁၆ ရက် နိုင်ယွန်မြို့မှာ ကျင်းပခဲ့တဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေ မဲခွဲဆုံးဖြတ်မှုမှာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာတဲ့ အင်္ဂလန်အသင်းနှစ်သင်း တိုက်တိုက်ဆိုင်ဆိုင် ထိပ်တိုက်တွေ့ဆုံနေခဲ့တာဖြစ်ပါတယ်။

မန်စီးတီးနဲ့ လီဗာပူးတို့ဟာ ယခုနှစ်ဘောလုံးရာသီပရီမီယာလိဂ်မှာ တစ်လှည့်စီ အနိုင်ယူထားနိုင်တဲ့အသင်း ဖြစ်တယ်ဆိုတဲ့အချက်ကို ယာဂန်ကလော့ပ်က ထောက်ပြပြီး လီဗာပူးအနေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့လည်း အာမခံချက်ပေးလိုက်ပါတယ်။

ဒီလို အင်္ဂလန်ကလပ်အသင်း ထိပ်တိုက်တွေ့ဆုံမှုကို ဆိုးရွားလွန်းတယ်ဆိုတဲ့ မှတ်ချက်တွေရှိနေသလို တစ်ဖက်မှာလည်း ဒန်ကန်ရိုက်တို့လို အားကစားကျွမ်းကျင်သူတွေကတော့ ဒါဟာ ချန်ပီယံလိဂ်လိုအမြင့်ဆုံးပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကို အင်္ဂလန်ကလပ်အသင်းတစ်သင်း တက်ရောက်နိုင်မယ်ဆိုတဲ့ အာမခံချက်ရရှိခြင်းဖြစ်တယ်ဆိုတဲ့ အပြုသဘောဆောင်တဲ့ ရေးသားမှုတွေလည်း ရှိနေပြန်ပါတယ်။

ဒီနှစ်သင်း လာမယ့် ဧပြီ ၄ ရက်မှာ လီဗာပူးရဲ့ အိမ်ကွင်းအန်းဖီးလ်မှာ ပထမအကျော့ပွဲစဉ်ကို ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ဧပြီ ၁၀ ရက် မန်စီးတီးရဲ့ အီတီဟတ်ကွင်းမှာ ဒုတိယအကျော့ကို ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒုနှစ်ကျော့ယှဉ်ပြိုင်မယ့် ကြားရက်မှာ နှစ်သင်းစလုံးက ဒါဘီပွဲစဉ်တွေကို ယှဉ်ပြိုင်ရဖို့ ရှိနေပြန်ပါတယ်။ ဒီလို ပွဲကြပ်တွေ ရှိနေတဲ့အပေါ် ယာဂန်ကလော့ပ်က ပရီမီယာလိဂ်ပွဲစဉ်ရေးဆွဲသူတွေကို ပြစ်တင်ခဲ့ပြီး အင်္ဂလန်အသင်းတွေ ချန်ပီယံလိဂ်လို ဥရောပပြိုင်ပွဲတွေမှာ အောင်မြင်မှုနဲ့ ဝေးကွာနေတာက ပရီမီယာလိဂ်ပွဲစဉ်ဇယား ရေးဆွဲမှုတွေကြောင့် ဖြစ်တယ်လို့လည်း ဆိုသွားခဲ့ပါတယ်။

မေလဲ့သင်း - ရေးသားသည်

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၉၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၇**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၉၀) ရဲသိပ္ပံတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့သည်။ ထို့နောက် ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီး ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသားအမှတ်(၈၄) ဒုတိယရဲအုပ်လောင်း ထွန်းအောင်ကျော်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုနှင့် အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၃၄) ဒုတိယရဲအုပ်လောင်း နှစ်သစ်ဖူး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၆၆) ဒုတိယရဲအုပ်လောင်း သူရ၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၉၁) ဒုတိယရဲအုပ်လောင်း အေးအေးချမ်းတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှု အရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး လက်အောက်ငယ်သားများ၏ လေးစားလက်ခံယုံကြည်မှုရှိအောင် ကျင့်ကြံနေထိုင်လုပ်ကိုင်သွားရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်(၆)ရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကဖြစ်သောကြောင့် အဆိုပါတာဝန်များကို ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ အလေးထားဆောင်ရွက်သွားရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်သည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံရေးကို ထိခိုက်စေသည့်အပြင် ကြီးမားသော မှုခင်းများ၊ ဒုစရိုက်မှုများကျူးလွန်လာတတ်သည်ကို တွေ့ရှိရသည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်၊ လုံခြုံရေးဆောင်ရွက်ရာတွင် အစွန်းရောက်အကြမ်းဖက်မှုအန္တရာယ်



ကြီးမားလာသည်ကို သတိပြုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိများ အမြဲမပြတ်ထားရှိရန်၊ မှုခင်းကျဆင်းရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးတွင် ပြည်သူ့အားကိုရယူပြီး ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ထိရောက်အောင်မြင်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မိသားစုနှင့် သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် သင်တန်းဆင်း အရာရှိလောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းအရာရှိ အမျိုးသား ၁၉၀၊ အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၂၉၉ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## တောင်တက်လမ်းမာရသွန်ပြိုင်ပွဲ ကျင်းပ

**သံတောင်ကြီး မတ် ၁၇**
ကရင်ပြည်နယ် သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့နှင့် Myanmar Responsible Tourism institute တို့ပူးပေါင်း၍ သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထူးအစီအစဉ်တစ်ရပ်ဖြစ်သော နိုင်ငံပေါင်း ၁၇ နိုင်ငံမှ တာဝေးအပြေးသမား ၃၂ ဦးနှင့် မြန်မာနိုင်ငံသား ၁၀ ဦးတို့သည် မတ် ၁၇ ရက် နံနက် ၇ နာရီတွင် သံတောင်မြို့ (၁၃)မိုင်မှစတင်ပြီး တောင်ပေါ်တက်လမ်းအတိုင်း သံတောင်ကြီးမြို့သို့ အကွာအဝေး ၁၇ မိုင်ခန့်ခရီးကို ပြေးခဲ့ကြသည်။

အဆိုပါ တာဝေးအပြေးပြိုင်ပွဲတွင် Mr. Nigel klein (Australia) က စံချိန် ၂ နာရီ ၁၉ မိနစ်ဖြင့် ပထမ၊ Mr.Yoshinobu Matsui ( Japan) က ၂ နာရီ ၂၃ မိနစ်ဖြင့် ဒုတိယ၊ Mr. Frederic Inza (French)က စံချိန် ၂ နာရီခွဲဖြင့် တတိယ အသီးသီး ရရှိခဲ့ကြသည်။ အမျိုးသမီး Ms.Sabine kania (Switzerland) က စံချိန် ၂ နာရီ ၄၇ မိနစ်တွင် ပန်းတိုင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ဆုရရှိသူများကို ညနေ ၆ နာရီခွဲတွင် Iwish တည်းခိုခန်း၌ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## စွန့်ပစ်မြေစာပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ လေးဦးပျောက်ဆုံး

**ဖားကန့် မတ် ၁၇**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကန်ခါကျေးရွာအနီး ကျောက်စိမ်းတောင် ကျောက်မျက် တူးဖော်ရေးကုမ္ပဏီတွင် မတ် ၁၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် မြေစာပုံပိ၍ ရေမဆေးကျောက်ရှာဖွေသူ လေးဦး ပျောက်ဆုံးနေကာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ၏ အနောက်ဘက် ၁၅ မိုင်ခန့် အကွာရှိ ကန်ခါကျေးရွာအနီး ကျောက်စိမ်းတောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံ ပြိုကျခဲ့မှုကြောင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရှမ်းစုရပ်ကွက်နေ လှရင်ပု (၂၁)နှစ်နှင့် မင်းဇော်တူး(၂၁)နှစ်၊ ကန်ခါကျေးရွာနေ မျိုးဦး(၂၅)နှစ်နှင့် ကရင်ချောင်ကျေးရွာနေ ဇင်မင်းဦး(ခ) ဖိုးစိ(၂၅)နှစ်တို့ လေးဦးမှာ ပျောက်ဆုံးနေပြီး ကုမ္ပဏီပိုင် မြေသယ်ယာဉ်နှစ်စီး စွန့်ပစ်မြေစာများ ဖုံးလွှမ်းသွားခဲ့သည်။

အဆိုပါ မြေစာပုံပြိုကျရာနေရာသို့ နယ်မြေလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သိန်းနွယ်လှိုင်နှင့် ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**





**အမည်ပြောင်း**
ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကျောက်ဝှက်ကုန်းရွာနေ ဦးမြင့်သိန်း၏သမီးဖြစ်သူ အထက ကမြောကင်း၊ ဆဋ္ဌမတန်း(B)မှ မအေးအေးငြိမ်းအား မခြူးရတီသင်းဟုပြောင်းလဲခေါ်ဆိုပါရန်။
**မခြူးရတီသင်း**




**အများသိစေရန်အသိပေးကြေညာချက်**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ အနော်ရထာရပ်၊ အကွက်အမှတ်နှင့် အမည်-၂၂/ဇေယျသိဒ်၊ ဦးပိုင်အမှတ်(၁၂၃)၊ ဧရိယာ(၀. ၁၄၇)ဧကရှိ ဂရန်မြေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပုဂံမြို့သစ်၊ အနော်ရထာရပ်၊ မြတ်လေးလမ်းနှင့် မဇ္ဈူလမ်းထောင့်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဦးအုန်းဟန် နိုင်ငံသားကတ်အမှတ်[၁၂/ အစန(နိုင်)၀၁၁၆၅၃] ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ်စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(လုံးချင်း)၊ မြေကွက်အမှတ်(၈၂)၊ မြေကွက်တည်နေရာအမှတ်(၂)၊ ပျဉ်းမလမ်း၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်၊ ဦးလှမြင့်(AD-၀၃၀၂၂၁)၊ ဒေါ်ခင်သိန်းသိန်း(CJ-၀၂၅၄၀၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်နှစ်ဦးဖြစ်သူ(ဖခင်)ဦးလှမြင့်သည်(၁၁-၁-၉၈)ရက်တွင်လည်းကောင်း၊ (မိခင်) ဒေါ်ခင်သိန်းသိန်းသည် ၃-၁၁-၂၀၁၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သည့် ဦးအောင်သန်းမြင့်[၉/မနတ(နိုင်)၀၃၀၈၃၈]၊ ဒေါ်ဥမ္မာမြင့်[၉/မနတ(နိုင်) ၀၃၀၈၃၉]တို့မှ သေစာရင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ(၁-၁၉၄၄/၂၂-၁-၂၀၁၈)နှင့် ဂရန်မူရင်းတို့တင်ပြပြီး ၎င်းတို့၏ ကိုယ်စားလှယ်လွှဲစာရသူ(G.P) ဦးဖြိုးနိုင်[၁၂/သဃက(နိုင်)၀၃၅၀၁၆]မှ ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်း၊ ယနေ့ထက်တိုင်ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ(၁-၁၉၄၇/၂၄-၁-၂၀၁၈)တင်ပြ၍ ပိုင်ဆိုင်+အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေရှိနှစ်ထပ်တိုက်တွင်(G.P)ဦးဖြိုးနိုင်မိသားစု နေထိုင်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး (ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များဖြင့် မြန်မာပြည်တွင်းသို့ ဝင်ရောက်လည်ပတ်

**တာချီလိတ် မတ် ၁၇**
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဖြင့် ဆောင်ရွက်နေသည့် Myanmar Mystery Land Travels &Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသားဧည့်သည် POLLT.COL. WICHIAN Chaisupap အပါအဝင် ၃၃ ဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ် အစီး ၃၀ ဖြင့် တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ယနေ့ နံနက် ၈ နာရီခန့်က မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးတံတား အမှတ်(၁)မှစတင်၍ တာချီလိတ်-နမ့်စန်-တောင်ကြီး-အင်းလေး-မန္တလေး-ပုဂံ-နေပြည်တော်-ရန်ကုန်-ကျိုက်ထီးရိုး-မြဝတီမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ **ဝေယံလင်း(ပြန်/ဆက်)**


# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

[illegible]

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဆက်လက်ဖော်ပြပါမည်။













# မန်ကျည်းတစ်ညို့ လူတစ်ကိုယ်

ကိုရင်ညြ


ဓာတ်ပုံ- Fortune

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဖြုတ်ချမှုကြောင့် နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်ရာထူးမှ ဆင်းပေးရမည် ဖြစ်ပြီး သူ၏နေရာတွင် အမေရိကန် ဗဟို ထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) အကြီးအကဲ မိုက်ပွန်ပဲယို တာဝန်ယူရန် နိုင်ငံ့ဦးသျှောင်ထရန့်က ရွေးချယ်လိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ "သူတည်း တစ်ယောက် ကောင်းဖို့ရောက်မူ သူ တစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း"ဟူသော အနန္တသူရိယ အမတ်ကြီး၏ မျက်ဖြေလင်္ကာကို ပြန်လည်ကြားယောင်မိလေ၏။

သမ္မတထရန့်သည် စီအိုင်အေညွှန်ကြားရေးမှူးသစ်အဖြစ် ဂီနာဟာစပဲအား ရွေးချယ်လိုက်ရာ ထိပ်တန်းထောက်လှမ်းရေး အဖွဲ့အစည်းတစ်ရပ်တွင် အမျိုးသမီးတစ်ဦးကို ပထမဆုံးအကြိမ်တာဝန်ပေးအပ်မှုအဖြစ် ထူးထူးခြားခြား ရှုမြင်ကြရပြန်သည်။

> "'စိတ်သာရှင်စော ဘုရားဟော'ဟူဘိသို့ပင် နိုင်ငံရေးအပါအဝင် မည်သည့်ရေးရာများတွင်မဟူ စေတနာသာလျှင် လိုရင်းဖြစ်၏။ စေတနာရှိခဲ့ပါလျှင် . . ."

ဟာစပဲသည် လက်တလောတွင် စီအိုင်အေ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းရွက်လျက်ရှိပြီး မကြာမီတွင် ယင်းအဖွဲ့အစည်း၏ ပထမဆုံးသော အမျိုးသမီးအကြီးအကဲအဖြစ် အများက တွေ့မြင်ကြရပေအံ့။

တွစ်တာ လူမှုကွန်ရက်မီဒီယာပေါ်တွင် သမ္မတ ထရန့်၏ ကမျှောသောပါး ထုတ်ပြန်ကြေညာချက် ပေါ်ထွက်လာချိန်အတွင်း တီလာဆန်မှာ အာဖရိကတိုက်၌ ခရီးနှင်နေချိန်ဖြစ်၏။ ယင်းကြေညာချက်ကြောင့် တီလာဆန်မှာ သူ၏ ခရီးစဉ်ကို ချုံ့၍ ကမန်းကတန်း ပြည်တော်ပြန်လာခဲ့ရ၏။

## မင်းခယောကျာ်း ကမ်းနားသစ်ပင်

ဤတွင်ရွှေ့ကား 'မင်းခယောကျာ်း ကမ်းနားသစ်ပင်' ဟူသော ဆိုရိုးစကားက ကျွန်ုပ် ဟဒယနှလုံးအိမ်အတွင်းသို့ ကဆုန်ပေါက် ဝင်ရောက်လာသည်ကို ဂရုဓမ္မပြုမိ၏။ တစ်ဆက်တည်းမှာပင် 'တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း၊ လျှောကျနောက်ဆုံးရှိချေ၏ တကား' ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂစကားကိုပါ ပြန်လည်ကြားယောင်မိ၏။

သံတမန်ရေး လူစွမ်းကောင်းဘဝကို အဆုံးသတ်လိုက်ရတော့မည့် တီလာဆန်က-

"ကျုပ် ပုဂ္ဂလိကဘဝကို ပြန်သွားတော့မယ်"ဟု မီဒီယာများကို ပြောကြားလေသည်။

တီလာဆန်သည် သမ္မတထရန့်ကို ကျေးဇူးတင်စကားမဆို၊ သူ၏ မူဝါဒများကိုလည်း ထုတ်ဖော်ချီးကျူးခြင်းလည်း မပြု။

'အရှင်ချစ်ကြည် ထီးနှင့်စည်၊ မည်မသင့်ငြား၊ လည်နှင့် ခါး' ပမာ တီလာဆန်ရှိနေ၏။

အက္ကဆွန်မိုဘီးလ် ရေနံကုမ္ပဏီကြီး၏ အကြီးအကဲဘဝမှ လွန်ခဲ့သည့်နှစ်တွင် နိုင်ငံခြားရေး ဝန်ကြီးရာထူးသို့ တက်လှမ်းခဲ့သူ တီလာဆန်မှာ အိမ်ဖြူတော်နှင့် လူသိရှင်ကြား ပဋိပက္ခဖြစ်မှုများကို တွေ့ကြုံခံစားရပြီးနောက် ပစ္စည်းသင်္ခါရ၊ လူသင်္ခါရ၊ ရာထူး သင်္ခါရ သဘောတရားကို လက်တွေ့သဘောဖြင့် စောကြောဝေဖန်မိလောက်ပြီဟု ကျွန်ုပ်တွေးတောမိပြန်သည်။

"တရုတ်နဲ့ အမေရိကန် ဆက်ဆံရေးပိုကောင်းအောင် ကျုပ်လုပ်ပေးခဲ့တယ်၊ မြောက်ကိုရီးယားရဲ့ နျူကလိယလက်နက်အစီအစဉ်ကို ထိန်းချုပ်နိုင်အောင် ကျုပ်ဆောင်ရွက်ပေးခဲ့တယ်" ဟု နိုင်ငံခြားရေးဌာန၌ မေ ၁၄ ရက်က သတင်းထောက်များကို တီလာဆန်က ပြောကြားခဲ့လေသည်။

"ဒါပေမယ့်လည်းဗျာ ရုရှားအစိုးရရဲ့ ပြဿနာရှာမှုကို အမေရိကန်တုံ့ပြန်နိုင်အောင် အများကြီးဆက်လုပ်သွားဖို့ လိုပါတယ်"ဟု တီလာဆန်က သူ့အမြင်ကို ဖွင့်ဟ၏။

တီလာဆန်သည် မတ် ၃၁ ရက်အထိ နိုင်ငံခြားရေးဝန်ကြီး ရာထူးတွင် တရားဝင်ရှိနေဦးမည်ဖြစ်သည်။ ထိုစဉ်အတွင်း သူ၏ လက်ထောက် ဂျွန်ဆူလီဗန်က ပွန်ပဲယိုအား အတည်ပြုခန့်အပ်ချိန်အထိ လုပ်ငန်းဆောင်တာများကို လွှဲပြောင်းရယူသွားလိမ့်မည်။

ဆိုင်းမဆင့် ဗုံမပါ ဝန်ကြီးရာထူးနေရာ အပြောင်းအလဲ ပြုလုပ်မှုအတွက် မတ် ၁၃ ရက်က အိမ်ဖြူတော်ပြင်ပတွင် သတင်းထောက်များကို သမ္မတထရန့်က ပြောဆိုပုံမှာ ဤသို့တည်း -

"ဓာတုဗေဒမှာ ဓာတ်တိုးခြင်း၊ ဓာတ်ပြုခြင်း၊ ဓာတ်လျှော့ခြင်းဆိုသလိုပ၊ ကျုပ်နဲ့ တီလာဆန်အကြား သဘောထားအမြင် မတူတာတွေရဲ့ ဓာတ်တုံ့ပြန်မှုပါပဲ"ဟု သမ္မတထရန့်က ဘွင်းဘွင်းကြီးဆို၏။

"သူနဲ့ ကျုပ် မတည့်အတူနေ တုံဏှိဘာဝေဆိတ်ဆိတ်နေရှိခဲ့ကြတယ်၊ ဒါပေမယ့် သဘောကွဲလွဲမှုတွေ အများသား၊ အီရန် နျူကလိယ သဘောတူညီချက်ကိစ္စမှာ သူနဲ့ကျုပ် ကွဲလွဲမှုတွေရှိခဲ့တယ်။ ပွန်ပဲယိုနဲ့ ကျုပ်ကတော့ စဉ်းစားတွေးခေါ်ပုံချင်းအတော်တူညီနေတယ်။ ဒါ့ကြောင့် သူ့ကို ကျုပ်က ရွေးချယ်ပါတယ်"ဟု သမ္မတထရန့်က မိန့်တော်မူ၏။

သမ္မတထရန့် အာဏာရရှိလာချိန်နောက်ပိုင်း စီနီယာအရာရှိကြီး အများအပြားမှာ ရာထူးမှ နုတ်ထွက်ခြင်း၊ ရာထူးမှ ဖယ်ရှားခံရခြင်း ဖြစ်ရပ်များရှိခဲ့ပြီး တီလာဆန်မှာ နောက်ဆုံးရာထူးမှ ဖြုတ်ချခံရသူ ဖြစ်လာသည်။

ခြုံငုံကြည့်လျှင် တီလာဆန် ဒေါက်ဖြုတ်ခံရခြင်းမှာ သူနှင့် အိမ်ဖြူတော်အကြား လူသိရှင်ကြား သဘောကွဲလွဲမှု အသံဗလံများ၏ ရလဒ်ပါပေတည်း။

## ဖောက်လွဲတတ်စွာ ဓမ္မတာ

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ ကိုယ်ကဤပုံဖြစ်လိုတုံလည်း တစ်ဖုံဆင်ကွဲ သူတနဲဖြင့် ဖောက်လွဲတတ်စွာ ဓမ္မတာကို ပညာစက္ခုမျှော်ထောက်ရှု၍ ကြည့်ရှုရန်မှတစ်ပါး အခြား မရှိပါပြီ။

အမေရိကန် နိုင်ငံရေးဘဝတွင် မတည့်အတူနေ ပုဂ္ဂိုလ်နှစ်ဦး လက်တွဲဖြုတ်မှုကို ကျွန်ုပ်တို့ တွေ့မြင်ကြရခြင်းဖြစ်၏။ ဓာတ်တူနာမ်တူ ဆေးဖက်ယူ သဘောတရားကို စောကြောဝေဖန်နိုင်၏။

အမေရိကန်နိုင်ငံရေး ဖြစ်တည်မှုကို ကြည့်လျှင် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တို့၏ နိုင်ငံရေးလမ်းစဉ်များ ကွဲပြားခြားနားမှုကို တွေ့နိုင်၏။ ယခုတစ်ကြိမ်တွင်ကား အစိုးရအဖွဲ့အတွင်းမှာပင် ဝန်ကြီးနှင့် သမ္မတအကြား သဘောထားကွဲလွဲမှုကို ပြသခြင်းဖြစ်၏။

နိုင်ငံရေးဘဝ ဖြတ်သန်းကြရာဝယ် တစ်ဦးနှင့် တစ်ဦးအမြင်မတူမှု ရှိတတ်သည်မှာလည်း ဓမ္မတာပါပေတည်း။ သာခကေ ဆောင်ရသော် တစ်ဦးက သေဒဏ်ပြစ်ဒဏ်စနစ် အဆုံးသတ်ရန် တောင်းဆိုချိန်တွင် ကျန်တစ်ဦးက ယင်းစနစ်ကျင့်သုံးရေးဘက်မှ ထောက်ခံပြောဆိုသည်။ အခွန်တိုးကောက်ရေးဘက်မှ ထောက်ခံသူရှိသလို အခွန်လျှော့ချရေးဘက်မှ ကာကွယ်သူလည်း ရှိသည်။

အိမ်ဖြူတော်သို့ ဟီလာရီကလင်တန် ရောက်ရှိစေလိုသော ပြည်သူများရှိဘိသကဲ့သို့ ဒေါ်နယ်ထရန့် ရောက်ရှိစေလိုသော ပြည်သူများလည်း ရှိခဲ့သည်။

နိုင်ငံရေးဘဝ ဖြစ်တည်မှုတွင် ဘုံသဘောထားရှိကြသူများက မဟာမိတ်ဖွဲ့ရေးဘက်သို့ ဦးတည်သွားလေ့ရှိသည်။

ဧကန်မှုကား ရှုထောင့်မတူမှုကြောင့်သာလျှင် သဘောထား ကွာဟမှုဖြစ်ပေါ်ရခြင်းဖြစ်သည်။ အရေးကြီးလှသည်မှာ ရှုမြင်သူ၏ သဘောထားအမြင် မှန်ကန်ဖို့ လိုသည်။

'စိတ်သာရှင်စောဘုရားဟော'ဟူဘိသို့ပင် နိုင်ငံရေးအပါအဝင် မည်သည့်ရေးရာများတွင်မဟူ စေတနာသာလျှင် လိုရင်းဖြစ်၏။ စေတနာရှိခဲ့ပါလျှင် အပြုသဘောလုပ်ဆောင်စရာများ မရှားလှပါချေ။

စက္ခုနှစ်ကွင်း အလင်းမရသော 'စက္ခုပါလမထေရ်'သည် စင်္ကြံလျှောက်စဉ် ပိုးသတ္တဝါတို့ကို နင်းမိသဖြင့် သတ္တဝါ ပိုးပရန်တစ်သိုက် သေကျေပျက်စီးရပါသော်လည်း သေစေလိုသော စိတ်စေတနာမရှိသဖြင့် သူအပြစ်မရှိဟု ဗုဒ္ဓဘုရားရှင်က ပိုင်းခြားစိတ်ဖြာ သုံးသပ်ပြခဲ့ပုံကို ကျွန်ုပ်သတိမူမိ၏။

## ဖြစ်ကြောင်းကုန်စင် နောက်ကြောင်းငင်သော်

တီလာဆန်သည် အမေရိကန်နိုင်ငံခြားရေးဌာန၏ သမိုင်းကြောင်းတွင် ရေပန်းစားမှု မရှိဆုံးနိုင်ငံခြားရေး ဝန်ကြီးဖြစ်ဖွယ်ရှိ၏ဟု ပေါ်လတီကို မဂ္ဂဇင်းကြီးက မှတ်ချက်ပြုလေသည်။

အမေရိကန် သံတမန်အသိုက်အဝန်းကို အင်အားချို့ချရန် တီလာဆန်လုံးပန်းနေစဉ်အတွင်း သူရာထူးမှ ဖယ်ရှားခံရခြင်းဖြစ်သည်။ တီလာဆန်သည် နိုင်ငံခြားရေးဌာန ခေတ်မီတိုးတက်ရေးဟူသော သူ၏ အမြင်နှင့် ပတ်သက်၍ သံတမန်ဝန်ထမ်းကြီးများ၏ သဘောတူထောက်ခံမှုရအောင် လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိသကဲ့သို့ သံတမန်ဗျူရိုကရေစီ ယန္တရားကြီးအတွက် ဦးစီးပဲ့ကိုင်နိုင်မှု အားနည်းခဲ့ရသည်ဟုလည်း အဆိုပါ မဂ္ဂဇင်းက ရေးသားဖော်ပြသည်။

အမေရိကန်သံတမန် အသိုင်းအဝိုင်းကို စည်းရုံးနိုင်ခြင်း မရှိသဖြင့် အကြီးတန်းအဆင့် သံတမန်များနှင့် နိုင်ငံခြားရေးဌာန ဝါရင့်အရာရှိများ တဖြုတ်ဖြုတ်နှင့် နုတ်ထွက်မှုများ ရှိခဲ့ရသည်ဆို၏။

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် အဖွဲ့အစည်းတစ်ရပ်အတွင်း ဦးစီးဦးဆောင်ပြုသူများ စည်းရုံးရေးစွမ်းရည်မြင့်မားလျက်ရှိနေရန် အရေးကြီးလှပုံကို တွေးတောမိလေသည်။

အဖွဲ့အစည်းတစ်ရပ် ပေါက်မြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းရာတွင် ဦးစီးဦးရွက်ပြုသူမှာ စည်းရုံးရေးစွမ်းရည် (ဝါ) ဩဇာထက်မြက်ရန် လိုအပ်ပေမည်။

ဤနေရာတွင် 'ဩဇာ'နှင့် 'အာဏာ' မတူကွဲပြားပုံကို သတိချပ်သင့်သည်။ ဩဇာသည် Power ဖြစ်ပြီးလျှင် အာဏာသည် Authority ဖြစ်သည်။

ပြည်သူများ၏ ယုံမှတ်ပုံအပ်မှုဖြင့် အာဏာရရှိထားသော အာဏာပိုင်အစိုးရတာဝန်ရှိသူများသည် ဆုံးဖြတ်ပိုင်ခွင့်အာဏာ၊ စေခိုင်းခွင့်အာဏာ၊ ညွှန်ကြားခွင့်အာဏာရရှိထားသည့် တိုင်အောင် လက်အောက်ငယ်သားများအပေါ် စိတ်ဓာတ်ရေးရာအရ ဆွဲဆောင်စည်းရုံး နိုင်မှုတည်းဟူသော ဩဇာရှိရန် အထူးလိုအပ်ပေမည်။

ဤလောက၌ ရာထူးအရ အာဏာရရှိခြင်း၊ ခြွေမှုရံသည်ဟူသော သဘောတရားအရ ပေးကမ်းစွန့်ကြဲခြင်းဖြင့် နောက်လိုက်နောက်ပါ အခြွေအရံရရှိခြင်း၊ အရေးယူအပြစ်ပေးပိုင်ခွင့်ရှိခြင်းကြောင့် လူတို့အပေါ် လွှမ်းမိုးနိုင်ခြင်း၊ တစ်သွေး၊ တစ်သံ၊ တစ်မိန့် အာဏာရရှိခြင်းကြောင့် အပေါ်စီးမှ နေနိုင်ခြင်း၊ ကျွမ်းကျင်မှု အတတ်ပညာအရ တပည့်များရရှိခြင်းတို့ထက် မိမိ၏ ကိုယ်ကျင့်သိက္ခာ၊ သီလ၊ သမာဓိ၊ ပညာတည်းဟူသော အနှစ်သာရပြည့်ဝခြင်းကြောင့် ပြည်သူတို့အပေါ် ဩဇာရှိခြင်းက သာလွန်အမြတ်ဆုံးဖြစ်သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

မန်ကျည်းသားသည် အနှစ်ရှိခြင်းကြောင့် လုံးပတ် တစ်ညှိုလောက်ရှိသော အကိုင်းပင် လူတစ်ကိုယ်စာနိုင်သည်။ မန်ကျည်းပင်၏ အကိုင်းအခက်များသည် သေးသေးကလေးဖြစ်စေကာမူ၊ နွဲ့နွဲ့ကလေးဖြစ်စေကာမူ အင်မတန် ခိုင်မာသန်စွမ်းပြီး မကျိုးတတ်၊ မပြတ်တတ်၊ မပဲ့တတ်သည့် သဘောတရားကို တွေးတောမိရင်း "မန်ကျည်းတစ်ညှို့ လူတစ်ကိုယ်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
Tillerson was a Disaster for the state Department. Can pompeo Do Better? (Politico)



# ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်များ နှင့် ပရိသတ်စိတ်ဝင်စားမှု မြင့်တက်နေသည့် အကယ်ဒမီ

**အကယ်ဒမီဆိုသည်နှင့် ရုပ်ရှင်အနုပညာရှင်များ၏ ရင်ခုန်သံများကိုသာမက ရုပ်ရှင်ချစ်ပရိသတ်များ၏ ရင်ခုန်သံကိုပါ ပူးတွဲကြားသိရသည်မှာ အမြဲပင်ဖြစ်သည်။ ယခုလည်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကို မတ် ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်။ ထို့ကြောင့် ယခုအချိန်ကာလကို အကယ်ဒမီပုံရိပ်များ၊ အကယ်ဒမီခန့်မှန်းသတင်းများ လွှမ်းမိုးနေသောကာလဟု ဆိုနိုင်သည်။ တစ်နည်းဆိုရလျှင် အကယ်ဒမီနှင့်ပတ်သက်၍ ပရိသတ်၏ စိတ်ဝင်စားမှု အမြင့်ဆုံးအချိန်ကာလသို့ ရောက်ရှိနေချိန် ဖြစ်သည်။**

ကုန်လွန်ခဲ့သည့် မြန်မာ့ရုပ်ရှင်ပုံရိပ်များအကြောင်းကို ပြန်လည်တွေးတောကြည့်သောအခါ ၂၀၁၇ ခုနှစ်သည် မှေးမှိန်နေသော မြန်မာ့ရုပ်ရှင်လောကအတွက် အပြောင်းအလဲများ စတင်ဖြစ်ပေါ်သောကာလဟု ဆိုနိုင်သည်။ ရုံပြိုင်စနစ်များ ဖြစ်ပေါ်လာပြီးနောက် ရုံတင်ဇာတ်ကားအရေအတွက်များ သိသာစွာတိုးမြင့်လာခဲ့သည်။ ပုံစံဟောင်းများမှ ခွဲထွက်လာသော ရုပ်ရှင်ဇာတ်လမ်းဖန်တီးမှုတချို့ ရှိခဲ့သည်။ လူငယ်မျိုးဆက်သစ်များ၏ ဖန်တီးမှုပုံစံသစ်များ၊ ကြိုးပမ်းမှုများ အရာထင်လာသော နှစ်တစ်နှစ်ဖြစ်ပြီး မျက်နှာသစ်သရုပ်ဆောင်များစွာ မြန်မာ့ရုပ်ရှင်ပိတ်ကားပေါ်သို့ ခြေချခွင့်ရခဲ့သော နှစ်တစ်နှစ်ဟု ဆိုရမည်။

ထို့ပြင် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ မြန်မာ့ဒီမိုကရေစီ ရက်သတ္တပတ် ရုပ်ရှင်ပွဲတော်ကို ကျင်းပခဲ့ပြီး ပွဲတော်ကာလအတွင်း ရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်ပြသခဲ့သည်။ “နေခြည်မှာ ရွှေရည်လောင်း”၊ “ကြီးမြတ်သော မြန်မာ”၊ “ဒီမိုရုပ်ကွက်”၊ “သရာစောထိ” နှင့် “တိမ်ပြာသောနေ့” ရုပ်ရှင်ဇာတ်ကားများကို ပြသခဲ့ပြီး ကြည့်ရှုသူပရိသတ်များ၏ နှစ်သက်မှုကို ရရှိခဲ့သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်များသည် ရုပ်ရှင်ကြည့်ပရိသတ်များ၏ အာရုံကို ယခင်နှစ်များကထက် ဆွဲဆောင်နိုင်ခဲ့ပြီး မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်၍ လူအများ၏ စိတ်ဝင်စားမှုကို ပြန်လည်ရရှိအောင် စတင်လုပ်ဆောင်နိုင်ခဲ့သော နှစ်ကာလတစ်ခုဖြစ်သည်ဟု ဆိုချင်သည်။

ဇာတ်ကားအရေအတွက်ကို နှိုင်းယှဉ်ရလျှင်လည်း ယခင် ၂၀၁၆ ခုနှစ်တွင် အကယ်ဒမီစာရင်းဝင် ဇာတ်ကားအရေအတွက်မှာ ၃၃ ကားရှိခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီစာရင်းဝင် ဇာတ်ကားအရေအတွက်မှာ ၅၃ ကား ဖြစ်လာခဲ့သည်။ ထိုဇာတ်ကားအရေအတွက်များတွင် လူငယ်မျိုးဆက်သစ်များက လက်စွမ်းပြရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားများ ပါဝင်လာသကဲ့သို့ နာမည်ကျော်စာရေးဆရာများ၏ ဝတ္ထုကောင်းများကို နာမည်ကြီး ဒါရိုက်တာများက ရုပ်ရှင်ဇာတ်လမ်းအဖြစ် ပြောင်းလဲဖန်တီးမှုများလည်း ရှိခဲ့သည်။

နာမည်ကြီးဝတ္ထုများကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးရာတွင် “ခေါက်ထီးလေးမလွှဲ့တလုံ” နှင့် “နေဝင်အိပ်တန်းတက်” ရုပ်ရှင်များသည် ပရိသတ်အာရုံကို ပိုမိုဖမ်းစားနိုင်ခဲ့ပြီး “နေခြည်မှာ ရွှေရည်လောင်း” ရုပ်ရှင်ဇာတ်ကားသည် ပရိသတ်နှစ်သက်မှု ရရှိခဲ့သော်လည်း မြန်မာ့ဒီမိုကရေစီရက်သတ္တပတ် ရုပ်ရှင်ပွဲတော်ရက်တွင်သာ ပြသခဲ့ခြင်းကြောင့် ရုံတင်ရက် နည်းခဲ့သည်။ မောင်သာရ၏ဝတ္ထုကို ပုံဖော်ရိုက်ကူးသော “ထဘီကျွတ်၍ လွှတ်လိုက်သည်” ရုပ်ရှင်ဇာတ်ကားသည် ပရိသတ်များ၏ အကြိုက်နှင့် ထပ်တူကျမှုနည်းခဲ့ပြီး ပရိသတ်ဝေဖန်မှုများကိုလည်း ရင်ဆိုင်ခဲ့ရသော ရုပ်ရှင်ဖြစ်သည်။

ထူးခြားသောဇာတ်ကားများအနေဖြင့် သတိထားမိသည်က သရုပ်ဆောင်သစ်များဖြင့် ပွဲထွက်လာသော “ည” ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ ထိုဇာတ်ကားသည် ၂၀၁၇ ခုနှစ်တွင် လူငယ်ပရိသတ်၏ အာရုံစိုက်မှုအခံရဆုံးဇာတ်ကားဖြစ်ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လူပြောအများဆုံး ရုပ်ရှင်တစ်ကား ဖြစ်ခဲ့သည်။

ထို့ပြင် ဖြစ်ရပ်မှန်အခြေခံရိုက်ကူးထားသော “ကွမ်းလုံးရက် ၄၀” ရုပ်ရှင်ဇာတ်ကား၊ ဒါရိုက်တာ စံရွှေမောင်၏ လက်ရာကောင်းဖြစ်သည့် “သရာစောထိ” ရုပ်ရှင်ဇာတ်ကား၊ ဒါရိုက်တာ မင်းညီ (ရင်နှင့်ရင်းသည်) ရိုက်ကူးသည့် “ဒီမိုရုပ်ကွက်” နှင့် နာမည်ကြီးသရုပ်ဆောင်များ၏ ရင်သွေးငယ်များ ပါဝင်သရုပ်ဆောင်ထားသော လူငယ်ပညာပေးရုပ်ရှင်ဖြစ်သည့် “ဆယ်လီ” ဇာတ်ကားများသည် ပရိသတ်သတိထားမိစေသည့် ဇာတ်ကားကောင်းများ ဖြစ်ခဲ့သည်။

ထို့နောက် ၂၀၁၇ နှစ်ကုန်ပိုင်းတွင် ရုံတင်လာခဲ့သော ဇာတ်ကားကောင်းတစ်ခုမှာ ဒါရိုက်တာ စင်ရော်မောင်မောင်၏ လက်ရာဖြစ်သည့် ထာဝရအမေ (Eternal Mother) ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ ထိုဇာတ်ကားသည် စင်ရော်မောင်မောင်၏ ရိုက်ကူးမှုပုံစံများအတိုင်း အကောင်းဆုံးဖန်တီးမှုလက်ရာကောင်းများဖြင့် ပွဲထွက်လာသော ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားဟု ဆိုရပါမည်။

ရုပ်ရှင်ဇာတ်ကားများ ရုံတင်ခဲ့ပြီးနောက် အကယ်ဒမီခန့်မှန်းချက်များဖြင့် ပရိသတ်နှစ်သက်မှု အမြင့်ဆုံးရရှိခဲ့သော သရုပ်ဆောင်များကို ရွေးချယ်ဖော်ပြရလျှင် “တာတေကြီး”ရုပ်ရှင်နှင့် “ထာဝရအမေ” ရုပ်ရှင်မှ သရုပ်ဆောင် နေတိုး၊ “နေဝင် အိပ်တန်းတက်” ရုပ်ရှင်မှ သရုပ်ဆောင် ပြေတီဦး၊ “ရင်ဘတ်ထဲကဓား” ရုပ်ရှင်မှ သရုပ်ဆောင် အိန္ဒြာကျော်ဇင်နှင့် “ထာဝရအမေ” ရုပ်ရှင်မှ သရုပ်ဆောင် မေသန်းနုတို့ ဖြစ်သည်။

ထို့ပြင် ထူးခြားဇာတ်ကောင်များအနေဖြင့် မြင်တွေ့ရပြီး အကယ်ဒမီအတွက် ပရိသတ်စိတ်ဝင်စားမှုမြင့်တက်နေသော အမျိုးသမီးသရုပ်ဆောင် နှစ်ဦးမှာ သရုပ်ဆောင် အေးမြတ်သူနှင့် သရုပ်ဆောင် ထူးမွန်တို့ ဖြစ်သည်။ အထူးသဖြင့် သရုပ်ဆောင် အေးမြတ်သူသည် “ခေါက်ထီးလေး မလှဲ့တလုံ” ရုပ်ရှင်ဇာတ်ကားနှင့် “နေခြည်မှာ ရွှေရည်လောင်း” ရုပ်ရှင်ဇာတ်ကားများတွင် ဇာတ်ကောင်စရိုက်အတိုင်း ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သူတစ်ဦးဖြစ်၍ ဇာတ်ကားရုံတင်စဉ်ကတည်းက ပရိသတ်များ၏ အားပေးနှစ်သက်မှုကို ရရှိခဲ့သူတစ်ဦး ဖြစ်သည်။ အမျိုးသားဇာတ်ပို့သရုပ်ဆောင်များတွင် ပရိသတ်အချို့၏ ကြိုတင်ခန့်မှန်းမှုအဖြစ် တောကြီးကန်းရုပ်ရှင်မှ သရုပ်ဆောင် ခင်လှိုင် ပါဝင်နေသည်။

အချုပ်အားဖြင့်ဆိုရသော် ၂၀၁၇ ခုနှစ် ရုံတင်ဇာတ်ကားများသည် ပရိသတ်များ၏ အာရုံစူးစိုက်မှုကို ပြန်လည်ရယူနိုင်ခြင်းရှိသကဲ့သို့ ပိုမိုများပြားလာသော ဇာတ်ကားအရေအတွက်နှင့် ပြိုင်ဆိုင်မှု ပြင်းထန်လာနိုင်သော ပုံရိပ်မြင်ကွင်းများသည် ရင်ခုန်စိတ်လှုပ်ရှားဖွယ် စောင့်ကြည့်ရမည့်အနေအထား ဖြစ်သည်။

ထို့ပြင် ၂၀၁၇ ခုနှစ် အကယ်ဒမီပွဲအပြီးတွင် ယခင်နှစ်များကဲ့သို့ပင် အကယ်ဒမီပွဲနောက်ဆက်တွဲအငြင်းပွားဖွယ်ရာ ကိစ္စရပ်များ ထပ်မံရှိလာနိုင်ဦးမလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လာနေသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၇ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ဇာတ်ပို့သရုပ်ဆောင်စစ်စစ်များကို ဇာတ်ပို့အကယ်ဒမီများ ရစေချင်သကဲ့သို့ အကောင်းဆုံးသရုပ်ဆောင်နိုင်ခဲ့သည့် ဇာတ်ဆောင်များကိုလည်း ဇာတ်ဆောင်အကယ်ဒမီနေရာများတွင် ထိုက်တန်စွာမြင်တွေ့ရန် ပရိသတ်များက ဆန္ဒရှိနေခြင်းကြောင့် ဖြစ်သည်။

ထို့ပြင်မကသေး။ ဆုရွေးချယ်ရေးအဖွဲ့၏ မှန်ကန်သော ရွေးချယ်ဆုံးဖြတ်မှုများကိုပါ မျှော်လင့်နေကြပြီး အကယ်ဒမီဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအောက်တွင် ပြည်သူချစ်သောအနုပညာရှင်၊ အတတ်ပညာရှင်များ၏ အကယ်ဒမီပုံရိပ်များ ပျောက်ကွယ်မသွားရန်မှာ အရေးကြီးလှသည်။

နိဂုံးချုပ်ဆိုရသော် မြန်မာ့ရုပ်ရှင်အဆင့်အတန်း ယခုထက်မက တိုးတက်မြင့်မားပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဖြင့် မတ် ၂၃ ရက်၏ အကယ်ဒမီညသည် ပရိသတ်နှင့် အနုပညာရှင်များ ထပ်တူပျော်ရွှင်ရသောည ဖြစ်ပါစေကြောင်း မျှော်လင့်မိပါတော့သည်။

**ဆွေဇင်နေမင်း**



# လက်ဆောင်တွေ မပေးပို့ဖို့ ပရိသတ်တွေကို ပါ့ခ်ဘိုယောင်း ပြောကြား


**အေးပြည့် ရေးသားသည်**

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်တဲ့ ပါ့ခ်ဘိုယောင်းက လတ်တလောမှာတော့ သူ့အနေနဲ့ ပရိသတ်တွေဆီက လက်ဆောင်တွေကို ထပ်မံလက်ခံလိုခြင်းမရှိတော့ကြောင်းနဲ့ လက်ဆောင်တွေ မပေးပို့တော့ဖို့ ပရိသတ်တွေကို တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၆ ရက်မှာတော့ ပါ့ခ်ဘိုယောင်းက ပရိသတ်တွေနဲ့ အွန်လိုင်းမီဒီယာတစ်ခုကနေတစ်ဆင့် ဆက်သွယ်ခဲ့တာပါ။ အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ “Naver V Live” ပေါ်မှာ တိုက်ရိုက်ထုတ်လွှင့်မှုပြုခဲ့ပြီး ယင်းအစီအစဉ်မှာ ပါ့ခ်ဘိုယောင်းက ပရိသတ်တွေဆီက လက်ဆောင်တစ်ခုကိုဖွင့်ပြရင်းက သူ့ဆီကို နောက်ထပ်လက်ဆောင်တွေ မပေးပို့တော့ဖို့ တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။

ယင်းထုတ်လွှင့်မှုအတွင်းမှာ ပါ့ခ်ဘိုယောင်းက ပရိသတ်တွေပေးပို့လာတဲ့လက်ဆောင်တွေထဲက တစ်ခုကို ဖွင့်ဖောက်ပြခဲ့ပြီး ဒီလိုလက်ဆောင်တွေကို ပရိသတ်တွေက သူ့ဆီကို နှစ်နဲ့ချီပေးပို့နေခဲ့တာကြောင့် သူ့မှာ တစ်သက်သုံးမကုန်လောက်အောင် များပြားတဲ့လက်ဆောင်တွေ ရှိခဲ့ပြီဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် သူ့အနေနဲ့ ပရိသတ်တွေပေးပို့တဲ့ လက်ဆောင်တွေအားလုံးကို ကိုယ်တိုင်အသုံးပြုချင်ကြောင်း၊ ပရိသတ်က ချစ်ခင်လို့ပေးပို့ထားတဲ့ လက်ဆောင်ဖြစ်တာကြောင့် ပိုနေတဲ့လက်ဆောင်တွေကိုလည်း အခြားသူတွေကို မပေးနိုင်ကြောင်း၊ ဒါကြောင့် သူ့ဆီမှာလက်ဆောင်တွေ များစွာလက်ခံရရှိထားပြီးဖြစ်တာကြောင့် နောက်ထပ်လက်ဆောင်တွေ မပေးပို့စေလိုတော့ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။

# လတ်တလောရိုက်ကူးထားတဲ့ဓာတ်ပုံများ လီမင်ဟို ထုတ်ဖော်ပြသ



“Boys Over Flowers”ရဲ့ ဇာတ်ဆောင်မင်းသား လီမင်ဟိုဟာ ပြီးခဲ့တဲ့ မေလကစတင်ပြီး ဆိုးလ်မှာရှိတဲ့ ဂန်းနန်းခရိုင်ရုံးမှာ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေရာမှ မတ် ၁၅ ရက်မှာတော့ နွှန်းဆန်းကြည်းတပ်လေ့ကျင့်ရေးသင်တန်းကျောင်းကို ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ စစ်သင်တန်းကျောင်းမှာ သီတင်းပတ် လေးပတ်ခန့် လေ့ကျင့်သင်ကြားရမှာ ဖြစ်ပါတယ်။ ဒီလိုစစ်ရေးလေ့ကျင့်မှုတွေကို လုပ်ဆောင်ရတော့မည့် လီမင်ဟိုက လတ်တလောမှာတော့ ဆံပင်တိုညှပ်ကာ စစ်လေ့ကျင့်ရေး သင်တန်းကျောင်းကို သွားဖို့ရာ အသင့်ဖြစ်နေပြီဖြစ်တဲ့ သူ့ရဲ့ဓာတ်ပုံတွေကို အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံတွေမှာတော့ လီမင်ဟိုက ဓာတ်ပုံအောက်မှာ စာသားတစ်စုံတစ်ရာ ရေးသားဖော်ပြခဲ့ခြင်းမရှိပေမယ့် ပရိသတ်တွေကတော့ ဝေဖန်ရေးသားမှုတွေများစွာကို ဓာတ်ပုံတွေရဲ့အောက်မှာ ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အများစုကတော့ ပြီးခဲ့တဲ့နှစ်ကတည်းက စစ်မှုထမ်းဆောင်သွားတဲ့ လီမင်ဟိုကို တကယ့်ကို လွမ်းဆွတ်မိနေကြောင်း ရင်ဖွင့်ထားကြတာကိုလည်း တွေ့ရပါတယ်။ လီမင်ဟို စစ်လေ့ကျင့်ရေးသင်တန်းကျောင်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ရာ ရောက်ရှိလာတဲ့နေ့မှာလည်း ပရိသတ်တွေက သူ့ကို လာရောက်နှုတ်ဆက်ခဲ့ကြပါတယ်။ ပရိသတ်တွေစောင့်ဆိုင်းနေတာကို တွေ့ခဲ့ရချိန်မှာတော့ လီမင်ဟိုက ကားမှန်ကိုချကာ ပရိသတ်တွေကို လက်ပြနှုတ်ဆက်ခဲ့ပါတယ်။ ပရိသတ်တွေကတော့ လီမင်ဟိုရဲ့ ကားနောက်ကနေ တောက်လျှောက်လိုက်ပါနေခဲ့တယ်လို့လည်း သိရပါတယ်။ ကိုယ်ရံတော်တွေများစွာ ခြံရံကာ ရောက်ရှိလာခဲ့ပေမယ့် ကျောင်းအတွင်း ဝင်ရောက်ခဲ့ရာမှာတော့ လီမင်ဟိုက သူ့ရဲ့အသုံးအဆောင်တွေထည့်ထားတဲ့ အိတ်ကို ကိုယ်တိုင် သယ်ဆောင်ခဲ့တယ်လို့လည်း သိရပါတယ်။

## ရေတာရှည်မြို့နယ်စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တိုင်းဒေသကြီးဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၁၇**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကမ်းပါးပြိုကျမှု၊ မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် အင်တိုင်းကျေးရွာအုပ်စုတွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျနေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြစ်ကမ်းပါးပြိုကျမှုသည် သဘာဝဘေးအန္တရာယ်ဖြစ်သောကြောင့် ပြိုကျမှုမရှိအောင်တားဆီး၍မရသော်လည်း ဆက်လက်ဖြစ်ပွားမှုမရှိအောင်၊ ပျက်စီးဆုံးရှုံးမှုနည်းအောင် လူသားများအနေဖြင့် ကြိုတင်ကာကွယ်အစီအမံများပြုလုပ်၍ရကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍စနစ်တကျဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက်ဝန်ကြီးချုပ်သည် အင်ဒိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုရာ အဆိုပါမြစ်ရေတင်လုပ်ငန်းသည် ၂၀၁၇-၂၀၁၈ ခုနှစ်အင်ဒိုင်းကျေးရွာအုပ်စုအတွင်းရှိ နွေစပါးစိုက်ဧက ၂၅၀ အား ရေဖြန့်ဝေပေးထားကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆွာမြို့ ရွှေကစောင်းကျေးရွာ ယာယီကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါယာယီကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် ရွှေကစောင်းကျေးရွာအား စစ်တောင်းမြစ်ရေတိုက်စားမှုမှ ယာယီကာကွယ်နိုင်ရန်နှင့် ကျေးရွာနေအိမ်များ ကမ်းပြိုမှုသက်သာစေပြီး စိုက်ပျိုးမြေများလည်း ယာယီကာကွယ်ပေးနိုင်ရန်ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးရန်ပုံငွေ ကျပ်သန်း ၄၃ ဒသမ ၇ သန်းဖြင့် သုံးတန်းသွား မျောရေကာအခြေထိန်း ပေ ၁၉၀၀ နှင့် သုံးတန်းသွားမျောတိုင်တန်း ရေလွှဲရေကာ ပေ ၂၅၀ သုံးခုကို ဖေဖော်ဝါရီ ၁၂ ရက်မှစတင်လုပ်ဆောင်ခဲ့ရာ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ယာယီကမ်းပြိုကာကွယ်ရေးလုပ်ငန်း ပြီးစီးသွားပါက စစ်တောင်းမြစ်ရေတိုက်စားသဖြင့် ကမ်းပြိုခြင်းမှ ကာကွယ်ပေးနိုင်သည့်အပြင် စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုမှလည်း သက်သာလာမည်ဖြစ်သည်။ **တင်စိုး(ပဲခူး)**



## မြို့တွင်းလမ်းသုံးခု အဆင့်မြှင့်တင်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကျင်းပ

**တပ်ကုန်း မတ် ၁၇**
နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အနော်ရထာရပ်ကွက် သုခလမ်း၊ အောင်ဇေယျရပ်ကွက် ဗိုလ်စောနောင်လမ်းနှင့် ဆရာစံရပ်ကွက် နတ်ပြည်မွှေးလမ်းတို့အား ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေး ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်မှုပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါလမ်းများ၏ မုခ်ဦးရှေ့၌ ကျင်းပရာ လမ်းဖွင့်ပွဲသို့ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနော်ရထာရပ်ကွက်အတွင်းရှိ သုခလမ်း(ရိစာ)ခင်းလမ်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး (ရိစာ)လမ်းခင်းကျင်းထားမှုအား ကြည့်ရှုစစ်ဆေးကြသည်။



ထို့နောက် အောင်ဇေယျရပ်ကွက်အတွင်း ဗိုလ်စောနောင်လမ်း(ကွန်ကရစ်)ခင်းလမ်းနှင့် ဆရာစံရပ်ကွက်အတွင်း နတ်ပြည်မွှေးလမ်း(ရိစာ)လမ်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါ ရပ်ကွက်များအတွင်းတွင် အလျား ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သုခလမ်း(ရိစာ)ခင်းလမ်းကို တော်ဝင်ရွှေဖလားကုမ္ပဏီ၊ အလျား ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဗိုလ်စောနောင်လမ်း (ကွန်ကရစ်)ခင်းလမ်းကို Diamond Mega ကုမ္ပဏီ၊ အလျား ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုး လက်မရှိ နတ်ပြည်မွှေးလမ်း (ရိစာ) ခင်းလမ်းကို တောကြီးမြိုင်ကြီးကုမ္ပဏီတို့မှ အသီးသီးတာဝန်ယူ ဆောင်ရွက်ကြောင်း သိရသည်။ **တင်စိုးလွင်**



**ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကနီမြို့နယ် မုံရွာ- ယာကြီး- ကလေးလမ်း သစ်တောကျူးတောင်သူများ ရေပြတ်လပ်နိုင်မှု ရှိ၊ မရှိနှင့် ညောင်ပင်လည်ကျေးရွာတွင် စည်ပင်သာယာရေးဦးစီးဌာနမှ တူးဖော်ခဲ့သော စက်ရေတွင်း ရေပြတ်မှုအား မတ် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။**

ကနီကျေးလက်

## စတုတ္ထအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**ဟိုင်းကြီးကျွန်း မတ် ၁၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ ပဓာနိကာရာမကျောင်းတိုက်ရှိ သတိပဋ္ဌာန် ဓမ္မာရုံ၌ စတုတ္ထအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၇ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ရာ ပဓာနနာယက(သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) ဆရာတော်က ဩဝါဒ မြွက်ကြားခဲ့သည်။

ကလေးလူငယ်များ ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်ပြီး ကောင်းမွန်သောစာရိတ္တဖြင့် တိုင်းကျိုးပြည်ကျိုး၊ သာသနာအကျိုး၊ လူမျိုးအကျိုးတို့ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အရှင်ဩဘာသက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းမိန့်ကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရတနာသုံးပါး၊ အနန္တောအနန္တ ငါးပါး၊ ငါးပါးသီလစသည့် အခြေခံဗုဒ္ဓဘာသာရပ်များကို အရှင်ဩဘာသနှင့် ရပ်ကွက်အတွင်းရှိ ဆရာ ဆရာမများက သင်ကြားကြမည်ဖြစ်ပြီး သင်တန်းသား ၁၆၂ ဦးရှိကြောင်းသိရသည်။

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အရှင်ဩဘာသက "နွေရာသီပိတ်ရက်တွေမှာ ကလေးတွေက အားနေတယ်လေ၊ အဲဒီတော့ အချိန်ရတုန်းလေး ကိုယ့်ဘာသာ သာသနာ အကြောင်းကို ပိုသိအောင်၊ သိလာတဲ့အသိနဲ့ ဘာသာ သာသနာ အကျိုးဆောင်ရွက်နိုင်အောင်လုပ်ဖြစ်တာပါ"ဟု မိန့်ကြားခဲ့သည်။

ယဉ်ကျေးလိမ္မာသင်တန်းကို နံနက် ၇ နာရီမှ ၉ နာရီထိတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ တစ်ကြိမ် နေ့စဉ်သင်ကြားပေးမည်ဖြစ်ကာ မတ် ၂၃ ရက်တွင် သင်တန်းဆင်းပွဲပြုလုပ်၍ တက်ရောက်သော သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားရန်စီစဉ်ထားရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ဆိုင်ကယ်ယာဉ်မောင်း လိုင်စင်ပြုလုပ်ပေး

**လက်ပံတန်း မတ် ၁၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်ရှိ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ပြုလုပ်လိုသူများ အဆင်ပြေစေရေးအတွက် သာယာဝတီခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချိုချိုထူး ဦးဆောင်သောအဖွဲ့သည် မြန်မာ့အာမခံလုပ်ငန်းနှင့် ပူးပေါင်း၍ မတ် ၁၇ ရက် နံနက်က ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို လက်ပံတန်းမြို့နယ်ရှိ (၂)လမ်း ခန်းမ၌ လာရောက် ပြုလုပ်ပေးခဲ့သည်။

ယာဉ်မောင်းလိုင်စင် လာရောက်ပြုလုပ်ကြသူများကို အန္တရာယ်ကင်းရှင်းစွာ စီးနင်းမောင်းနှင်နိုင်စေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃) ဦးဝင်းသူက အသိပညာပေး ဟောပြောခဲ့ပြီး လိုင်စင်လာရောက်ပြုလုပ်သူ ၇၅ ဦးခန့်ကို ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သံပရာသီးဈေးကောင်းရရှိခြင်းကြောင့် သံပရာခြံတောင်သူများ အဆင်ပြေလျက်ရှိ

**ကြာအင်းဆိပ်ကြီး မတ် ၁၇**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် သံပရာပင်များစိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး သံပရာပျိုးပင်ဖြင့် စိုက်ပျိုးလျှင် ခြောက်နှစ်တွင်စတင်အသီးသီးပြီး သံပရာကိုင်းကူးဖြင့် စိုက်ပျိုးလျှင်သုံးနှစ်တွင် စတင်အသီးသီးပြီဖြစ်သည်။

မိုးရာသီကာလတွင် သံပရာသီးလှိုင်လှိုင်ထွက်ရှိသော်လည်း တစ်လုံးလျှင် နှစ်ကျပ်သာရရှိခြင်းကြောင့် ခြံရှင်တောင်သူများအဆင်မပြေပေ။ ယခုနွေရာသီတွင် သံပရာသီးတစ်လုံးလျှင် ကျပ် ၈၀ ရရှိခြင်းကြောင့် ခြံရှင်တောင်သူများအဆင်ပြေလျက်ရှိသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် သံပရာသီးထွက်ရှိရာကျေးရွာများမှာ ကြခတ်ချောင်း၊ ကြာအင်းကြီး၊ ခုတ်ခွား၊ တဂေး၊ မီးလောင်ချောင်း၊ တုလေကုန်း၊ သမိန်လစ် စသည့်ကျေးရွာများတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် သယ်ဆောင်ရလွယ်ကူကာ ဈေးကောင်းရရှိခြင်းကြောင့် ခြံရှင်တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## မြေအားနှင့် ရေအရည်အသွေးစမ်းသပ်မှုဆိုင်ရာ ဓာတ်ခွဲခန်းသုံးကိရိယာများလွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၇**
မြန်မာနိုင်ငံအထက်ပိုင်း ဆည်မြောင်းနည်းပညာစွမ်းဆောင်ရည် မြှင့်တင်ရေးစီမံကိန်း (Capacity Building for Irrigation Technology in Upper Myanmar) နောက်ဆက်တွဲ အစီအစဉ်အရ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏မြေအားနှင့် ရေအရည်အသွေးစမ်းသပ်မှုဆိုင်ရာ ဓာတ်ခွဲခန်းသုံးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား(Handing – over Ceremony of Equipments for Follow-up Project of Capacity Building for Irrigation Technology in Upper Myanmar) ကို မတ် ၁၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပသည်။

ဒုတိယညွှန်ကြားရေးချုပ်နှင့် (KOICA) ဌာနေကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ဌာနေကိုယ်စားလှယ်က ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ပုသိမ်ကြီးမြို့)သို့ လွှဲပြောင်းပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်၊ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်နှင့် ကိုးရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ဌာနေကိုယ်စားလှယ် Mr. Shin Euicheol နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သူရိန်ထွန်း(ပဲခူး)**

## သင်အမှန်တကယ်ဖတ်ရှုသင့်သည့်စာအုပ်ကောင်းတစ်အုပ် အထူးဈေးနှုန်းဖြင့်ရောင်းချပေးမည်

နိုင်ငံရေးနှင့်အုပ်ချုပ်ရေးအရေးတာဝန်ရှိသူများ၊နိုင်ငံ၏ဌာနအဖွဲ့အစည်းများ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် မိမိနိုင်ငံမိမိလူမျိုး အတွက်မိမိတတ်နိုင်သည့်ဘက်မှပါဝင်ဆောင်ရွက်လိုသူများလက်ကိုင်ထားဖတ်ရှုသင့်သည်-

**တက္ကသိုလ် ခင်းဆွေ**

ဒီမိုကရေစီစနစ်၏ကောင်းသောအုပ်ချုပ်ရေးနိုင်ငံသားများ၏ အခန်းကဏ္ဍ နှင့်ဖအေးချမ်းသာယာသောလူ့ဘောင်လူ့လောက

ရောင်းဈေး-၄၅၀၀ိ-အထူးနှုန်း -၃၅၀၀ိ- စာရေးသူကိုယ်တိုင်လက်မှတ်ရေး ထိုးပေးမည်။

**နေရာ။** ။ မိုးကျော်သူစာပေ၊ အမှတ် ၁၈၈(၃၀) ၃၈လမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၄၂၁၀၁

**အချိန်။** ။ ၁၉-၃-၂၀၁၈ မှ ၂၄-၃-၂၀၁၈ထိ၊ နံနက် ၁၀-နာရီမှ ညနေ ၄-နာရီထိ၊

မည်သူမဆို လာရောက်ဝယ်ယူနိုင်ပါသည်။



## ဗီနံဝင်းနှင့်ရောင်းရင်းများ

April 12,13

▲ မန်းရွှေစက်တော်နှင့် အထက်မြန်မာပြည်ဘုရားဖူးများ

Hotel ၊ Restaurant ၊ Air Con Express

April 13 ထွက်မည်

09-780055553, 09-780055554, 01-249871, 01-255553



## Daddy Travel & Tour

April 12 ထွက်မည်

15,33,45 Seater

Ph: 09-448001903, 09-440334848, 09-429550864



## ရွှေပန္နာ ခရီးသွား

09-4444 62599
09-4444 63699

80000/-, 100000/-
120000/-
80000/-
75000/-



## San brotherhood

"စက်ဆေး စက်သစ် (အခမဲ့)"

**Air-Con,** ရေခဲသေတ္တာအစ‌တ်လျှော်စက်

Servicing

တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)

1HP 300000Ks

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373, 09-5084831, 3682445(Ext)1421

(အလုံ) 01-704101, 09-5002738, 09-450023810

(မရမ်းကုန်း) 3681854, 706193, 09-73116475

(တာမွေ) 01-704649, 09-73066836, 09-73004800

Capital အနီး 09-5053114, 73251545, 01-708842

09-43083868, 01-703241

09-5190383, 09-73261535

CNG အနီး 01-703684, 09-43130068

09-5012419, 09-73126244

Super 1 အနီး 01-704467, 09-73217035

01-709114, 09-5019316



## Diamond View

Travels & Tours

April 12 ထွက် - April 16 ပြန်ရောက်

Guest House

Promotion

09-251009105 / 09-5140822 / 09-450050722



## ပန်းချစ်သူ



## ဂရိတ် ဖော်မြူလာ

ဆေးရုံများတွင် ... ဂရိဂိုလ် TMR-011020 (1114)



## အာဆီယံသမြေခြံအမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ကဏ္ဍရာလမ်းမကြီးဘေး (၁၀၀ ဧက) သမြေခြံအမှတ် ၆၂၆ ...



သင့်သွေးဖြင့် အသက်ကယ်ပါ



## SKYNET 999 SHWE PROMOTION

မိဘပြည်သူ ညီအစ်ကိုမောင်နှမများအတွက် SKYNET ၏ မြန်မာနှစ်သစ်ကူးအထူးလက်ဆောင်အနေဖြင့် Apr 18 အထိ တိုးမြှင့်ပေးလိုက်ပါပြီ။

Up to 35% Discount

စက်အသစ်ဝယ်ယူအားပေးမည့် မိဘပြည်သူများအတွက်

| ရုပ်သံလိုင်းပေါင်း (၁၁၀)ကျော်ပါဝင်သော | ရုပ်သံလိုင်းပေါင်း (၇၀)ကျော်ပါဝင်သော | ရုပ်သံလိုင်းပေါင်း (၃၀)ကျော်ပါဝင်သော |
|---|---|---|
| 3 Months PLAN SN3+HD + | 3 Months PLAN SN-9 + | 3 Months PLAN SN-1 + |
| 59,999 Ks | 44,999 Ks | 38,999 Ks |

5% ကုန်ကျငွေ သက်သာ ပါဝင်ပြီး

စက်အရေအတွက် ကန့်သတ်ထားပါသဖြင့် မြန်မြန်လာဝယ်မှ စိတ်ချရမယ်နော်. . . .

သက်တမ်းတိုးမည့် မိတ်ဟောင်းများအတွက် လစဉ်ကြေး

| ရုပ်သံလိုင်းပေါင်း (၁၁၀)ကျော်ပါဝင်သော | | ရုပ်သံလိုင်းပေါင်း (၇၀)ကျော်ပါဝင်သော | ရုပ်သံလိုင်းပေါင်း (၃၀)ကျော်ပါဝင်သော |
|---|---|---|---|
| SN3+HD | 36 Months Plan | SN-9 | SN-1 |
| 9,999 Ks | 9,999 Ks | 4,999 Ks | 2,999 Ks |

5% ကုန်ကျငွေ သက်သာ ပါဝင်ပြီး

SHWE BANK

Shwe Bank Mobile Banking Account ရှိသော Customer များအနေဖြင့်လည်း၊
မိမိတို့၏ Mobile Phone များမှတဆင့် Shwe Bank Application ဖြင့်လည်းကောင်း၊
Shwe Bank Account မဖွင့်လှစ်ရသေးသော Customer များအနေဖြင့်လည်း
မြန်မာပြည်အရပ်ရပ်ရှိ မြို့နယ်တိုင်းတွင်ရှိသော Shwe Bank Agent များထံတွင်လည်းကောင်း၊
Account ဖွင့်လှစ် သက်တမ်းတိုးအားပေးကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

ပြည်သူ့အတွက် SKYNET

www..skynetdth.com,
www.facebook.com/skynetdthofficial

SKYNET RSP များထံတွင်လည်း ဝယ်ယူကြည့်ရှုနိုင်ပါပြီ။

Hot Line - 09 - 261 115 103 ~ 107 / 09 - 261 118 901 ~ 902

## အထက(၆)ဗိုလ်တထောင် (ယခင် စိန်ပေါလ်) (၂၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျေးဇူးတင်လွှာ

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန် ဇေယျာလူမှုထူးချွန် ဒေါက်တာသာရင်မြတ်မိသားစု၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ၊ Sky Net မိသားစု)၊ အမေရိကရောက် ကျောင်းသားဟောင်းများ၊ Capt ဝင်းသန်းဦး မိသားစု၊ ဦးဝင်းထွန်းဦး မိသားစု၊ ဒေါက်တာတင်စိုးလင်း(ရွှေပုစွန်ကိတ်)မိသားစု၊ ဦးကျော်ခင်(De Co Land)၊ ဦးသက်ချိုဦး (လစ်ဘရယ်အပ်ချုပ်ဆိုင်မိသားစု)၊ ဦးတင်ထူး(ထူးရေခဲမုန့်)မိသားစု၊ အခမ်းအနားပြင်ဆင်ပေးသော ကိုသန်းထိုက်အောင်(Golden Media Group)၊ အကြီးစားကျန်းမာရေးစောင့်ရှောက်မှု(ကဘက)၊ ဦးတင်မောင်ထွေး(ဆေးခန်းကျွေးမွေး)၊ ကျောင်းသားဟောင်းအဖွဲ့များဖြစ်သော အစ်ကိုလေးများအဖွဲ့(78-81)၊ Alumni Social Aidအဖွဲ့၊1988,1994, 1995, 1996, 1997,1998,2000,2001,2002, 2003,2005 Batch များမှ ကျောင်းသားဟောင်းများအားလုံး၊ အစားအသောက် တာဝန်ယူပေးပါသော ဦးချန်ဝှန်ဟိုက် (Australia) မိသားစု၊ ဦးမြင့်ထွန်း၊ ဦးအောင်လင်းထွဋ်မိသားစု၊ အသံကိုမိုးနှင့်အဖွဲ့၊ Video နှင့် ဓာတ်ပုံမှတ်တမ်းများ မေတ္တာဖြင့် ရိုက်ကူးပေးပါသော ကျောင်းသားဟောင်း ကိုကျော်ဇင်(MPA)နှင့် ကိုဖုန်းသစ်(MM Film production)၊ ဦးစိုးမိုး(May Studio)ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်ထွန်းနှင့် ဆရာမများ၊ Dinner တည်ခင်းဧည့်ခံပေးပါသော ပုလဲကြွယ် စားသောက်ဆိုင်မိသားစု၊ အဘက်ဘက်မှ ကူညီပေးကြပါသော ကျောင်းသားဟောင်းများ၊ ကန်တော့ပွဲတက်ရောက်လာသော ကျောင်းသားဟောင်းများနှင့် ရပ်ဝေးမှ လှူဒါန်းမှုအစုစုအား လေးစားကျေးဇူးတင်စွာဖြင့် မြတ်ဆရာပွဲ ဖြစ်မြောက်ရေးကော်မတီမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့ မွန်ပြည်နယ်

၁။ ၂၀၁၇ -၂၀၁၈ ခုနှစ် ဘုရားပွဲတော်ကာလအတွင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေဆိုင်းအရောင်းဌာနအတွက် ဂေါပကအဖွဲ့မှ (၁½"×၁½") ပတ်လည် ရွှေဆိုင်း၊ ရာဆိုင်း (၂၀၀၀၀)ကို တတိယအကြိမ် ဝယ်ယူမည်ဖြစ်ပါသည်။ ရွှေဆိုင်းပေးသွင်း လိုသူများသည် ရွှေဆိုင်းပေးသွင်းခွင့် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲလျက် ၂၁-၃-၂၀၁၈ ရက် နောက်ဆုံးထား၍ ဂေါပက အဖွဲ့ရုံး၊ ကင်မွန်းစခန်းသို့ လျှောက်ထားနိုင်ပါသည်။

(က) စက်မှုလက်မှု လုပ်ငန်းလိုင်စင်ရှိရမည်။
(ခ) လုပ်ငန်း မှတ်ပုံတင်ရှိရမည်။
(ဂ) အခွန်စည်းကြပ်မှု အထောက်အထား တင်ပြရာတွင် အိမ်ထောင်ဦးစီး (သို့) ဇနီးတို့၏ အမည်ပေါက်သာဖြစ်ရမည်။
(ဃ) ရွှေဆိုင်းလုပ်ငန်းအတွက် ဝင်ငွေခွန်ပြေစာ (၂၀၁၅-၂၀၁၆ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်)တို့အနက် (၂)နှစ်တာကာလအတွက် ဝင်ငွေခွန်ဆောင်ထားမှု တင်ပြရမည်။
(င) ရွှေဆိုင်းရာဆိုင်း(၁)ဆိုင်း နမူနာ တင်ပြရမည်။
(စ) အိမ်ထောင်စုစာရင်း မူရင်းတင်ပြရမည်။
(ဆ) ရွှေဆိုင်းတင်သွင်းစိစစ်ရာတွင် လုပ်ငန်းရှင်ကိုယ်တိုင် တင်သွင်း အစစ်ဆေးခံရမည်။

၂။ လျှောက်လွှာတင်သွင်းထားသည့် လုပ်ငန်းရှင်များသည် ၂၄-၃-၂၀၁၈ ရက်၊ နံနက် ၁၀ နာရီတွင် ဂေါပကရုံး၊ ကင်မွန်းစခန်းသို့ လာရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**

### ကွန်ဒိုတိုက်ခန်းရောင်းမည်

| | | |
|---|---|---|
| ၁။ | Inya View Condo၊ အစာရှည် 1800 sqft Fully Furnished | 4200 သိန်း |
| ၂။ | [illegible] | 1350 သိန်း |
| ၃။ | [illegible] | 1200 သိန်း |

ဆက်သွယ်ရန် - 09-798808080

Five Star
Air-Con, Brand New
Ph:0943051580,09420042032,0973146008,01707764

## တရားစခန်းရက်ပြောင်းရွှေ့ကြောင်း အသိပေးနှိုးဆော်လွှာ

မိုးကုတ်မြို့၊ ဘော်ပဒါန်းရွာ၌ ကျင်းပရန် စီစဉ်ထားသော (၉)ကြိမ်မြောက် တရားစခန်းပွဲကို ရက်ရွှေ့ထားပါကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။


**ဖုန်း-၀၉-၇၈၈၉၆၁၂၅၆၊ ၀၉-၇၆၇၉၈၃၈၉၂၊ ၀၉-၇၉၇၇၆၄၆၆၈**

### သုံးပန်လှ (Food Villa) သယ်န်းကျွန်းဆိုင်ခွဲတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိ

၁။ Service Supervisor
(အချိန်ပိုင်း/အချိန်ပြည့်) ကျား/မ-၂ဦး
(လုပ်ငန်းအတွေ့အကြုံရှိ)

၂။ Cashier
(ကျွမ်းကျင်မှုပေါ် မူတည်၍ လစာညှိနှိုင်းပေးမည်။)

**ဖုန်း-၀၉-၇၈၅၁၅၇၉၁၀**








### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ... **မြန်မာ့ဩဘာ စက်မှုကုမ္ပဏီလီမိတက်**သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ... ပိုင်ဆိုင်ပြီး အသုံးပြုသွားမည်ဖြစ်ပါသည်။

## ကောမက်ပရိမိုလိုက်
## Comet Primo Lite

Int'l Class 1: "Fertilizer in powder form as well as liquid form; compound fertilizer; bio-fertilizer and all kinds of fertilizers"
Int'l Class 5: "All kinds of insecticide; fungicide; herbicide, pesticide, plant's hormone; mosquito coins and sprays"
Int'l Class 24: "All kinds of mosquito repellant net"
Int'l Class 31: "All kinds of seeds"

အထက်ပါကုန်အမှတ်တံဆိပ်နှင့် ... **မြန်မာ့ဩဘာစက်မှုကုမ္ပဏီလီမိတက်** ... **မြန်မာ့ဩဘာစက်မှုကုမ္ပဏီလီမိတက်**၏ ... အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ယွဲ့အပ်လွှဲအပ်ခြင်းခံရသူ
ဦးအောင်ခိုင်ဦး LL.M ... ရန်ကုန်မြို့။

# ANGEL'S

All Branches

မဟာသင်္ကြန် 2018

17 Mar - 12 Apr'18

အမျိုးသား၊ အမျိုးသမီး၊ ကလေး

အဝတ်အထည်နှင့် ဖိနပ်များ

အမျိုးသမီးလက်ကိုင်အိတ်များ၊ ခရီးဆောင်အိတ်များနှင့်

BUY 1 GET 1

30%

CREATOR | VANSON | bsc | AURA | Cotton Candy | LiLy | yet | PUPA | Kizz | L'ORÉAL PARIS

Giordano | NOBODY | Amby LONDON | GLAMOUR | DELIGHT | C'CARE | Kanebo | POLICE | Kracie | Sabina

SWEET BAGS | bossini | KMA | OO-PP | GoldCoil | SHISEIDO | Fujiko | Sweetie kids | Limelight

Gioven Kelvin | GIFFARINE | SHOE GALLERY | Dr.madino | essence | KOSÉ | REVLON | DIVA | GALANZ

CATRICE | LADARNO | LIFE | PERSONA | FREEWAY | Praco | kiddo

Casablanca | Monisca | camella | FOLLOW ME | Anakku

# GREE

is Great, Gree is No.1

Special Summer Promotion

3% to 10 % Discount

Viola-2 Series Smile Air-Con

Bora Series

Bee-2 Series

Jade- 2 Series

Protable Aircon

Koobe (1Hp)

Laffis (1.5Hp)

Yangon Show Room သို့

THE AIR CONDITIONER EXPERT

ခရစ်တို ကုမ္ပဏီလီမိတက်

CHRISTO COMPANY LIMITED

Head Office : No. 153(D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon Myanmar.

Branch Office : Ma-13/15, Theik Pan Street, Between 57 & 58 Street, Mandalay. Tel : 09-500 9036, 09-471 21582, 09-910 44737

# အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေး

09428773300

09428773355

# IGCSE (Edexcel / Cambridge)

" Teaching + Study Help "

Biology, Human Biology, Chemistry

International School များမှ Secondary Level

အားလုံးအတွက် ဘာသာစုံစာသင်ဝိုင်းများ

မြန်မာစာသီးသန့်အထူးစာသင်ဝိုင်းများ

Tr Thazin Myint [M.Sc (Biochemistry)]

Ph: 09 5165231 / 09 5165230

# ကားရောင်းမည်

| | |
|---|---|
| Fielder MDY/YGN | 290-320 သိန်း |
| 2003 NOAH | 270-290 သိန်း |
| 2003 Wish | 220 သိန်း |
| 2013 Axio | 245-280 သိန်း |
| Shuttle နယ်/ရန်ကုန် Taxi | 220-270 သိန်း |
| CIVIC ရန်ကုန် | 260 သိန်း |
| Fit / Insight နယ်/ရန်ကုန် | 190-205 သိန်း |
| 2011 Swift/Golf/Polo | 190-240 သိန်း |
| 2010 Belta 1000/1300CC | 185-210 သိန်း |
| Vitz, Ractis | 190 သိန်း |
| Probox နယ်/ရန်ကုန် Taxi | 185 သိန်း |

09 5108316, 09 975108316

# အိမ်တိုင်ရာရောက်ကျန်းမာရေးပြုစုစောင့်ရှောက်မှု

အိမ်(သို့)ဆေးရုံများတွင် ပြုစုစောင့်ရှောက်ရန် လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများ အတွက် နေ့/ ညဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

Care Support Clover Co.,Ltd

Ph-09-790635964, 09-250234108

အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်။ (သုခမှတ်တိုင်အနီး)

# ပြင်ဆင်ဖတ်ရှုပါရန်

# "ပျောက်ဆုံးခြင်း"

ADFAST COMPANY LIMITED

# သဘာဝ မြေပဲဆီသန့်

နှင့်

ကျောက်ဆူးတံဆိပ် ကမ္ဘာ့အကောင်းဆုံး

" ရွှေဘိုပေါ်ဆန်းမွှေး "

Ph-01-3611073,09-73040812,

09-428944440,09-8620177

ph-066-2021773,066-2030284,09-774728337

# နေပြည်တော်

ကားမောင်း(အတတ်သင်)သင်တန်း

ဝ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်

Ph:067-421755 ,09-73011078 ,09-73041277

မောင်းနိုင်ကားမျိုးစုံဖြင့်Manual & Auto

နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

# ရွှေမင်းကျော်

မူလရွှင်ရှု-ပေ်ာရွှင်သောက်

TMR0008-49(0519)

အမှတ်တံဆိပ်

ဆေး

အားနည်းခြင်း၊ ဗိုက်ပူခြင်း

မြန်မာ့ဆေးစွမ်းကောင်း

# "Contact Regent today for your World-Class Education"

WORLD-CLASS Education 2018 EXHIBITION

Yangon

Date : 24 Mar 2018 (Saturday)

Time : 10:00 A.M. - 1:00 P.M.

Venue : Novotel Hotel

Mandalay

Date : 25 Mar 2018 (Sunday)

Time : 2:00 P.M. - 4:00 P.M.

Venue : Hilton Mandalay Hotel (Amarapura Ballroom)

Up to 100% Scholarships

- မြန်မာ High School, IGCSE, GCE 'O' Level, American High School Diploma, GCE 'A' Level, IB
- NCC, ABE, HND International Diploma
- MBBS, BPharm, BE, BTech, AGTI, BBM, BCom, BoSc, BA, BSc

Yangon Office

No. R-2, Aung May Thar Si Estate, Aung Chan Thar, 2nd Street, Kamaryut Township, Yangon. Tel.: (09) 50 19870, (09) 7850 19870

Regent Education

Mandalay Office

No. 326, 62nd Street, Between (29th x 30th) Street, Chanayethazan Township, Mandalay. Tel.: (09) 7800 88 022, (09) 7800 88 200

Regent Education

Regent SINGAPORE

UK USA AUSTRALIA SWITZERLAND SINGAPORE

# သီဟလင်း

01-570307

09-5112729

09-5126394

# တက်နေဝန်း

အိမ်ခြံမြေ/အိမ်ရှေ့လုပ်ငန်း

(10'/14')Box

09-442076599

09-400448695

09-33100721

**ROLEX, OMEGA နှင့် SWISS** နာရီကောင်းများမှန်လျှင်

SERVICE

ROLEX



ရွှေသဝေ
နာရီပြုပြင်ရေး

YAG ပန်းချီသင်တန်း
အမှတ်-၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။
Ph-09 5065833, 0996 5065833

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဘသင်၏သား ဘီးလင်းမြို့နယ်မှ ဦးအောင်နိုင်နှင့် ဦးစိန်ဝင်း[၁၀/ဘလန(နိုင်)၀၄၃၉၅၆]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်(ခ)ဦးစိန်ဝင်း**

## ပျောက်ဆုံး

မောင်ခိုင်ထွန်းမြင့် [၁၂/မရက(နိုင်)၁၄၆၆၄၇] CDC-91113 ၏ သင်္ဘောသား လက်မှတ်များ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၇၅၄၁၃၅**

## "ဗနတ" ဆရာဟောင်းများ၏ ဆွမ်းကပ်လှူဒါန်းပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

ဗဟိုနိုင်ငံရေးတက္ကသိုလ် ဆရာ၊ ဆရာမဟောင်းများက ကွယ်လွန်ခဲ့ပြီဖြစ်သော လုပ်ဖော်ကိုင်ဖက်(ရဲဘော်များ)အားရည်စူး၍ (တတိယအကြိမ်) ဆွမ်းကပ်လှူဒါန်းပွဲနှင့် (သတ္တမအကြိမ်) မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာ၊ ဆရာမများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| အချိန် | - | နံနက်(၉)နာရီ |
| နေ့ရက် | - | ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့) |
| နေရာ | - | မစိုးရိမ်တိုက်သစ်၊ Junction 8 အနီး ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ |

မှတ်ချက် (၁) အလှူဒါန ဆက်လက်ပြုလုပ်နိုင်ရေးနှင့် မိတ်ဆုံစားပွဲ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန်။
(၂) ကွယ်လွန်သွားပြီဖြစ်သော ဆရာ၊ ဆရာမများအား ရည်စူး၍ ကျန်ရစ်သူခင်ပွန်း၊ ဇနီး၊သားသမီးများ တက်ရောက်ကုသိုလ်ပြုကြပါရန်။

**ဖြစ်မြောက်ရေးအဖွဲ့**

**ဒေါက်တာလှမြင့်** ဖုန်း-၀၉-၅၁၀၈၄၈၅
**ဦးအောင်ဇော်ဝင်း** ဖုန်း-၀၉-၇၉၉၇၂၀၂၄၅
**ဦးကျော်သန်း** ဖုန်း- ၀၉-၂၅၄၇၇၅၈၁၃၊ ၀၉-၇၉၉၉၅၅၀၅၅

မဟာမြကျွန်းသာ
အကယ်ဒမစ်စင်တာ




တိုက် ၂-B၊ ၃-လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Private International Early Learning Centre
Private Primary School
(KG to Grade-4)




Cambridge English
Weekend Class
School bus available
School Hour Monday to Friday
(09:30 am to 2:30 pm)
32/C-2, Shay Haung Thukhy Thana Road, (32) Avenue, Hlaing Township, Yangon.
01-535326, 09-443027792, 09-443027729, 09-73027792

Topsyne Herbal Cream
FDA ထောက်ခံချက်အမှတ် - 1309 PC 0021
"ဘူးခွံအရောင်ပြောင်းလဲခြင်း"
" မူလအရည်အသွေးပြောင်းလဲမှုမရှိပါ "

ယခင်
ယခု




မူလအရည်အသွေးပြောင်းလဲမှုမရှိပါ
Apple Production Co., Ltd. - 09 4293 16408, 09 4286 18081

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၊ လသာလမ်း (အောက်ဘလောက်) ပထမထပ်၊ အမှတ်(၁၂/၁၄)တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီမှတ်ပုံတင်အမှတ်(၃၁၂/၂၀၀၁-၂၀၀၂) သီရိအလှကုန် ကုမ္ပဏီလီမိတက် (THIRI COSMETIC COMPANY LIMITED) သည် အောက်ဖော်ပြပါ Mistine ကုန်အမှတ်တံဆိပ်များ၏ပိုင်ရှင် ဖြစ်ပါသည်။

Mistine
Reg : No. 4/14012/2017

Mistine Myanmar
Reg : No. 4/14011/2017

Mistine Myanmar
Reg : No. 4/14010/2017

အဆိုပါ Mistine ကုန်အမှတ်တံဆိပ်တို့ဖြင့် **"Compact Powder, Blush on, Eyeshadow, Lipstick, Shampoo, Soap, Talc Powder, Roll on Deodorant, Perfume, Skin Care, Personal Care & Make Up"** စသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ တံဆိပ်အမည်နှင့်အမှတ်အသားကို ခွင့်ပြုချက်မရဘဲ ဖြစ်စေ၊ စာလုံးပုံစံပြောင်း၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ ပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းတို့ကိုတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

U Myint Lwin, Advocate (No. 3744/1986)
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 162, 1st Floor, 35th Street
Kyauktada Township, Yangon,
Myanmar, P.O.Box : 1126
PH : 95 1 371 990, 95 1 372 712
Fax : 95 1 371 990
March 2018

## Rising Tide Travel & Tours

| | | | |
|---|---|---|---|
| ဘန်ကောက် - ပတ္တရား | (၅ည/၅ရက်) | Apr 13 to 17 | USD 585 |
| | (၄ည/၅ရက်) | Apr 12 to 16 | USD 895 |
| ဘလီကျွန်း(ဆိုးလ်-နမ်မီ) | (၅ည/၆ရက်) | Apr 13 to 18 | USD 1350 |
| ဥရောပ(၆)နိုင်ငံ | (၁၂ည/၁၃ရက်) | Apr 10 to 22 | USD 3490 |
| | (၁၂ည/၁၃ရက်) | Apr 10 to 22 | USD 3750 |
| | (၆ည/၇ရက်) | Apr 13 to 19 | USD 2950 |

09 254 757 722, 09 312 500 70, 09 452 122 277

Ph: 09425334456, 09250233599, 09493223965

## GOLDEN RICH TRAVELS

တရုတ်ပြည်ကြီး ဟောင်ကောင် (၂)ည (၅,၅သိန်း) Apl-12
ရွှေတြိဂံ မယ်ဆိုင် (၃)ည လော (၂သိန်း) Apl-12
09-450587933, 09-250366279, 09-786674066

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၈ ရက် ခရီး - ဟိုတယ်(၂)ည → ရန်ကုန် ၂ သိန်း + ဒေါ်လာ ၅၅၀ (လေယာဉ် + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည → ရန်ကုန် ၂ သိန်း + ဒေါ်လာ ၆၅၀ (လေယာဉ် + နီပေါ)
၁၅ ရက် ခရီး - ဟိုတယ်(၅)ည → ရန်ကုန် ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၇)ည → ရန်ကုန် ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်ကတ္တား
3 (Star) ဟိုတယ် (၇)ည ဒေါ်လာ - ၁၁၀၀

## ATTOLLO Travel & Tours
အက်တိုလ်(လ်)လို

| | | | |
|---|---|---|---|
| | | APR 11 | |
| | APR 12 | | APR 11 |
| | APR 12 | | APR 13 |
| | APR 12 | | APR 13 |
| | APR 12 | | APR 14 |
| | APR 12 | | APR 12 |
| | APR 13 | | APR 13 |

01-389187, 09-32109138, 09-795418474

## Asia Dragon
ချောင်းသာ • ငွေဆောင် • ကျိုက်ထီးရိုး • ဖြူ - ဝတီ
09 300 300 30, 09 300 300 90

## ဝန်းစာရီ
Mar 23
April - 12,13,17

## MYANMAR'S LAND
We must work together! We must build our Nation!
လူငယ်မန်နေဂျာသင်တန်း
YOUNG MANAGER TRAINING



(WORLD FIRST)
- (Basic Business Management)
- Marketing, HR, Operation
- Business Plan, Business Model
- (Leadership Skill)
- Problem Solving Skill, How to get idea ?

Sat-Sun 5:30 pm to 7:30 pm
Guest Speaker
New Campus

Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com
Contact: 01503172, 09259290274, 09260663336, 0943121060,095010014

## ရွှေလမ်းညွှန်
Mar 23
57000
52000
09-420087371, 09-259302029

## SILVER MOON TRAVELS
Car Rental & Group Packages Services
Packages 09 4515 00086, 4515 00085
April 12

## အလိုရှိသည်
FDA
Ph: 09 5020422, 09 5048267

## သုခမိန်ဓာဓ
01-253079 / 09 51 55654 / 09 76 51 55654
APRIL ၁၂-၄-၂၀၁၈ မှ ၁၆-၄-၂၀၁၈ 5D/4N
ထားဝယ် , မြိတ်နယ်စပ် , ကော့သောင်း - ဝကျော တင်းငြံ

## အမှောင်ခွင်း အရောင်လင်း အလှရောင်ကင်းစေဖို့
သူထက်လင်း

## ပရီမီယာကော်ဖီမှ
၁၀ သိန်းဆု ကံထူးရှင် (၆) ဦး နှင့် ၁ သိန်းဆု ကံထူးရှင် (၃၂) ဦး
ထွက်ပေါ်လာပါပြီ

PREMIER COFFEE



တစ်သိန်းဆုကံထူးရှင်များ




www.facebook.com/ilovePremierCoffee
HOT LINE: 09 264566047



















## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၆)မြို့နယ် ကျေးရွာ(၆၆)ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ၂၀၁၈ခုနှစ်၊ ဧပြီလ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ယူအပ်ပါသည်။

(က) ကျေးလက်ရေရရှိရေးလုပ်ငန်း (၆၇) ခု

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသည့်လုပ်ငန်းစံနှုန်း Design ပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂-၄-၂၀၁၈ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၄-၂၀၁၈ရက် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၈၉၂-ဘီ)၊ တပင်ရွှေထီးလမ်း၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၇)(အေ) ပဲခူးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို တိုင်းဒေသကြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၅၂၂၂၃၀၆၉၅၊ ၀၅၂၂၂၃၀၅၉၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# တောမဲ့မြေသား ရေတိုက်စား၏



ရန်ကုန်မြို့ တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀ဝိ/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်




■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး၊ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီ လက်ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန်၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိန်ကျ မြေပိုင်ဆိုင်မှုရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၇) ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-
GRAND STYLE CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

# မြန်မာနိုင်ငံ၏ စီးပွားရေးမျက်နှာစာသစ်တွင် အာဖရိကမိတ်ဆွေများနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**Dakhla မတ် ၁၇**

မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် မော်ရိုကိုနိုင်ငံ Dakhla မြို့ Dakhla's Congress Center ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကာ မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် မော်ရိုကိုနိုင်ငံ၏ ဆဋ္ဌမမြောက်ဘုရင် မိုဟာမက်က Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ ပေးပို့သည့် သဝဏ်လွှာကို Dakhla-Oued Eddahab ပြည်နယ်ဥက္ကဋ္ဌ Mr. Yanja El Khattat က ဖတ်ကြားသည်။

ထို့နောက် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ပူးတွဲသဘာပတိဖြစ်သည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လွယ်မွေမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၁၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ကျိုင်းတုံမြို့ နောင်ကန်ရွာရှိ အနာကြီးရောဂါကုသရေးဌာနသို့ သွားရောက်ကြည့်ရှုအားပေးပြီး လွယ်မွေမြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ နောင်ကန်ရွာ စိန်ပီတာဘုရားကျောင်း၌ ကျင်းပသည့် နောင်ကန် အနာကြီးရောဂါကုသရေးဌာနရှိ လူနာများနှင့် မိဘမဲ့ကလေးများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ရာ ဖာသာအန်ဂျေလိုစိုင်းပျဲန်းက နောင်ကန်အနာကြီးရောဂါဂေဟာသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက နောင်ကန်အနာကြီးရောဂါ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ပန်ပိုင်ရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။




မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

မတ် ၁၈၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# မြေစာပင်မှ ပွင့်သောပန်း

သက်မွန် (လေးမျက်နှာ)



ရုံးရှေ့ကားရပ်မိတော့ ညနေလေးနာရီထိုးလုပြီ။ ကားကို စက်မသတ်စေဘဲ သမီးငယ်ကိုကြိုရန် လွှတ်လိုက်ရ၏။ ကျောင်းကြိုနောက်ကျလျှင် မီးငယ်ကခြေဆောင့် စိတ်ကောက်ပေဦးမည်။ သမီးတို့အမေကလည်း သူ့အရောင်းအဝယ်အလုပ်နှင့်သူ ရှုပ်နေတတ်သည်မို့ ကျောင်းမှန်မှန် သွားမကြိုနိုင်ပေ။ သည်တော့ သမီးငယ်ကို ကျောင်းပို့ ကျောင်းကြိုရသည့်တာဝန်မှာ ဦးအေးကိုတာဝန်ဖြစ်လာတော့သည်။

"ဆယ်တန်းအောင်ရင် ကားအသစ်တစ်စီး သတ်သတ် ဝယ်ပေးနော်အဖေ"

ရှစ်တန်းတက်စအချိန်ထဲက သမီးငယ်ပူဆာခဲ့သည်ကို ပြန်တွေးမိသဖြင့် ဦးအေးကိုပြုံးမိသည်။ ရုံးခန်းထဲ လှမ်းဝင်မိတော့ အပွင့်ရိုက် ထဘီလေးများ ဖြန့်ကြည့်နေသော ရုံးဝန်ထမ်း အမျိုးသမီးတစ်အုပ်ကို တွေ့လိုက်ရသည်။ သူ့ကိုမြင်၍ မလုံမလဲပုံစံကလေးများဖြင့် အထည်စများ သိမ်းဟန်ပြုသည်။ သူတို့မြင်မှ သည်ကနေ့လစာထုတ်သည့်နေ့ပဲဟု သူသတိရမိသည်။ သည်ရုံးကိုစပြောင်းလာကာ စကမူ ယူနီဖောင်းရှိလျက်နှင့် ရှုပ်ရှုပ်ယှက်ယှက်ဟု အပြစ်တင်ခဲ့မိသေးသည်။ နောက်မှ သူတို့ခမျာ လဆိုင်းနှင့် အကြွေးတင်ခံ၍ ဝယ်၊ နောက်ပြန်ဆပ်၊ နောက်တစ်လီ ပြန်ဝယ် သံသရာလည်ကြရသည့်အဖြစ်ကို နားလည်လာကာ မမြင်ချင်ယောင်ဆောင်နေမိတော့သည်။အမှန်ပြောရလျှင် မိမိဇနီးသည်ချောနွယ်သည်လည်း အဝတ်အစား မက်တတ်သူပင်။

"နေ့လယ်က ဖုန်းလာပါတယ်ဆရာ"

စာရေးလေးမောင်မိုးကျော်က ကော်ဖီတစ်ခွက်ကို သူ့စားပွဲပေါ် ချပေးရာက ပြောသည်။

"သီတာကဆက်ပါတယ်လို့ ပြောပေးပါတဲ့ဆရာ"

ကြားလိုက်ရသည်မှာ လုံးဝမထင်မှတ်မယုံကြည်နိုင်သည့်စကားပင်။

"ဘာ၊ သီတာဟုတ်လား"

"ဟုတ်ကဲ့ အစည်းအဝေးသွားလို့ ညနေမှပြန်ဆက်ပါလို့ ပြောလိုက်ပါတယ်ဆရာ"

ဟုတ်ပ့ါမလား၊ အံ့ဩစရာကောင်းလွန်းနေပြီ။ အိမ်ထောင်ရေးစည်းဖောက်ခဲ့သည့် လင်သားတစ်ယောက်ကို စိတ်မာလွန်းသော သီတာက ဆက်သွယ်ပ့ါမလား။ ကွဲကွာခဲ့သည်မှာပင် ၁၄ နှစ်ကျော်ခဲ့ပြီ။ သမီးကြီးကိစ္စကြောင့်များ မာနချကာ ဆက်သွယ်ရော့လေသလား။ သီတာ့ဟု အမည်နာမတစ်ခုကြားရသည်နှင့်ပင် စိတ်တို့သည် အတိတ်ဆီသို့ ပျံသန်းသွားလေသည်။

"ကိုကို သီတာ့ကို အရမ်းချစ်တယ်ဆို၊ သမီးက ကိုကို့ ဘဝပါဆို"

မျက်နှာချင်းဆိုင်ကာမေးနေသော သီတာ့မျက်နှာကို ကိုအေးကိုမကြည့်ရဲ၊ ရင်မဆိုင်ရဲပေ။ သီတာကမျက်ရည်တစ်စက်မှမကျခဲ့သော်လည်း ရင်တွင်းရှိုက်သံကို သူကြားသိ နားလည်ခဲ့ရသည်။

"ကိုကိုစဉ်းစားကြည့်၊ အာရုံငါးပါးနောက် ကောက်ကောက်ပါအောင်လိုက်တတ်တဲ့ ယောကျ်ားမျိုးကို ကျွန်မမုန်းတယ်"

မုန်းတယ်တဲ့လား။ သီတာ့စကားလုံးများသည် သူ့အသဲပြင်ကို တစ်ခွန်းချင်းဖောက်ထွက်သွားသည်။

"ချစ်တယ်ဆိုတာ နှလုံးသားကလာတာဆို၊ အသွေးအသားက လာတာမဟုတ်ဘူးဆို၊ ဟင်း ဟင်း သီတာနဲ့ ခွဲနေတာ ငါးလမပြည့်သေးပါဘူး၊ ရင်ခွင်သစ်တွေ့တယ်ဆိုတော့ ကိုကို့အချစ်ကဘာလဲ"

မာနနှင့်နာကြည်းမှုရောစွက်သော သရော်သံသည် သူ့ကိုအိမ်ထောင်ဦးစီးနေရာမှ ဆွဲချလိုက်တော့သည်။ သူ့ဇနီးသည်သီတာက စိတ်မာသည်။ ပြတ်သားလှပါသည်။

"ကိုကိုပြောတာ နားထောင်ပေးပါ သီတာရယ်၊ တောင်းပန်ပါတယ်"

"အနားမလာနဲ့နော်၊ ကျွန်မအသံကျယ်လာရင် ရှင်သိက္ခာပိုကျမယ်သိလား၊ ရှင့်အတွက် မယားမရှားပါဘူး"

သီတာသည် သူ့နှလုံးသားကို ဓားဖြင့်တစ်စစီလှီးဖြတ်ခဲ့သလိုပင်။

သို့သော် အမှားကိုနောင်တရသောစိတ်ဖြင့် ယောကျ်ားမာနကို ခဝါချခဲ့သည်။ တောင်းပန်စာအကြိမ်ကြိမ်ရေးပို့ခဲ့သလို လူကိုယ်တိုင်တွေ့ဆုံနိုင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သည်။ မည်သို့မျှ တောင်းပန်မရ၊ မအောင်မြင်သောအခါ သမီးကြီး သန္တာအတွက် ထောက်ပံ့ငွေလစဉ်ပို့ပေးခဲ့သည်။ လက်ခံမည့်သူမရှိဟု ပြန်ကြားလာသဖြင့် သီတာတို့မြို့သို့ သွားရောက်စုံစမ်းခဲ့သည်။ တစ်အိမ်သားလုံး ပြောင်းရွှေ့သွားသည်မှလွဲ၍ ဘာသတင်းအစအနမျှ စုံစမ်းမရ။ ထို့နောက်ပိုင်း သီတာနှင့် အဆက်အသွယ်ပြတ်သွားခဲ့ရသည်။

"ကလင် ကလင် ကလင်"

ဖုန်းခေါ်သံက ဦးအေးကိုကို အတိတ်မှဆွဲခေါ်လိုက်၏။

"ဦးအေးကို ရောက်ပါပြီလားရှင်"

ချိုသာသောအသံလေး၊ ဩော် ခုတော့လည်း သူစိမ်းပြင်ပြင်တွေလိုပါပဲလား။

"ဟုတ်ပါတယ်၊ အေးကိုပါ ပြောပါ"

"သမီး သန္တာပါဖေဖေ"

"ဟင်"

အံ့ဩလွန်း၍ ဘာပြောရမှန်းမသိလေတော့၊ သမီး သန္တာတဲ့၊ သူ့အမေမှ မဟုတ်ဘဲ။

"ဖေဖေ့ကို ခဏလာတွေ့ချင်လို့ပါဖေဖေ၊ ဖေဖေအချိန်ရပ့ါမလား၊ အရင်ဖုန်းဆက်မေးတာပါ"

အသံချိုချိုလေးက သူ့ရင်ထဲ ပဲ့တင်ထပ်သွားသည်။ သမီးကအဖေနှင့် တွေ့ဖို့ခွင့်တောင်းနေရသည့် ဘဝပါလား၊ ရင်ထဲ ကြင်နာစိတ်များ ပွားများလာခဲ့လေပြီ။

"ရပါတယ် သမီးကြီးရယ်၊ ဒါနဲ့ဖေဖေ့ရုံးကိုရောလာတတ်ရဲ့လား"

"လာတတ်ပါတယ်ဖေဖေ၊ ဒါပဲနော်"

သမီးက ဖုန်းချသွားလေပြီ။

ဩော် . . သမီးကြီး။

အမေနောက်ပါသွားစဉ်က နှစ်နှစ်သမီးအရွယ် သမီးကြီး၊ ဘယ်လိုရုပ်လေးများဖြစ်နေပါလိမ့်။ ငယ်ငယ်တုန်းက အသားညိုညို မျက်လုံးဝိုင်းဝိုင်းလေး၊ ယခုကြားရသည့် အသံလေးကတော့ ပွင့်လင်းပြတ်သားသည့်ပုံစံကလေးဖြစ်သည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော သမီးကြီးအကြောင်းစဉ်းစားရင်း ဆောက်တည်ရာမရဖြစ်နေမိသည်။ ဟိုသည်လျှောက်ရင်းဖြင့် လက်မှနာရီကို ခဏခဏကြည့်ဖြစ်သည်။

"ရှိပါတယ်၊ ဆရာအထဲမှာပါ"

ကိုမိုးကျော်၏အသံကို ကြားလိုက်ရပြီး ရုံးခန်းတံခါးကို အသာအယာတွန်းဖွင့်လိုက်သော လက်ကလေးတွင် ရွှေလက်ကောက်မပြောနှင့် လက်စွပ်လေးပင်မပါချေ။ နာရီလေးတစ်လုံးကိုသာ တွေ့ရသည်။ အခန်းတွင်းသို့ သိမ်မွေ့စွာဝင်လာသော သမီးကြီးကို ဦးအေးကို ချစ်ခင်ကြင်နာစွာ ကြည့်မိသည်။ မျက်လုံးဝိုင်းဝိုင်းကြီးများ၊ ဆံပင်နက်နက်ကြီးများ။

"သမီးကြီး လာလေထိုင်၊ သမီးတစ်ယောက်တည်း လာတာလား၊ ဘယ်ကလာတာလဲ"

သမီးမျက်နှာကို တစ်ဝကြီးကြည့်ရင်း တရစပ်မေးမိသည်။ သမီးသည် သူ့ရင်ခွင်တွင်ပိုက်ထားသော အိတ်ကလေးကို တင်းတင်းဖိကပ်ရင်း ဖအေ့မျက်နှာကိုသာ ငေးကြည့်နေရှာသည်။ အတန်ကြာမှ "ဖေဖေတွေ့ခွင့်ပေးလို့ သိပ်ဝမ်းသာတာပဲဖေဖေ"တဲ့။

ဖုန်းထဲကထက်အေးချမ်းလှသော အသံလေး။ မျက်နှာလေးက သွယ်လျလျ၊ နုနယ်သော်လည်း ရင့်ကျက်နေသည့်ပုံစံကလေးဖြစ်သည်။ တောက်တောက်ပြောင်ပြောင် ဝတ်စားထားခြင်းမဟုတ်သော်လည်း ရိုးရိုးယဉ်ယဉ် သပ်သပ်ရပ်ရပ်လေး ပုံစံလေးကထင်းနေသည်။အပြင်မှာ တွေ့ပါက မှတ်မိလိမ့်မည်မထင်။

"သမီးကို အပြင်မှာတွေ့ရင် မှတ်မိမယ်မထင်ဘူး၊ သမီးကြီးက ထွားလာလိုက်တာ၊ ဒါနဲ့သမီးလာတာ မေမေ သိရဲ့လား"

"သမီးကတော့ အဘွားဆီကဖေဖေ့ဓာတ်ပုံလေးကို ညတိုင်းကန်တော့အိပ်တာမို့ ဖေဖေကလည်း ရုပ်မပြောင်းတော့ မှတ်မိပါတယ်၊ ပြီးတော့ မေမေမသိဘဲ သမီးဘာမှ မလုပ်ပါဘူးဖေဖေ၊ သေချာခွင့်တောင်းခဲ့ပါတယ်"

သမီးစကားသည် သူ့အရှိုက်ကို သေချာထိုးလိုက်သည့်နှယ်။ သမီးကြီးက စကားတွေတတ်လွန်းလှပါသည်။

"သမီးကြီးရယ်၊ တကယ်တော့ ဖေဖေတို့အဖြစ်က . . . . "

သမီးက သူ့စကားမဆုံးသေးခင်ပင်

"သန္တာနားလည်ပါတယ်ဖေဖေ၊ အဖွားက အရာရာရှင်းပြပြီးသားပါ၊ ယောကျ်ားကို သိပ်ချစ်ခဲ့လို့ဖြစ်တည်ခဲ့တဲ့ မေမေ့မာနကိုလည်း အပြစ်မတင်ရက်သလို ဖေဖေ့ကိုလည်း ဘယ်တုန်းကမှ အပြစ်မတင်ခဲ့ပါဘူး၊ သမီးအမြဲချစ်နေခဲ့တာပါ"

ရင်ထဲတွင် လှိုက်ခနဲ။

"သမီးရယ်" စိတ်လွတ်ကိုယ်လွတ် ရေရွတ်လိုက်မိသည်။

"ဒါနဲ့ သမီးကြီး ဘယ်နှတန်းရောက်ပြီလဲ"

"ဒီနှစ် ဆယ်တန်းအောင်ထားပါတယ်ဖေဖေ"

"ဟင် ဖေဖေက ကိုးတန်းလောက်ထင်ထားတာ၊ သမီးကြီးက တော်လိုက်တာ"

အားရဝမ်းသာစွာ သူပြောလိုက်မိသည်။

တစ်ဆက်တည်း သမီးကြီးရောက်လာတာ တက္ကသိုလ်ဆက်တက်ရမည့်အတွက် ငွေကြေးအကူအညီလို၍များလားဟု တွေးလိုက်မိသည်။ ဒီသမီးအတွက်လည်း သူ့တွင်တာဝန်ရှိသည်။ သမီးကြီးကြည့်ရတာ ချို့တဲ့ပုံပင်။

"ကောင်းတယ် သမီး၊ ကြိုးစား ကျောင်းဆက်တက်ဖို့ ဖေဖေတာဝန်ယူမှာပါ"

ပြုံးနေသောမျက်နှာလေး ပြန်တည်သွားသည်။

"သန္တာအတွက် ဘာမှ မလိုပါဘူးဖေဖေ၊ ခုလာတာ ဖေဖေ့ကိုကန်တော့ချင်လို့ပါ၊ သမီး အခုတွဲဖက်မူလတန်းကျောင်းမှာ စာသင်နေပါတယ်၊ ပထမဆုံးရတဲ့လစာလေးနဲ့ ဖေဖေ့ဖို့ သည်ပုဆိုးလေးဝယ်ခဲ့တာပါ၊ ဖေဖေဝတ်ပါနော်"

ပြောပြောဆိုဆို ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့လေးထိုင်ကာ ရိုရိုသေသေကန်တော့နေသော သမီးကြီးကို ဆုတွေအများကြီးပေးချင်သော်လည်း သူတစ်ခွန်းမျှ မဟနိုင်။ ရင်ထဲဆို့နေသည်။ သူ့လုပ်စာလေးနှင့် ဆယ့်လေးငါးနှစ် ကွဲကွာနေသော ဖအေကို လာကန်တော့တာတဲ့လား သမီးကြီးရယ်။

"ဖေဖေ သမီးပြန်ပါဦးမယ်"

နေရာမှထရပ်ရင်း ပြောလိုက်သည်က နှုတ်ဆက်စကား။

"နေပါဦးသမီးကြီးရယ် ခဏလေးစောင့်ပါလား၊ ဖေဖေ လိုက်ပို့ပေးပ့ါမယ်"

သမီးကြီးက နွမ်းလျလျလေးပြုံးရင်း

"သမီးဘာသာပဲ ပြန်ပါရစေဖေဖေ၊ မေမေမကြိုက်မှာစိုးလို့ပါ၊ နောက်တစ်ခါမှ ကြာကြာနေပ့ါမယ်ဖေဖေ"

ပြတ်သားစွာပြောကြားနေသည့် သမီးကိုကြည့်ရင်း သီတာ့ကို သူအမှတ်ရမိလိုက်သည်။ အသိစိတ်က သမီးကြီးအတွက် တစ်ခုခုလုပ်ပေးသင့်ကြောင်း သတိပေးလာသည်။ ပိုက်ဆံအိတ်ထဲမှ ငါးထောင်တန်တစ်ထပ်ကို သမီးကြီးလက်ထဲ ထည့်ပေးမိသည်။

"သန္တာကို စိတ်မဆိုးပါနဲ့ဖေဖေ၊ ဖေဖေ့ဆီကို ကန်တော့ချင်လွန်းလို့ လာခဲ့တာပါ၊ ဘာအကူအညီအထောက်အပံ့မှ လက်မခံပါဘူးလို့ မေမေ့ကို ကတိပေးခဲ့လို့ပါ"

အကူအညီအထောက်အပံ့တဲ့လား သမီးရယ်။ စိမ်းကားပြတ်သားလှချည်လားကွယ်။ သူ့ရင်ထဲလှိုင်းထကာ ဆို့နင့်နေလေသည်။

"ဖေဖေ သမီးကိုချစ်တာနဲ့တင် လုံလောက်ပါပြီဖေဖေ၊ ခွင့်လွှတ်ပါနော်"

တွယ်တာစရာကောင်းလှသော နှုတ်ဆက်စကားဖြင့် သူ့မြင်ကွင်းမှ သမီးကြီးထွက်ခွာသွားလေပြီ။

ဦးအေးကိုမှာတော့ သူ့သမီးကြီး သူ့ထံ နောက်တစ်ကြိမ် လာရောက်တွေ့ဆုံမည့်ရက်ကိုသာ. . .။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# ကိုယ်ချင်းစာတရားနှင့် ယနေ့လူ့ဘောင်

## ချစ်ခိုင်စံ(ဘီအီးဒီ)

(က)

ကျွန်တော်တို့ ငယ်ငယ်က နွေရာသီကျောင်းပိတ်ရက်ရောက်ပြီဆိုလျှင် တောသူတောင်သားများပီပီ လွယ်အိတ်စုတ်ကို စလွယ်သိုင်း၍ ရွာရိုးကိုးပေါက် လျှောက်ဆော့ကြပါ၏။ လျှောက်ဆော့ကြရင်း တွေ့သမျှ တိရစ္ဆာန်များကို လေးခွဖြင့် ပစ်ဖမ်းရန်အတွက် လွယ်အိတ်စုတ်ထဲတွင် လေးခွနှင့် လောက်စာလုံးများကို အသင့်ဆောင်ယူလာကြမြဲဖြစ်သည်။ ဘာရယ်မဟုတ်။ ကလေးပီပီ တွေ့သမျှ တိရစ္ဆာန်တိုင်းကို လေးခွနှင့် ပစ်ခဲ့ဖူးသည်။ ကျွန်တော်တို့ လေးခွနှင့် ပစ်ကြသောအခါ တချို့တိရစ္ဆာန်များက ပြေးကြသည်။ တချို့က အော်ဟစ် ညည်းညူသွားကြသည်။ တချို့သော ငှက်ကလေးများ၊ ပုတ်သင်ကလေးများဆိုလျှင် သေသွားကြပါ၏။

ထိုအခါ "သတ္တဝါဆိုတာ လူချွတ်မှ ကျွတ်တာကွ"ဟု ပြုံးပြုံးကြီး ဂုဏ်ယူခဲ့မိသည်။ အမှားအမှန် မခွဲခြားနိုင်ခဲ့။ တစ်နေ့တွင် ကျွန်တော့်အဘိုးက ကျွန်တော် လေးခွဖြင့် လျှောက်ဆော့နေသည်ကိုကြား၍ ခေါ်ရိုက်ပါတော့သည်။ မှတ်မှတ်ရရ ကျွန်တော့်ခြေသလုံးများတွင် ကြိမ်လုံးရာက ထူလပျစ်။ အဘိုးက အားရအောင်ရိုက်ပြီးသောအခါ မေးခွန်းတစ်ခုမေး၏။ "မင်းကို ရိုက်တော့ နာလား"တဲ့။ ကျွန်တော်လည်း မျက်ရည်လည်ရွှဲဖြင့် "ဟုတ်ကဲ့" ဟု ဖြေသောအခါ "ဒါဆို မင်းလေးခွနဲ့ပစ်ခဲ့တဲ့ တိရစ္ဆာန်လေးတွေလည်း နာမှာပေါ့ကွ၊ ကိုယ်ချင်းမစာတတ်ဘူးလား၊ လူစစ်စစ်ဆိုရင် ကိုယ်ချင်းစာတတ်ရတယ်ကွ"တဲ့။

ကျွန်တော် မှတ်သွားခဲ့ပါသည်။ အဘိုးရိုက်ထည့်ခဲ့သော ကိုယ်ချင်းစာတတ်သည့် စိတ်ဓာတ်သည် ကျွန်တော့်နှလုံးသားကို ထုတ်ချင်းဖောက်လျက်။ ကျွန်တော် အဲဒီအချိန်မှစ၍ လေးခွမကိုင်တော့ပါ။ တိရစ္ဆာန်များကို မညှဉ်းပန်းမိတော့ပါ။ ယုတ်စွအဆုံး သူတစ်ပါးအပေါ် တစ်ခုခုလုပ်ရန်၊ တစ်ခုခုပြောရန် ကြံမိတိုင်း နေရာချင်းလဲ၍ ကိုယ်ချင်းစာကြည့်မိလိုက်သည်။ ယနေ့အချိန်ထိ အဘိုးကို ကျေးဇူးတင်နေမိပါ၏။ အဘိုးကတော့ ကျွန်တော်ကျေးဇူးတင်နေသည်ကို မသိနိုင်ခဲ့တာ ကြာလေပြီဖြစ်သည်။

(ခ)

အခုတစ်လော ကျွန်တော့်ရင်ကို ထိခိုက်စေသည့် နှလုံးနာစရာ သတင်းဆိုးတစ်ခုကို အမြဲကြားနေရသည်။ ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာများထက်နှင့် မှုခင်းသတင်းစာများတွင် အမြဲလိုလို ပါနေသောသတင်းဆိုး ဖြစ်ပါ၏။ "သက်ငယ်မုဒိမ်းမှု" ဟူသတည်း။ အင်မတန် ရိုင်းစိုင်းယုတ်မာသော လုပ်ရပ်မျိုးကို ကျွန်တော်တို့နိုင်ငံတွင် ကြားနေရသည်မှာ ရင်နာစရာကောင်းလှပါ၏။ အကျူးလွန်ခံရသော ကလေးသူငယ်များမှာ အရှက်ရော အသက်ပါ ဆုံးရှုံးကြရပါတော့သည်။ ပေါက်ခါစ အပင်ငယ်ကို ရေနွေးပူဖြင့် လောင်းသတ်လိုက်သည့်အလား၊ ကလေးငယ်တို့၏ ဘဝငယ်ငယ်ရွှယ်ရွှယ်ဖြင့် ဇာတ်သိမ်းခဲ့ရပုံမှာ အင်မတန် နှလုံးနာစရာ ကောင်းပါ၏။

ဤသည်မှာ ကိုယ်ချင်းစာတရား မရှိခြင်း၏ လက္ခဏာရပ်ပင်တည်း။ အကျူးလွန်ခံရသောကလေးသည် မိမိ၏ သားသမီး၊ ရင်သွေးငယ်များဖြစ်ခဲ့လျှင်ဟူသော ကိုယ်ချင်းစာပေးတတ်သည့် စိတ်ဓာတ်များ မရှိကြတော့ပေ။ "ကြီးနိုင်ငယ်ညှဉ်း"ဟူသော သဘောဖြင့် အင်အားကြီးမားသူက အင်အားချည့်နဲ့သူကို နိုင်ထက်စီးနင်း ပြုလုပ်နေကြသည်မှာ လူ့လောကအတွက် အရုပ်ဆိုးလွန်းလှပါသည်။ ယခုဆိုလျှင် ကျွန်တော်တို့နိုင်ငံရှိ ကလေးများ ကျွန်တော်တို့မြေပေါ်တွင် မလုံခြုံတော့ချေ။

သည့်အပြင် ကိုယ်ချင်းစာတရား မရှိခြင်းသည် လူသားဆန်မှုကိုလည်း ထိခိုက်စေပါသည်။ မကြာသေးမီက ဟင်းခိုးစားသောခွေးကို ဓားဖြင့် လိုက်ခုတ်နေသော လူတစ်ယောက်အား တွေ့လိုက်မိပါ၏။ ခွေးခမျာ သွေးသံတရဲရဲဖြင့် အော်ဟစ်ပြေးလွှားနေရပါတော့သည်။ မသိနားမလည်သော တိရစ္ဆာန်တစ်ကောင်အား ရက်ရက်စက်စက် ဓားဖြင့်လိုက်ခုတ်နေပုံမှာ အင်မတန် ရှက်စရာကောင်းလှပါ၏။ ထိုအဖြစ်အပျက်ကိုကြည့်ပြီး အဘိုးမဆုံးပါးခင်က ပြောခဲ့သော စကားတစ်ခွန်းကို ပြန်လည်ကြားယောင်မိပါ၏။

"ဒီမယ် ငါ့မြေး၊ တချို့လူတွေ ကိုယ်ချင်းစာ တရားမဲ့ပြီဆိုရင် တိရစ္ဆာန်ထက်တောင် ပိုရိုင်းသွားတတ် ကြတယ်ကွ"တဲ့။ ကျွန်တော့်နားထဲတွင် အဘိုး၏အသံက ပဲ့တင်ထပ်နေပါ၏။

ထို့ပြင် ကိုယ်ချင်းစာတရားသည် ရင့်ကျက်မှု၏ သင်္ကေတလည်း ဖြစ်ပေသည်။ လူတစ်ယောက်သည် ကိုယ်ချင်းစာတရား များများရှိလေလေ၊ ရင့်ကျက်မှုရှိလေလေဖြစ်သည်။ ထို့အတူ ကိုယ်ချင်းစာတရား လျော့ပါးလာလျှင်လည်း စိတ်သဘောများ သေးသိမ်ညံ့ဖျင်းလာတတ်ပါသည်။ အသို့ဆိုလျှင် ကျွန်တော်တို့ နိုင်ငံသားတိုင်း ကိုယ်ချင်းစာတရား ထားတတ်ကြပါရဲ့လား။ သူတစ်ပါးအား တစ်ခုခု ပြောဆိုကြံစည်တော့မည်ဆိုလျှင် အသိတရားဖြင့် ကိုယ်ချင်းစာစိတ် သွင်းမိကြပါရဲ့လား။

(ဂ)

မကြာသေးမီက YGW အဝါရောင် မျိုးဆက်သစ်လူငယ်ပရဟိတအသင်း၏ မိဘမဲ့ဂေဟာတစ်ခုအကြောင်း ဖတ်လိုက်ရပါသည်။ အရွယ်မရောက်သေးသော စွန့်ပစ်ခံမိဘမဲ့ကလေး ၄၇ ဦးအား စောင့်ရှောက်ထားကြောင်း သိလိုက်ရပါ၏။ ဒုက္ခရောက်နေသည့်ကလေးများအား လူသားချင်း စာနာထောက်ထားတတ်သည့် စိတ်ဓာတ်ဖြင့် ကူညီပေးနေပုံမှာ ကျွန်တော့်ရင်ကို ပီတိလွှမ်းစေပါတော့သည်။ ထို့ပြင် ကျွန်တော်တို့နိုင်ငံ၌ လေလွင့်တိရစ္ဆာန်များကို ခေါ်ယူ ကျွေးမွေးစောင့်ရှောက်ပေးထားသော တိရစ္ဆာန်စောင့်ရှောက်ရေးဂေဟာများလည်း ရှိနေပါသေးသည်။

ဤသည်မှာ ကိုယ်ချင်းစာတရား၏ ပြယုဂ်ပေတည်း။ တကယ်တမ်းတွင် ကျွန်တော်တို့ ကမ္ဘာကြီးသည် ရှေးယခင်ကတည်းကပင် ကိုယ်ချင်းစာတရားနှင့် ပတ်သက်၍ အစဉ်အမြဲ အားပြိုင်မှုများ ရှိခဲ့ပါ၏။ ကိုယ်ချင်းစာတရားကင်းမဲ့သော လူများက ကမ္ဘာကြီးကို ရှေးယခင်ကပင် နည်းအမျိုးမျိုးဖြင့် အရုပ်ဆိုးအကျည်းတန်အောင် ဖျက်ဆီးကြပါသည်။ မုဒိမ်းမှုများ၊ မူးယစ် ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ၊ တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှုများ စသည်ဖြင့် အမျိုးစုံ အမယ်စုံပါပေ့။

သို့သော်လည်း တစ်ဖက်တွင် ကိုယ်ချင်းစာတရား ပြည့်ဝသော လူများက ကမ္ဘာကြီးကို ကယ်တင်နေကြပါ၏။ ပြန်လည် လှပဝေဆာလာအောင် လူသားဆန်စွာ ပြုစုပျိုးထောင်နေကြပါသည်။ ဤသို့ဆိုလျှင် ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့် မည်သည့်ဘက်မှ ရပ်တည်ကြပါမည်နည်း။ ကိုယ်ချင်းစာတရားကင်းမဲ့စွာဖြင့် တိရစ္ဆာန်အရိုင်းတစ်ကောင်ကဲ့သို့ လူ့လောက၏အလှတရားများကို ဖျက်ဆီးကြမည်လား။ ကိုယ်ချင်းစာတရားထားကာ မြင့်မြတ်သော လူသားတစ်ယောက်ကဲ့သို့ လူ့လောကကို သာယာလှပလာအောင် ပျိုးထောင်ကြပါမည်လား။

မည်သို့ပင်ဆိုပါစေ ကမ္ဘာလောကကြီးသည် ဆက်လက်တည်ရှိနေမည်သာတည်း။ ထို့အတူ လူတို့၏ စိတ်အတွင်းရှိ ကိုယ်ချင်းစာတရားသည်လည်း အမြဲအားပြိုင်နေမည်သာတည်း။ ကျွန်တော်တို့အနေဖြင့် ရွေးချယ်မှု မှန်ကန်ဖို့ရန်သာလိုပါ၏။ ယနေ့ လူ့ဘောင်သည် ကိုယ်ချင်းစာတရားရှိသော လူများကိုသာ လိုအပ်နေပါတော့သည်။ ။

## ရွာအလှူ

ရွှေအိုးစည် ထုံသံပေး
ခုန်ပျံ မွေး မြူး ရွှင်။
တို့ရွာမှာ အစဉ်ကောင်းခဲ့
ရှင်လောင်းလှည့် ချိန်ခါပင်။
ရွှေထီးနဲ့ ရွှေလှည်းယဉ်
ရွှေပွဲဆင် ရွှေတွေလျှမ်း။
ပြုကြောင်းသာ ဇမ္ဗူကဲစေဖို့
စုပေါင်းကာ အလှူပွဲပေမို့
သူလည်းငါ ဒါနမွှမ်း
ပီတိတွေ လွှမ်း။ ။

အင်ပင် သန်းငွေအောင်

## ပညာသင်ခါ အတ္တခွာ

သိပညာ တတ်ရဖို့
မှတ်ကြစို့ တို့တစ်တွေ။
ငါသာသိ ငါသာတတ်လို့
စိတ်မှတ်မနေ။
ပညာများ ဖြာဖြာဝေ
များစာပေ ကုန်နိုင်ဘူး။
ငါအတ္တ ယူမစွဲလို့
တူအတွဲ ကောင်းစိတ်ထားရယ်နဲ့
(ဆရာများထံမှာလေ)
သင်ကြားလှည့်ဦး။ ။

မင်းခန့်သော်(မြန်မာစာ)

ဆောင်းပါး

# ကိုယ်သာလျှင် ကိုယ့်ရဲ့အရှင်

## ဝင်းထက်ရောင်နီ(အဖျောက်)

ညီမလေးရေ့ . . .

ကိုယ်တို့ဗုဒ္ဓဘာသာဝင် လူတိုင်းဟာ ကံ ကံ၏အကျိုးကို ယုံကြည်ကြတယ်။ ကောင်းတာလုပ်ရင်ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ လူတွေဟာ သူ့ရဲ့လုပ်ရပ်အကြောင်းပေါ်မူတည်ပြီး အကျိုးဆိုတာ ဖြစ်ပေါ်လာတာပါ။ လူအချို့ယုံကြည်ကြတဲ့ လက္ခဏာ၊ ဗေဒင်တွေကြောင့် အကျိုးဆိုတာဖြစ်ပေါ်လာတာ မဟုတ်ဘူး။ ဗေဒင်၊ လက္ခဏာဆိုတာဟာ လူရဲ့ အတိတ်ကံကိုသာ ဟောနိုင်တယ်။ ပစ္စုပ္ပန်ကံကို ဟောလို့မရဘူး။ ပစ္စုပ္ပန်ကံဟာ မိမိနဲ့ သာဆိုင်တယ်။ ဒါ့ကြောင့် ကံကိုယုံပြီးဆူးပုံနင်းရင် ဆူးစူးမှာပေါ့။

ညီမလေးရေ-

ဒီအကြောင်းနဲ့ပတ်သက်ပြီး ကိုယ်သိဖူးတဲ့အဖြစ်အပျက်နှစ်ခုနဲ့ သာဓကဆောင်ပြမယ်။ လက္ခဏာပညာရှင် ကိုင်ရို ကို ညီမလေးကြားဖူးမှာပေါ့။ တစ်နေ့ ကိုင်ရိုဆီကို လူငယ်လေးတစ်ယောက်ရောက်လာတယ်။ သူ့အသက် ဘယ်လောက်ထိနေရမလဲဆိုပြီး လက္ခဏာလာမေးတယ်။ ကိုင်ရိုက လူငယ်လေးရဲ့လက္ခဏာကို ကြည့်ပြီး မင်းအသက်(၉၀)ကျော်အထိနေရမယ်လို့ ဟောလိုက်တယ်။ အဲဒီလို ဟောလိုက်တဲ့နေ့ကစပြီး လူငယ်လေးဟာ အပျော်လွန်ပြီး အရင်တုန်းကလို ဘာသာတရားကိုင်းရှိုင်းမှုမရှိ၊ မိဘဘိုးဘွားဆရာသမားတွေကို မလေးမစားနဲ့ သောက်စားမူးယစ်ပျော်ပါးနေပါလေရော။ သူ့စိတ်ထဲမှာ သူဘယ်လိုနေနေ အသက်(၉၀)ကျော်အထိနေရမယ်လို့ ထင်နေခဲ့တယ်။ ဒီလိုနဲ့ ငါးနှစ်လောက်ကြာတဲ့အခါမှာ အဲဒီလူငယ်လေးရဲ့ခေါင်းပေါ်ကို တိုက်ပြတင်းပေါက်က ပန်းအိုးပြုတ်ကျပြီး သေပါလေရော။

အဲဒီအခါ ကျန်ရစ်သူမိသားစုက လက္ခဏာပညာရှင် ကိုင်ရိုကို မကျေနပ်ဘူး။ သူက အသက်(၉၀)ကျော်အထိ နေရမယ်လို့ ဟောခဲ့တာကိုး။ ဒါကြောင့် ကိုင်ရိုကို လိမ်လည်မှုနဲ့ တရားစွဲပါသတဲ့။ အဲဒီအခါကိုင်ရိုက သူလိမ်လည်မပြောကြောင်း လူငယ်လေးရဲ့လက္ခဏာအရေးကြောင်းအတိုင်း သူဟောခဲ့ခြင်းဖြစ်ကြောင်းပြောပြီး စာရွက်လေးတစ်ရွက်ထုတ်ပြတယ် ။ အဲဒီစာရွက်လေးဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က လူငယ်လေးလက္ခဏာလာမေးတုန်းက ကိုင်ရိုကူးယူခဲ့တဲ့ လူငယ်လေးရဲ့ လက္ခဏာအရေးကြောင်း စာရွက်လေးပါပဲ။ စာရွက်ထဲမှာ လူငယ်လေးရဲ့ အာယုလမ်းကြောင်းဟာ အရမ်းရှည်ပြီး လက်ကောက်ဝတ်လောက်အထိကိုဖြစ်နေတာ။ ဒါကြောင့် ဆရာကိုင်ရိုက အသက်(၉၀)ကျော်လောက်ထိ နေရမှာလို့ ပြောခဲ့တာကိုး။ ဒါပေမဲ့ အခုသေသူလူငယ်လေးရဲ့လက္ခဏာနဲ့ ပြန်တိုက်ကြည့်တဲ့အခါ အာယုလမ်းကြောင်းဟာ သိသိသာသာ တိုဝင်သွားတာကိုတွေ့ရတယ်။ လူငယ်လေးဟာသူ့ရဲ့ ရှေ့ဘဝကံ အာယုလမ်းကြောင်းအရ အသက်ရှည်ရှည်နေရမယ့် ကံပါလာပေမယ့် သူ့ရဲ့လုပ်ရပ်ဟာ သူ့ရဲ့ ကံကြမ္မာကို ဖန်တီးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ညီမလေးရေ ဗေဒင်၊ လက္ခဏာဟာ လူတွေရဲ့ကံကြမ္မာ အဆိုးအကောင်းကိုမဖန်တီးနိုင်ပါဘူး။ လူတွေဟာ ကိုယ့်ကံကြမ္မာ ကိုယ်ပဲဖန်တီးကြတာပါ။

နောက်ဇာတ်လမ်းတစ်ခုမှာလည်း ကလိင်္ဂမင်းနဲ့ အဿကမင်းဆိုတဲ့ မင်းနှစ်ပါးဟာ အချင်းချင်းရင်ဆိုင် စစ်ထိုးကြဖို့ချိန်းဆိုကြသတဲ့။ မင်းနှစ်ပါးစလုံးဟာ စစ်မှုရေးရာကျွမ်းကျင်သူတွေချည်းပဲဆိုတော့ ဘယ်သူရှုံးမယ် နိုင်မယ်ဆိုတာ ခန့်မှန်းပြောလို့မရဘူး။ အဲဒီမင်းနှစ်ပါး စစ်တိုက်ဖို့စီစဉ်ထားတဲ့ နေရာနဲ့မနီးမဝေးမှာ တောမှီရသေ့ကြီးတစ်ပါးရှိတယ်။ ကလိင်္ဂမင်းဟာ အဲဒီရသေ့ကြီးဆီကို သာမန်အရပ်သားပုံစံနဲ့သွားပြီး "မင်းနှစ်ပါး စစ်ထိုးတဲ့အခါမှာ ဘယ်သူနိုင်မလဲဘုရား" လို့ မေးလျှောက်တဲ့အခါမှာ ရသေ့ကြီးက "ငါလည်းမသိဘူး၊ ဒါပေမဲ့ ငါ့ဆီကို သိကြားမင်းလာလေ့ရှိတယ်၊ သူ့ကိုမေးပြီးမှပြောမယ် မနက်ဖြန်ပြန်လာခဲ့"လို့ ပြန်ကြားလိုက်တယ်။ ညရောက်လို့ သိကြားမင်းလာတော့ ရသေ့ကြီးက မေးတဲ့အခါမှာ သိကြားမင်းက-

"ကလိင်္ဂမင်း နိုင်ပါလိမ့်မယ်"

"ဘာ့ကြောင့်ပါလဲ. . ." "ရှေ့ပြေးနိမိတ်တွေက ထင်ရှားနေပါတယ် ရသေ့ကြီး၊ ကလိင်္ဂမင်းရဲ့အစောင့်နတ်က အဖြူ၊ အဿကမင်းရဲ့ အစောင့်နတ်က အနက်၊ မင်းနှစ်ပါးနဲ့အတူ နတ်နှစ်ပါးလည်း စစ်ထိုးကြလိမ့်မယ်၊ အဲဒီအခါ ကလိင်္ဂမင်းရဲ့နတ်ကပဲ အနိုင်ရပါလိမ့်မယ်"

နောက်တစ်နေ့ ကလိင်္ဂမင်းလာတဲ့အခါ ရသေ့ကြီးက "ကလိင်္ဂမင်းနိုင်ပါလိမ့်မယ်"လို့ ပြောလိုက်တယ်။ အဲဒီစကားလည်းကြားရော ကလိင်္ဂမင်းဟာ အံ့သြဝမ်းသာပြီး ထပြန်သွားတယ်။ ဘာကြောင့်နိုင်မှာလဲဆိုတာ မမေးတော့ဘူး။ သူ့အနေနဲ့ ဒီစစ်ပွဲမှာကျိန်းသေနိုင်မှာပဲလေ။ ဘာကြောင့်လဲဆိုတော့ ဒီစကားကိုပြောလိုက်တာက သူတော်ကောင်းရသေ့ကြီး ကြိုသိနေတာက သိကြားမင်း။ ကဲ. . . ဒီထက်ကျိန်းသေတာ ရှိဦးမလား။ ဒါ့ကြောင့် ကလိင်္ဂမင်းနဲ့စစ်သည်တွေဟာ ဧကန်မုချနိုင်မယ်ဆိုတော့ ပေါ့တိပေါ့ဆနဲ့။ စစ်ရေးလား လေ့ကျင့်မနေနဲ့ ပင်ပန်းရုံပဲရှိမယ်။ အားလုံးအေးဆေးနေပေတော့။

အဲဒီသတင်းဟာ အဿကမင်းဆီပေါက်ကြားသွားတဲ့အခါ အဿကမင်းရဲ့စစ်သူကြီး နန္ဒိသေနက ရသေ့ကြီးဆီသွားပြီး ကလိင်္ဂမင်းနိုင်တဲ့အကြောင်းကို မေးတယ်။ ဒီအခါ အစောင့်အရှောက်နတ်ကြောင့် နိုင်တယ်ဆိုတာ သိလိုက်ရတယ်။ စစ်သူကြီး နန္ဒိသေနလည်း သူ့ရဲ့တပ်သားတွေကို လိုအပ်တဲ့စစ်ဗျူဟာတွေကို ညွှန်ကြားပြီး တိုက်ဖို့ပြင်ဆင်ကြတာပေါ့။ ဒီလိုနဲ့ မင်းနှစ်ပါးစစ်ထိုးကြတဲ့အခါ အစောင့်အရှောက်နတ်တွေလည်း တိုက်ကြပြီပေါ့။ ဒါပေမဲ့ နတ်တွေကို မင်းနှစ်ပါးကလွဲပြီး ဘယ်သူမှမမြင်ရဘူး။ အဲဒီအခါ စစ်သူကြီး နန္ဒိသေနရဲ့စစ်ဗျူဟာအတိုင်း အသောကမင်းဟာ ကလိင်္ဂမင်းရဲ့အစောင့်အရှောက်နတ်ကို လှံနဲ့ပစ်လိုက်တာနဲ့ တစ်ပြိုင်နက် ကျန်စစ်သည်တွေကပါ မင်းကြီးလှံနဲ့ပစ်တဲ့နေရာကို ဝိုင်းဝန်းပစ်ခတ်ကြတာ ကလိင်္ဂမင်းရဲ့အစောင့်အရှောက်နတ်ကျပြီး စစ်ရှုံးပါလေရော။

ညီမလေးရေ အခုပြောခဲ့တဲ့ အဖြစ်အပျက်နှစ်ခုကို ကြည့်မယ်ဆိုရင် လက္ခဏာပညာရှင် ကိုင်ရိုပြောတဲ့စကားဟာလည်းမမှားသလို သိကြားမင်းပြောတာဟာလည်း မမှားဘူး။ သူတို့ဟာ မြင်တဲ့အတိုင်းပြောတာပါပဲ။ ဒါဆိုရင် သူတို့ပြောတဲ့အတိုင်း ဘာလို့မဖြစ်တာလဲ။ တစ်ခုတော့ရှိတယ်။ လူတွေရဲ့ရှေ့ပြေးနိမိတ်ဆိုတာ လူတွေရဲ့လုပ်ဆောင်ချက်ပေါ်မူတည်ပြီး အချိန်မရွေးပြောင်းလဲနေလို့ပါပဲ။ တစ်သမတ်တည်းအမြဲမရှိနိုင်ပါဘူး။ ကံကြမ္မာဆိုတာဟာလည်း ဒီသဘောတရားတွေသက်ဝင်နေတယ်။ မိမိရဲ့ ကိုယ် စိတ် နှုတ် သုံးပါးရဲ့ပြုမူချက်တွေကပဲ မိမိရဲ့ကံကြမ္မာကို ဖန်ဆင်းပါတယ်။ ဒါကြောင့်မို့ ညီမလေးရေ ကိုယ်တို့အားလုံး ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုးပြီး ကောင်းကျိုးကိုယ်၌ တည်စေဖို့ ကောင်းသောကံတွေကို လုပ်ဆောင်ပြီး ကိုယ့်အနာဂတ်ကို ကိုယ်တိုင် ဖန်တီးတည်ဆောက်ကြပါစို့။ ။

ဝတ္ထုတို

■ ကိုစိုး(လက်လှုပ်)

# စုန်ရေစီးသံ



နှင်းကွဲချိန်ဆိုပေမယ့် အအေးဓာတ်က မပြယ်သေးဘူး။ အနွေးထည်ထူထူဝတ်ပြီး တဘက်ကို ခေါင်းပေါင်းထားတာကို ချမ်းစိမ့်စိမ့်နဲ့။ ခရီးသည်အတက်အဆင်းရှိလို့ ကားတံခါးဖွင့်လိုက်ရင် ပိုဆိုးသေး။ မျက်နှာဆီကို ဝင်လာတဲ့ လေကြမ်းက အေးခနဲ။ လမ်းဘေးလယ်ကွင်းတွေထဲမှာ စပါးရိတ်နေသူတွေ ထိုင်နေကြတာ ရိပ်ခနဲမြင်လိုက်မိတယ်။ ရေနွေးသောက်နားကြတာဖြစ်လိမ့်မယ်။ စပါးရိတ်စက်တွေပေါ်များနေကြပြီဆိုပေမယ့် နွားစာကောင်းလိုချင်သူတွေက လက်နဲ့ရိတ်ကြတာပါပဲ။ တံစဉ်နဲ့ သုံးကော်ကို လက်တစ်ဆုပ်။ သုံးဆုပ်ကိုတစ်လှိုင်းထည့်လေ့ရှိကြတယ်။ အဖေနဲ့အတူ လယ်တစ်ဧကကို စပါးရှစ်တောင်းနှုန်းနဲ့ ပုတ်ပြတ်ရိတ်ခဲ့ဖူးတာပဲ။ မြင်းခုံလို့ခေါ်တဲ့ ခြေလေးချောင်းတပ်ခုံရှည်ပေါ်မှာ ကောက်လှိုင်းထုံးတွေကို တဘုန်းဘုန်းမြည်အောင်ရိုက်ပြီး ပြောင်စင်အောင် ခြွေပေးခဲ့ရတာ မေ့မှမမေ့နိုင်သေးတာ။ အဲဒီတုန်းကဆို လက်တွေ အသားမာတည်လို့။

ရှေ့မှာ ရွှေဘိုမြို့အဝင်မုခ်ကို မြင်လိုက်တော့ ဇာတိမြေဆိုတဲ့အသိကြောင့် ကြည်နူးမိတယ်။ ဟိုတုန်းကဆိုကားနှစ်စီးမတိမ်းရှောင်လောက်တဲ့ မြို့အဝင်လမ်းဟာ အခုတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဖြူးလို့ ။ အင်းပေါ့လေ။ သတ္တဝါတွေ ဘေးအန္တရာယ်ကင်းရှင်းကြတာပေါ့။ စီးလာတဲ့ မှန်လုံကားကြီးလည်း ဘေးမသီရန်မခဘဲ ရွှေဘိုကားဝင်းထဲကို တငြိမ့်ငြိမ့်နဲ့ ဆိုက်ခဲ့ပါပြီ။

“ဆရာလေး ဒီကိုကြွပါ၊ ဆိုင်ကယ်နဲ့ပြန်ရမယ်ဘုရား၊ ဆိုင်ကယ်က ဟိုနားမှာ ရပ်ထားတယ်”

ရင်းနှီးပြီးသားအသံမို့ အနောက်ဘက်အိမ်က ဖိုးတေလာကြိုတယ်ဆိုတာ ဆရာလေးမကုလဝတီ သိတယ်။ လက်ဆွဲခြင်းကို ဖိုးတေယူသွားတော့ ကားပေါ်ကအသာဆင်းရင်း မျက်လွှာကိုချပြီး ဖိုးတေခေါ်ဆောင်ရာလိုက်ခဲ့တယ်။

ဆိုင်ကယ်ပေါ်ရောက်တော့ မစီးရတာကြာပြီမို့ စိုးထိတ်မိပေမယ့် သတိတရားနဲ့သာ မေတ္တာပွားနေမိတယ်။ အဖေဖြစ်သူ နေထိုင်မကောင်းဘူးတဲ့။ ဖိုးတေအကြောင်းကြားလို့လာခဲ့ရတာ။ အိမ်မပြန်တာလည်း ခုနစ်နှစ်ကျော်ပြီလေ။ အမေဆုံးပြီးကတည်းက မပြန်ဖြစ်တာ။

“အဖေ မမာဘူးလားဖိုးတေ”

“သက်တော့ သက်သာပါတယ် ဆရာလေး”

သက်သာပါတယ်လို့ပြောပြီး သက်ပြင်းတိုးတိုးချလိုက်တာ ကြားမိတယ်။ ဘုရား ဘုရား။ ကိုယ့်တောရွာတွေက ဒီလိုလိမ်ညာပြီး ခေါ်တတ်ကြတာ။ ဆုံးပါးပြီးပြီလားမသိဘူး။ သတ္တဝါတွေ ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့သာ နှုတ်ထွက်ပြောပြီး မေတ္တာပို့နေပါတယ်။

တကယ်ဆို အဖေ့ကိုပစ်ထားတာမဟုတ်ရပါဘူး။ မောင်လေးတစ်ယောက်ရှိနေတာမို့ သာသနာ့ဘောင်ကို အပြီးတိုင်ဝင်ခဲ့တာပါ။

ငယ်စဉ်တုန်းက ဆင်းတောင့်ဆင်းရဲနဲ့ ပညာတတ်အောင်သင်ပေးခဲ့တဲ့ အဖေ့ကို ပစ်ထားချင်ပါ့မလား။

မကုလဝတီရယ်လို့မဖြစ်ခင် လူဝတ်ကြောင်နဲ့ မြခက်ဘဝတုန်းက အတော်ရုန်းကန်ခဲ့ရသေးတာပဲ။ အဖေ့မှာ မြခက်ကို ကိုးတန်းထားဖို့ အားစိုက်ရတယ်။ နီးစပ်ရာ ရွှေဘိုမြို့မှာ အဆက်အသွယ်မရှိတာမို့ မုံရွာမှာ ကျောင်းတက်ခဲ့ရတယ်။ အဖေ့မိတ်ဆွေရဲ့ လက်ဖက်ရည်ဆိုင်ထောင့်မှာ ကပ်နေပြီး ကွမ်းယာခုံလေးဖွင့်ခဲ့ရတယ်။ အမေကတော့ ရွာကအိမ်မှာပဲ ကျန်ခဲ့ပြီး ပဲနုတ် ကိုင်းနုတ်ပေါ့။ မောင်လေးကလည်း ငါးတန်းဆိုတော့ မြို့ကျောင်းစရိတ်ကမသေးဘူး။ မြခက်မှာလည်း ကျောင်းကပြန်လာအနားမနေရဘူး။ အဖေနဲ့အတူ ကွမ်းယာကူရောင်းရတယ်။ အဖေမရှိတဲ့အချိန်များဆို လူအို လူပျိုတွေရဲ့ ရိသဲ့သဲ့ပြုမှုတွေကိုလည်း ခံရရဲ့။ တစ်ခါတစ်ရံဆို မြခက်စိတ်ပျက်မိပေမယ့် အဖေက“ဘွဲ့တစ်ခုတော့ရမှဖြစ်မယ်သမီးရေ၊ ဒါမှ နောင်ရေး ပင်ပင်ပန်းပန်းမလုပ်ရမှာ”လို့ပြောတော့ မြခက်ကြိုးစားခဲ့ပါတယ်။ ဆွေမျိုးသားချင်းတွေရှိကြပေမယ့် ရွှေရှိမှ အမျိုးတော်ချင်ကြလေတော့ ကသီတဲ့ဘဝကိုပဲ ခါးစီးပြီး ရုန်းကန်ကြရတယ်။ အဖေ့မှာလည်း လက်ဖက်ရည်ဆိုင်ကို အခမဲ့ ဝိုင်းကူရ၊ သန့်ရှင်းရေးလုပ်ပေးရ၊ ဈေးဝယ်ပေးရနဲ့ မနားရပါဘူး။ ကွမ်းဆိုင်လေးက ရောင်းကောင်းတော့ မဆိုးဘူး။

မုံရွာမှာ ကပ်ရပ်နေခဲ့တာ သုံးနှစ်ကြာတော့ မြခက်တက္ကသိုလ်တက်နေပြီ။ မောင်လေးက ကျန်းမာရေးချူချာလို့ ကျောင်းဆက်မတက်တော့ဘဲ ရွာမှာ အမေနဲ့နေတယ်။

“အား. . . ကျွတ်. . . ကျွတ်. . . . ကျွတ်”

မြခက်အခန်းနဲ့ ဖျင်ကြမ်းစောင်တစ်ထည်သာခြားတဲ့ အဖေ့အခန်းထဲက ညည်းသံကြားလို့ ထကြည့်မိတယ်။

“ဘာဖြစ်တာလဲ အဖေ”

“ဘာမှ မဖြစ်ပါဘူးသမီးရယ်၊ ညနေက သံစူးသွားလို့ပါ”

“ဟောတော် အဖေရယ်၊ သံစူးတာ ပေါ့လို့မဖြစ်ဘူး၊ မှန်းစမ်း”

အဖေ့နဖူးကို စမ်းကြည့်တော့ ပူကျက်လို့။

“ဖျားနေတာပဲ အဖေရယ်၊ လာ. . ဆေးခန်းသွားရအောင်”

ပြောလို့သာပြောရတယ်။ မြခက်လက်ထဲမှာ တစ်ပြားမှ မရှိဘူး။ လောလောဆယ် လက်ဖက်ရည်ဆိုင်ကို အကျိုးအကြောင်းပြောပြီး ငွေဆွဲရမှာပဲ။ ပြီးမှ အမေ့ဆီဖုန်းဆက်ပြီး ကျန်ခဲ့တဲ့ကြောင်အိမ်လေးကို အရောင်းခိုင်းရမှာပဲ့။

“မသွားတော့ပါဘူးကွယ်. . . သက်သာသွားမှာပါ”

“မဟုတ်တာဘဲ အဖေရယ်. . . လာ. . လာ. . . ”

အဖေ့ကိုတွဲခေါ်ပြီး နီးရာဆေးခန်းကို သွားရတယ်။ တန်းစီနေတဲ့ လူနာတွေစောင့်တုန်း လက်ဖက်ရည်ဆိုင်ကို ငွေသွားဆွဲ။ အမေ့ဆီကို ဖုန်းဆက်ရတယ်။

ဩော်. . . အဖေက နေ့ခင်းဘက်ဆို သဘော်ာဆိပ်ကမ်းက သံတိုသံစဝယ်တဲ့ဆိုင်မှာ အလုပ်လုပ်သေးသတဲ့။

သချ်ာဘာသာရပ်နဲ့ မြခက်ဘွဲ့ရတော့ အဖေ့မျက်တွင်းတွေ ဟောက်ပက်နေပြီ။ မျက်ဝန်းထောင့်မှာ ကျီးခြေရာတွေနဲ့။ အဖေနဲ့အမေက ၃၅ နှစ်ကျော် ၄၀ နားမှ အိမ်ထောင်ပြုကြတာမို့ ဇရာရဲ့ ပြယုဂ်က ထင်ရှားနေကြပြီ။ အိမ်ပိုင်ယာပိုင် မရှိတာမို့ ရွာက အဖေရဲ့အမေ့အိမ်မှာ အဖီဆွဲပြီး ကပ်ရပ်နေရတယ်။ အဖေကတော့ သူနေရတဲ့ အဖီလေးထဲမှာ မြခက်ရဲ့ ဘွဲ့ရဓာတ်ပုံလေးချိတ်ပြီး ကြည့်ကာကြည့်ကာ တပြုံးပြုံးနဲ့ပါ။ မောင်လေးလည်း အရွယ်ရောက်လာပြီမို့ ကိုင်းခုတ်၊ ပျိုးနုတ်တွေ လုပ်နိုင်ပြီ။ လယ်သိမ်းချိန်ဆို ဝင်ငွေပိုဖြောင့်လာပြီ။

“အစ်မရယ်. . . သင်္ကန်းဝတ်ချင်လိုက်တာဟာ”

လယ်ရိတ်ရင်း မောင်လေးက ဒီလိုပြောလာတော့ မြခက်စိတ်မကောင်းဘူး။ ဒါကိုအဖေကြားသွားတယ် ထင်ပါရဲ့။ နောက်နှစ်ကျတော့ ဆွေမျိုးထဲက အလှူမှာ သင်္ကန်းဆီးပေးတယ်။ မြခက်ကိုလည်း သီလရှင်ဝတ်ပေးတယ်။ ဒီလိုနဲ့ပဲ သာသနာ့ဘောင်မှာ ပျော်မွေ့နေတာ နှစ်တွေကြာခဲ့ပေါ့။

“တီ. . . . တီ. . . . . တီ”

ဖိုးတေရဲ့ဆိုင်ကယ်ဟွန်းတီးသံကြားမှ ရှေ့ကိုလှမ်းကြည့်မိတယ်။ ရွာရောက်တော့မှာပဲ။

“ညီညီရှိရင်တော့ စီးပွားရေးကျပ်တည်းမှာ မဟုတ်ဘူးပေါ့၊ ဆရာလေးရယ်၊ အခုတော့ ဦးကြီးတောက်ထွန်းလည်း အသက်အရွယ်ကကြီး၊ အရီးလေးက မရှိဆိုတော့ ကသီတာပေါ့”

“အေးပေါ့ကွယ်၊ အခုဆရာလေးပြန်လာပြီပဲ”

သူနဲ့တစ်ရွယ်တည်း မောင်လေးကို ဖိုးတေသတိရနေပုံပဲ။ ဆရာလေးလည်း ကင်ဆာရောဂါနဲ့ ဆုံးသွားတဲ့ မောင်လေးကို မျက်ဝန်းထဲပေါ်လာပေမယ့် သတိတရားကို အမြဲကပ်ပြီး မေတ္တာပွားနေတယ်။ အခုဆို အမေကြီးဆီက အမွေရထားတဲ့ အိမ်လေးထဲမှာ အဖေတစ်ယောက်တည်း အထီးကျန်နေရှာရော့ပေါ့။ သတ္တဝါတွေ ကျန်းမာပါစေ။

မနက်မိုးလင်းတော့ ဆရာလေးကိုယ်တိုင် ဆွမ်းထချက်။ ဘုရားဆွမ်းတော်ကပ်။ အဖေနိုးလာရင် မနက်စာအတူစားဖို့ပြင်ဆင်လိုက်တယ်။ စောစောစီးစီးပေမယ့် မချမ်းအေးနိုင်အားပါဘူး။ အဖေ့အရိပ်စစ်က နွေးထွေးနေပြီပဲ။

“အင်း. . . ဟင်း. . . ဟင်း. . . ”

ညည်းသံကြားတော့ အဖေနိုးလာပြီဆိုတာ ဆရာလေးသိတယ်။ အဖေ့ကို ပွေ့ထူပြီး အခန်းပြင်ကို တွဲခေါ်လိုက်တယ်။ ဇရာအိုပေမယ့် လက်စွဲတော် တောင်ဝှေးနဲ့ ကုန်းကုန်းကွကွ လေးလေးပင်ပင် လမ်းလျှောက်နိုင်သေးတယ်။ မျက်နှာသစ်ပေးပြီး ထမင်းစားဖို့ ပြင်ပေးရတယ်။ ဒီနေ့ သားအဖနှစ်ယောက် ထမင်းလက်ဆုံစားမယ်လေ။

“အဖေ့ဖို့ မခူးနဲ့ ဆရာလေး၊ ဆရာလေး ဘာသာဘုဉ်းပေးနှင့်ပါ၊ အဖေပြီးမှ စားမယ်”

“မဟုတ်တာဘဲ အဖေရယ်၊ အတူတူစားလည်းရပါတယ်”

“ကိုယ့်ထက်မြင့်မြတ်တဲ့ သာသနာ့ဝန်ထမ်းနဲ့ အတူတူမစားရဘူး ဆရာလေးရဲ့၊ ဆရာလေးပဲ ဘုဉ်းပေးပါ၊ အဖေ ဆွမ်းဖြည့်ပေးမယ်၊ လိုတာပြောနော်”

နှလုံးသားက သာသနာအပေါ်ကြည်ညိုပြီး သံမဏိလိုခိုင်မာတောင့်တင်းတဲ့ အဖေ့စိတ်ဓာတ်ကို တားလို့မရမှန်း ဆရာလေးသိတယ်။ ပြောပြီးတော့ တောင်ဝှေးတတောက်တောက်နဲ့ မီးဖိုဘက်ကို လေးတွဲ့စွာထသွားတယ်။ အရွယ်ကြီးပေမယ့် ကိုယ့်သမီးအတွက်မို့ ခြေထောက်တွေ ခိုင်နေဆဲ။ ယိုင်နေပေမယ့် မလဲဘူး။ ကြ္ဆွေရရနဲ့ နှစ်လုတ်သုံးလုတ်ဘုဉ်းပေးပြီးတော့ ပန်းကန်သေးသေးလေးထဲ ဆွမ်းထည့်ပြီး အဖေရောက်လာတယ်။

“ဆွမ်းတွေထည့်စားနော် ဆရာလေး၊ ပြီးရင်စာကျက်၊ ဒီနှစ် ဓမ္မာစရိယတန်း ဖြေရမယ်မို့လား”

ဩော် အဖေက အခုချိန်ထိ ပညာရေးကြိုးစားဖို့ ဆုံးမပဲ့ပြင်နေတုန်းပါပဲလား။ အေးမြတဲ့ စုန်ရေစီးသံကို နားထောင်ရင်း ကျလုလုမျက်ရည်ကို အသာထိန်းပြီး မေတ္တာတရားကိုသာ ပွားများနေပါတော့တယ်။ ။

### သင်္ကြန်ရနံ့

မြန်မာ့နှစ်ကူးအပြောင်း
ထူးကောင်းမယ့် ဟန်အသွင်။
သင်္ကြန်ကြိုရေမလျှာပ်က
တစ်တပ်တစ်အား အမှန်ပင်။
ရွှေပိတောက် ပွင့်စေချင်
ပျော်ပျော်ရွှင် ကခုန်မြူး။
တို့ရိုးရာ အပြိုင်နွှဲကြမယ်
ချစ်စရာ့ ဒီတန်ခူး။

ရိုးတံ(ပုလဲနယ်)

### တပေါင်းလ ဥပဒေ

လ တပေါင်း
မစားကောင်း ငါးလေးတွေ။
ဒီရာသီဥတွေရှိ
သိကြပါစေ။
ဥပေါင်းက ထောင်သောင်းကုဋေ
ငါးမျိုးသေ ပျောက်မယ့်အရေး။
ဒီတစ်လကို
ငါးဆိုရှောင် သင်မစားနှင့်
သနားငဲ့တွေး။
လ တပေါင်း
ကောင်းကင်မှ ငှက်လေးတွေ။
ဒီရာသီ အသိုက်ဆောက်
ကောင်ပေါက်ကာနေ။
ဖမ်းဆီးပစ်တော့ ငှက်တွေသေ
အသိုက်ကျန်နေ ငှက်ငယ်များ။
အစာချီ ဘယ်သူကျွေးမလဲ
သင်တွေးပါလား
ရင်လေးစရာတကား။ ။

အာကာလွင်(A1)

ဆောင်းပါး

## ကြယ်မင်းပိုင်

# ငါ ပါ ပါစေ

ဆရာကြီးတစ်ယောက်က ဆုံးမဖူးပါတယ်။ "ငါ မပါရင် မပြီးဘူး"ဆိုတဲ့ စိတ်မျိုးမမွေးနဲ့ တဲ့။ ကျွန်တော် စဉ်းစားကြည့်တော့ ဆရာကြီးရဲ့ ဆုံးမစကားကို အဓိပ္ပာယ်နှစ်မျိုး မြင်မိပါတယ်။ ပထမတစ်မျိုးက မိမိကိုယ်ကို ဘဝင်မြင့်ပြီး လူတွင်ကျယ် မလုပ်ဖို့ ဆုံးမတာ ဖြစ်ပါလိမ့်မယ်။ နောက်တစ်မျိုးကတော့ အကြီးအကဲ ဖြစ်တဲ့အခါ စိတ်မချမှုတွေများပြီး နေရာတကာ ဝင်မပါမိစေဖို့ ဆုံးမတဲ့ စကားလည်း ဖြစ်ပါလိမ့်မယ်။ ကျွန်တော် စဉ်းစားမိတာပါ။

ကျွန်တော့်ရဲ့အတွေးက ဒီလောက်နဲ့တင် မဆုံးပါဘူး။ ကျွန်တော်ဆက်ပြီး တွေးနေမိတယ်။ ငါမပါရင်မပြီးလို့ မတွေးသင့်ဘူးဆိုတော့ ငါမပါလည်း ပြီးတယ်လို့ တွေးလို့ရော ရနိုင်ပါသလား။ နေရာတိုင်းမှာတော့ အဆင်ပြေနိုင်မယ် မထင်ပါဘူး။ အခြေအနေနဲ့ အချိန်အခါအပေါ် မူတည်ပြီး ငါပါသင့်ရင် ပါရမယ်လို့ ကျွန်တော်တွေးမိပါတယ်။ ဒါဟာ ဆရာကြီးရဲ့ ဆုံးမစကားကို ဆန့်ကျင်ခြင်း မဟုတ်ပါဘူး။ ဆရာကြီးရဲ့ ဆုံးမစကားကတစ်ဆင့် ကျွန်တော် အတွေးပွားလိုက်မိခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် ငါမပါလည်း ပြီးတယ်ဆိုတဲ့ လူမျိုးတွေ အများကြီး တွေ့ရပါတယ်။ အများနဲ့ လုပ်ရတဲ့ အလုပ်တွေမှာ ပိုပြီး တွေ့ရပါတယ်။ ငါမပါလည်း ပြီးသွားမှာပဲဆိုတဲ့ စိတ်မျိုးနဲ့ ရေသာခို၊ အချောင်ခိုနေကြတဲ့ လူတွေ၊ မိမိတာဝန်ကို ကျေပွန်အောင် မလုပ်ဆောင်ဘဲ တာဝန်မသိသူတွေ၊ ဒါမှမဟုတ် မသိချင်ယောင် ဆောင်သူတွေ၊ ဆင်ခြေပေးပြီး ရေသာခိုနေကြသူတွေ အဲ့လိုလူတွေ အများကြီးတွေ့ရပါလိမ့်မယ်။ ဒါဟာ ကောင်းတဲ့ အမူအကျင့် တစ်ခုတော့ မဟုတ်ပါဘူး။

ကျွန်တော် တပည့်တွေကို ဆုံးမလေ့ရှိတဲ့ စကားတစ်ခွန်း ရှိပါတယ်။ အဲဒါကတော့ "သားတို့သမီးတို့ စာကျက်ကြပါ၊ စည်းကမ်းရှိကြပါ၊ ဆရာကို ကြောက်လို့ မဟုတ်ဘဲ ကျောင်းသားတာဝန် ကျေပွန်ချင်တဲ့ စိတ်နဲ့ စာကျက်ကြပါ၊ နိုင်ငံကြီးသား ပီသတဲ့စိတ်နဲ့ စည်းကမ်းရှိကြပါ၊ ကြောက်လို့ လုပ်ရတာမျိုး ဘယ်တော့မှ မဖြစ်စေနဲ့" ဆိုတဲ့ စကားဖြစ်တယ်။

တစ်နည်းအားဖြင့် ခိုင်းမှလုပ်တာဟာ ကျွန်စိတ်ဖြစ်တယ်။ ကျွန်တော့်တပည့်တွေကို ကျွန်စိတ်ရှိတဲ့ နွားကလေးတွေ မဖြစ်စေချင်ဘူး။ နိုင်ငံကြီးသား ပီသစေချင်တယ်။ သိပ္ပံမောင်ဝရဲ့ မောင်လူအေးလို တာဝန်ဝါးခြမ်းကို ကြောက်တတ်စေချင်တယ်။ တာဝန်ဝါးခြမ်းကို ကြောက်မှသာ အချောင်မခိုဘဲ တာဝန်ကျေပွန်တဲ့ နိုင်ငံသားကောင်းတွေ ဖြစ်လာမှာ ဖြစ်တယ်။

ခိုင်းမှ (တစ်နည်းအားဖြင့် ) ကြောက်လို့ လုပ်တာ မဟုတ်ဘဲ မိမိအသိစိတ်နဲ့ လုပ်တာကမှ နိုင်ငံကြီးသား ပီသတဲ့ စိတ်မျိုးဖြစ်တယ်။ အဲဒီစိတ်ဓာတ်ကို ငယ်ရွယ်စဉ်ကတည်းက ကလေးတွေကို လေ့ကျင့်ပေးသင့်တယ်။ ဒီနေရာမှာ ဆရာ ဆရာမတွေရဲ့ အခန်းကဏ္ဍက အရေးပါလှတယ်။ တချို့ကလေးတွေဟာ ကျောင်းရဲ့ လှုပ်ရှားမှုတွေမှာ မပါဝင်ဘဲ မဆိုင်သလိုနေကြတာ တွေ့ရတယ်။ ကလေးတွေ မဆိုထားနဲ့။ စံပြဖြစ်ရမယ့် ဆရာ ဆရာမ တချို့တောင် မဆိုင်သလိုနေတာ တွေ့ရတယ်။ ဆရာ ဆရာမများ သတိထားစရာပါ။

ကိုယ်နဲ့မဆိုင်သလို အသာနေခဲ့ကြလို့ အသေနာခဲ့ရတဲ့ သူတွေအကြောင်း ပုံပြင်လေးတစ်ပုဒ်ကို သတိရမိပါတယ်။ တစ်ခါတုန်းက အိမ်တစ်အိမ်မှာ ကြွက်ကလေးတစ်ကောင် ရှိတယ်။ တစ်နေ့မှာ အိမ်ရှင်လယ်သမား လင်မယားနှစ်ယောက်က ဈေးကနေဝယ်လာတဲ့ အထုပ်တစ်ခုကို ဖြေနေတာကို ကြွက်ကလေးက ချောင်းကြည့်နေတယ်။ စားစရာများ ဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ဒါပေမဲ့ အထုပ်ထဲက ပစ္စည်းကို မြင်လိုက်ရတဲ့ အချိန်မှာတော့ ကြွက်ကလေးဟာ ကြောက်ရွံ့တုန်လှုပ်သွားတော့တယ်။ ဘာကြောင့်လဲဆိုတော့ သူမြင်လိုက်ရတာ ကြွက်ထောင်ချောက်တစ်ခု ဖြစ်နေလို့ပါပဲ။

ကြွက်ကလေးဟာ သိပ်ကို ကြောက်လန့်နေခဲ့တယ်။ ဒါကြောင့် အိမ်မှာမွေးထားတဲ့ ကြက်မကြီးဆီကို အားကိုးတကြီးနဲ့ သွားပြောတယ်။ ကြက်မကြီးက "ကြွက်ထောင်ချောက်ဆိုတာ ကြက်အတွက်မှ မဟုတ်တာ၊ ငါနဲ့ မဆိုင်ပါဘူး" လို့ ပြောပြီး အစာရှာမြဲ ရှာနေတယ်၊ ဒီတော့ ကြွက်ကလေးဟာ ဝက်မကြီးဆီကို ပြေးသွားပြီး ပြောပြန်တယ်။ ဝက်မကြီးကလည်း "မင်းအတွက် စိတ်မကောင်းပါဘူး၊ မင်း ကံကောင်းဖို့ ငါဆုတောင်းပေးပါမယ်" လို့ ပြောပြီး သူနဲ့မဆိုင်သလို အိပ်နေတယ်။ သနားစရာ ကြွက်ကလေး ဟာ အစာစားနေတဲ့ နွားဆီကို သွားပြောပြန်တယ်။ နွားက "ကြွက်ထောင်ချောက်က ငါ့ခြေထောက်ကို ညှပ်မှာလား၊ အသက်နဲ့ အဝေးကြီးပါကွာ၊ ဟားဟား" ဆိုပြီး လှောင်ပြောင်ရယ်မောနေတော့တယ်။

အဲဒီညမှာ ကြွက်ထောင်ချောက် မြည်သံကို ကြားလိုက်ရတယ်။ ကြွက်ထောင်ချောက်မှာ မိနေတာက မြွေတစ်ကောင် ဖြစ်တယ်။ လယ်သမားကြီးရဲ့ ဇနီးဟာ ကြွက်မိတယ်ထင်ပြီး အလာမှာ မြွေကိုက်ခံလိုက်ရတယ်။ မြွေကိုက်ခံရတဲ့ ဒဏ်ရာကြောင့် အိပ်ရာထဲမှာ လဲနေတော့တယ်။ လူမမာ အားရှိအောင် ကြက်စွပ်ပြုတ်တိုက်ရမယ်လို့ ဆရာဝန်က ညွှန်ကြားတယ်။ လယ်သမားကြီးဟာ အိမ်မှာမွေးထားတဲ့ ကြက်မကို သတ်ပြီး ကြက်စွပ်ပြုတ် လုပ်လိုက်တယ်။ လယ်သမားကြီးရဲ့ အိမ်ကို လူနာသတင်းမေးတဲ့ ဧည့်သည်တွေ အများကြီး ရောက်လာတယ်။ သူတို့ကို ကျွေးမွေးဖို့အတွက် လယ်သမားကြီးဟာ သူမွေးထားတဲ့ ဝက်ကို သတ်လိုက်တယ်။ ဒီလိုနဲ့ လူနာက မသက်သာဘဲ နောက်ဆုံးမှာ ဆုံးသွားတော့တယ်။ အဲဒီအခါ နာရေးကို လာကြတဲ့ လူတွေကို ကျွေးမွေးဖို့အတွက် လယ်သမားကြီးဟာ နွားကို သတ်လိုက်တော့တယ်။

ဒီပုံပြင်လေးကနေ ကျွန်တော်တို့ ဘာသင်ခန်းစာ ရပါသလဲ။ ကိုယ်နဲ့ မဆိုင်ဘူးလို့ ထင်ထားတဲ့ အရာတချို့ဟာ တစ်ခါတလေမှာ ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင်နေတတ်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ အားလုံးဟာ ဆက်နွှယ်နေတာပါ။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုတာလည်း ဒီသဘောပါပဲ။ အများအကျိုးကို အများကြီး မလုပ်ဆောင်နိုင်ရင်တောင်မှ ကိုယ့်တာဝန်ကိုယ်တော့ ကျေပွန်ကြဖို့ လိုပါတယ်။

တာဝန်သိသူမှာ တာဝန်ရှိတယ်ဆိုတဲ့ စကား ရှိပါတယ်။ တာဝန်သိသူက ငါမပါလည်း ပြီးသွားမှာပဲ ဆိုပြီး အချောင်ခိုလေ့ မရှိပါဘူး။ မိမိနဲ့ သက်ဆိုင်တဲ့ နေရာမှာ မိမိတက်နိုင်သလောက် ပါဝင်လုပ်ဆောင်လေ့ ရှိပါတယ်။ ကျွန်တော်တို့ဟာ အချောင်ခိုတတ်တဲ့စိတ်၊ တာဝန်မယူတတ်တဲ့စိတ် စတဲ့ နိုင်ငံကြီးသား မပီသတဲ့ စိတ်ဓာတ်တွေကို ပြုပြင်ဖို့ လိုပါတယ်။ ပြောင်းလဲဖို့ လိုပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးကို ပြောင်းလဲရာမှာ တစ်ဦးတစ်ယောက်ချင်းစီက ပြောင်းလဲဖို့ လိုပါတယ်။ ဒါမှသာ တစ်ဦးတစ်ယောက်ချင်းစီကနေ တစ်စုတစ်ဖွဲ့၊ တစ်စုတစ်ဖွဲ့ကနေ အဖွဲ့အစည်းကြီး တစ်ခုလုံးဟာ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ။

## ကျွန်တော်တို့ ယော

စိမ်းစိမ်းမို့မို့ တောင်ညိုညို
ယောတို့ဒေသဆို ။
အပြောချိုချို စကားဝဲ
ယောသူယောသားပဲ ။
စွဲစွဲမြဲမြဲ ခင်တတ်တာ
ယောတို့ဓလေ့ပါ။
သိမ်မွေ့ညင်သာ ဟန်ဆောင်ကင်း
ယောတို့ ဂုဏ်ထိန်လင်း။

နေမိုးအိမ် (ရွှေရင်းမြေ)

## လတန်ခူး

- တမာတွေ ပွင့်ဖူး
  လတန်ခူးမြန်မာနွေ။
- ပန်းကံ့ကော် လေပြည်သွေး
  မွှေးပျံ့ကြိုင်ပေ။
- ကုသိုလ်မှုအထွေထွေ
  စုံလေတဲ့နှစ်ဦး။
- မြန်မာ့မြေ
  အလှဝေပိတောက်ပန်းတွေက
  လန်းစွာပွင့်ဖူး။

ဇာနည်အောင်(မန္တလေး)

ဆောင်းပါး

# စာအုပ်များကို ကယ်တင်ကြပါစို့

## မိုးသောက်ထွန်း

စာအုပ်တိုင်း၏မာတိကာတွင် တန်ဖိုးမည်မျှဟူ၍ပါရှိပါသည်။ ဟိုးယခင်ခေတ် ဆယ်ဂဏန်းမှသည် ယနေ့ခေတ် ထောင်ဂဏန်း သောင်းဂဏန်းထိ ဂဏန်းအမျိုးမျိုးဖြင့် ဖော်ပြထားသော စာအုပ်တန်ဖိုးများကို တွေ့မြင်နိုင်ပါသည်။ အမှန်တကယ်တော့ ၎င်းကိန်းဂဏန်းများမှာ စာအုပ်များ၏ ရောင်းဈေးသာဖြစ်ပါသည်။ စာအုပ်တစ်အုပ်၏ တန်ဖိုးအစစ်အမှန်မှာမူ ကိန်းဂဏန်းအချက်အလက်ဖြင့် ဖော်ပြ၍ မစွမ်းသာအောင်ရှိပါသည်။ စာအုပ်များတွင် လေ့လာသင်ယူ၍မကုန်နိုင်သော ပညာရပ်များ၊ ဗဟုသုတများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လမ်းညွှန်အဆုံးအမများ စသည်ဖြင့် ရတနာများစွာ မြှုပ်နှံထားပါသည်။ ထိုရတနာများမှာ တူးဖော်၍မကုန်နိုင်အောင် ရှိလှပါသည်။

စာအုပ်တစ်အုပ်ကြောင့် လူတစ်ယောက်၏ဘဝတစ်ခု ပြောင်းလဲသွားသည်အထိ အကျိုးသက်ရောက်နိုင်ပါသည်။ လူဟူသည်မှာ သူတစ်ပါးကပြောဆိုလာသည်ကို အလွယ်တကူ လက်မခံတတ်သည့်သဘောရှိ၏။ သူလည်းလူ ငါလည်းလူဟူသော အတ္တမာနက ကြားတွင်ခံပြီး နားမဝင်နိုင်ဘဲ ရှိတတ်သည်။ စာအုပ်များကပေးသော အဆုံးအမများကို လက်ခံရယူရာတွင်မူ လူအချင်းချင်း ဆုံးမသည်နှင့်မတူဘဲ ကိုယ်တိုင်ဝေဖန်သုံးသပ်ပြီး "ဒါကတော့ လက်ခံနိုင်တယ်" "ဒီလိုကတော့ ဟုတ်သားပဲ"စသဖြင့် လက်ခံတတ်ကြလေ၏။ စာရေးသူ၏ ကိုယ်တွေ့ပင်ဖြစ်ပါသည်။ စာရေးသူတွင် လူကြီးမိဘများ၏ အဆုံးအမများကို မနာခံသော စိတ်ကြမ်းလူကြမ်းအစ်ကိုတစ်ယောက် ရှိပါသည်။ ထိုအစ်ကိုမှာ အရက်ကိုလည်း ဆယ့်နှစ်ရာသီသောက်သူဖြစ်၏။ အရက်နှစ်လုံးသောက်မှ ရေချိန်ကိုက်သူဖြစ်သည်။ စိတ်ကြမ်းကိုယ်ကြမ်းဖြစ်သလို အပြောအဆိုလည်း ရိုင်းပျပါသည်။ တစ်နေ့တွင် စာရေးသူ၏အစ်ကိုသည် စာအုပ်တစ်အုပ်ကို ဖတ်မိလေ၏။ မကောင်းမှုများပြုသဖြင့် ငရဲရောက်ရသူများအကြောင်း ရေးထားသောစာအုပ် ဖြစ်ပါသည်။ အစ်ကိုသည် ထိုစာအုပ်ကို ဖတ်ပြီးချိန်ကစပြီး အပြောင်းလဲကြီး ပြောင်းလဲသွားလေ၏။ သူစွဲမြဲစွာ သောက်ခဲ့သောအရက်ကို လုံးဝဖြတ်လိုက်၏။ အပြောအဆိုအမူအရာကစ၍ ပြောင်းလဲလိုက်လေသည်။ ပတ်ဝန်းကျင်မှလူအားလုံးက အစ်ကို၏ပြောင်းလဲမှုကိုကြည့်ပြီး မယုံနိုင်အောင်ပင် ဖြစ်ခဲ့ကြရသည်။ စာအုပ်တစ်အုပ်၏တန်ဖိုး စာအုပ်တစ်အုပ်၏တန်ခိုးကို အံ့အားသင့်စရာ ကောင်းလောက်အောင် မြင်တွေ့ခဲ့ရလေသည်။ ခေတ်အဆက်ဆက် သမိုင်းစာမျက်နှာများတွင် စာအုပ်စာပေ၏ကျေးဇူးကြောင့် အောင်မြင်ကျော်ကြားခဲ့ရသော ပုဂ္ဂိုလ်ကြီးများ များစွာရှိခဲ့လေသည်။

ခေတ်အခြေအနေ ငွေကြေးတန်ဖိုးမြင့်တက်မှုအရ စာအုပ်များ၏တန်ဖိုးဂဏန်းများ မြင့်တက်လာသော်လည်း ထုတ်ဝေသည့်အုပ်ရေမှာမူ လျော့ကျလျက်ရှိပါသည်။ အုပ်ရေတစ်ထောင်ဟူသောစာအုပ်မှာ ခပ်ရှားရှားပါ။ အများအားဖြင့် အုပ်ရေငါးရာဆိုသည်မှာ ပုံမှန်စာအုပ်ထုတ်ဝေသော အရေအတွက်အဖြစ် ရပ်တည်နေပါသည်။

ထုတ်ဝေသောစာအုပ်အရေအတွက် ငါးရာဟုဆိုသော်လည်း ထိုစာအုပ်ငါးရာမှာ စာဖတ်သူလက်ဝယ်သို့ အကုန်မရောက်ရှိ။ နာမည်ကျော် စာရေးဆရာတချို့၏ စာအုပ်များမှလွဲ၍ ကျန်သောစာအုပ်များသည် အုပ်ရေငါးရာကုန်အောင်ဖြန့်ဝေနိုင်ဖို့ အတော်ကိုပင်ခက်ခဲစွာ ရုန်းကန်နေကြရ၏။

စာရေးသူတို့နိုင်ငံ၌ စာဖတ်သူအရေအတွက်မှာ တဖြည်းဖြည်းယုတ်လျော့လာလေသည်။ ယခင်က မှိုလိုပေါက်နေသော စာအုပ်ဆိုင်များသည် ယခုအခါ ရှာ၍မတွေ့နိုင်လောက်အောင် ရှားပါးလာပြီဖြစ်သည်။ လုံးဝပျောက်ကွယ်သွားသော နေရာများပင် ရှိနေလေ၏။ စာကြည့်တိုက်များ ဆိုလျှင်လည်း တဖြည်းဖြည်း တိတ်ဆိတ်ခြောက်ကပ်လာသည်။ အမြဲတမ်းသော့ခတ်ထားရသော စာကြည့်တိုက်များပင် ရှိနေလေ၏။ ၎င်းသို့ဖြစ်ရခြင်းမှာ အင်တာနက်ခေတ် ဆန်းသစ်လာခြင်းကြောင့်ဟုဆိုလျှင် မှားအံ့မထင်။ ဆိုရှယ်မီဒီယာများဖြစ်သော Facebook, Viber များတွင် အချိန်များစွာ ဖြုန်းတီးလာကြသည်။ မနက်အိပ်ရာထ မျက်နှာပင်မသစ်နိုင်ဘဲ Facebookစာမျက်နှာပေါ် ရောက်နေကြ၏။ အားလပ်သော အချိန်တိုင်း အွန်လိုင်းပေါ်တွင်သာ အချိန်ဖြုန်းကြ၏။

COC, ML အစရှိသော အင်တာနက်ဂိမ်းများကို စွဲစွဲလမ်းလမ်းဆော့လာကြ၏။ ထမင်းမေ့ဟင်းမေ့ ဆော့ကစားသူများပင်ရှိနေလေ၏။ ထိုဂိမ်းများကြောင့် မိတ်ဆွေသူငယ်ချင်းများကြား နွေးထွေးသော ဆက်ဆံမှုများ အေးခဲလာကြ၏။ ယခင်က လက်ဖက်ရည်ဆိုင်ထိုင်လျှင် စာအကြောင်းပေအကြောင်း ဆွေးနွေးကြသူများသည် ယခုအခါ ဖုန်းကိုယ်စီဖြင့် အင်တာနက်ဂိမ်းများတွင် ကိုယ်စီ စျာန်ဝင်စားနေကြတော့၏။ မျက်နှာချင်းဆိုင်ထိုင်၍ အလှမ်းကွာဝေးနေကြရ၏။

စာရေးသူတို့ နိုင်ငံသားများသည် အင်တာနက်ဟူသော အရာကြီးဖြင့် ယခင်က အလှမ်းကွာလျက်ရှိနေရာမှ ယခုအခါ ပေါပေါများများ အလွယ်တကူ အသုံးပြုခွင့် ရလာကြသောအခါ မထိန်းသိမ်းနိုင်သော အခြေအနေဖြင့် တွေ့ကြုံနေရလေသည်။ ပစ္စည်းအသစ်အဆန်းတစ်ခုရသော ကလေးငယ်တစ်ယောက်နှယ် ဖြစ်နေကြလေ၏။ လက်ကမချနိုင်လောက်အောင် စွဲလမ်းမှု အရှိန်အဟုန် မြင့်တက်နေလေသည်။

၎င်းသို့ဆိုလျှင် စာအုပ်များ၏တန်ဖိုး စာအုပ်များ၏အခန်းကဏ္ဍ ပြန်လည်မြင့်တက်လာဖို့ အင်တာနက်ခေတ်ကို လုံးဝရုပ်သိမ်းလိုက်ရမည်လား။ ထိုသို့ပြုလုပ်၍မရပါ။ ဆန်းသစ်တိုးတက်လာသော ခေတ်စနစ်ကို ရပ်တန့်၍မရနိုင်ပါ။ ရပ်တန့်ဖို့လည်း မသင့်လှပါ။ တိုးတက်လာသော ခေတ်စနစ်အား နည်းစနစ်ကျနစွာ အသုံးပြုတတ်ဖို့ကိုသာ ကြိုးစားကြရပေမည်။ စာရေးသူတို့နိုင်ငံထက် နည်းပညာဖွံ့ဖြိုးသော အင်တာနက်ခေတ်ရှေ့ရောက်နေသော နိုင်ငံကြီးများတွင် စာပေအပေါ် တန်ဖိုးထားမှုများ ရှိနေပါသည်။ ထိုနိုင်ငံကြီးများကို အတုယူ၍ ပြင်ဆင်ကြရပေမည်။

ဉာဏစွမ်းရည်ကို မြေဩဇာလောင်းပေးနေသော စာပေကဏ္ဍများကို ပြန်လည်ဝေဆာလာအောင် အားလုံးဝိုင်းဝန်းကြိုးစားရပေမည်။ ဗီရိုများ၊ သေတ္တာများအထဲ၌ အကျဉ်းကျနေကြသော စာအုပ်များကို အနာဂတ်မျိုးဆက်သစ် လူငယ်များ၏လက်ဝယ်သို့ ရောက်ရှိလာအောင် ကယ်ထုတ်ကြရပေမည်။ ယခုအခါ မြို့နယ်တိုင်းတွင် ဘွတ်ကလပ်များထူထောင်၍ စာပေစကားဝိုင်းများ ပြုလုပ်လာကြ၏။ ၎င်းအချက်သည် စာအုပ်များ၏ လွတ်မြောက်ရာလမ်းစတစ်ခုပင်ဖြစ်ပါသည်။ စာအုပ်များ ပြန်လည်ရှင်သန်ခွင့်ရရန် မျှော်လင့်ချက်ရောင်ခြည်ငယ်ဖြစ်၏။ ထိုရောင်ခြည်နွေးတွင် လူငယ်လေးများ ခိုလှုံလာအောင် မိဘပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ မေးမှိန်လာသော စာပေကဏ္ဍ သေဆုံးပျောက်ကွယ်မသွားခင် အချိန်မီကယ်တင်ကြရပေမည်။ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးသားသမီးများကို စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုရှိလာအောင် ကိုယ်တိုင်ဦးဆောင်၍ လမ်းပြသင့်လှပေသည်။ အနာဂတ်လူငယ်လေးများ၏ ဉာဏစွမ်းရည်မြင့်တက်ဖို့ စာပေကဏ္ဍကို ဝိုင်းဝန်းမြှင့်တင်ပြီး စာအုပ်များကိုကယ်တင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

